ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုအပ်ပြီ**

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏။ တမလွန်ဘဝ၌လည်း နှစ်သက်ရ၏။ ပစ္စုပ္ပန်တမလွန်ဘဝ နှစ်တန်တို့၌လည်း နှစ်သက်ရ၏။ "ငါသည် ကောင်းမှုကို ပြုအပ်ပြီ"ဟု နှစ်သက်ရ၏။ သုဂတိဘုံဘဝသို့ ရောက်ပါမူကား အလွန်နှစ်သက်ရ၏။

ယမကဝဂ်(ဓမ္မပဒ-၁၈)

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့။ 5, Tuesday July 2016 (၈၆၁၃)

# နိုင်ငံခြားသားများ၏ လုံခြုံရေးနှင့် လိုအပ်ချက်များကို တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန် ဒုသမ္မတပြောကြား

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီ အစည်းအဝေးကို နိုင်ငံတော်သမ္မတရုံး အစည်းအဝေး ခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပရာ နိုင်ငံခြား သားများကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်၊ ထွက်သွားလာလျက်ရှိသော နိုင်ငံခြားသားများနှင့်ပတ်သက်၍ နိုင်ငံတော်၏ လုံခြုံရေး ကို ထိပါးမှုမရှိစေရေး၊ တရားဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်မှုပေးနိုင်ရေးနှင့် စိစစ်ကြီးကြပ်မှုပေးနိုင်ရေး တို့အတွက် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ဗဟိုကော်မတီ နှင့် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများ ဆောင်ရွက်ရ မည့်တာဝန်များကို ချမှတ်ပေးထားပြီးဖြစ်ပါကြောင်း၊ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် လုပ်ငန်း များအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က I 24/7 Channel ထူထောင်ထားပြီးဖြစ်၍ ဆက်သွယ်ဆောင်ရွက်နိုင်ပါ ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ နှစ်စဉ် ပိုမိုလာရောက်လည်ပတ်နိုင်ရေးကို ပြက္ခဒိန်နှစ်အလိုက် တိုးမြင့်သတ်မှတ်ထားပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ လှည့်ခရီးသွား ငါးသန်းသတ်မှတ်ခဲ့ရာ နယ်စပ်ဂိတ်များနှင့် အပြည်ပြည်ဆိုင်ရာ ဝင်၊ ထွက်ပေါက်များမှ ၄ ဒသမ ၆၈ သန်း ဝင်ရောက်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတွင်း သို့ ကမ္ဘာလှည့် ခရီးသွား ၅ ဒသမ ၅ သန်း ဝင်ရောက်လာ နိုင်ရန် မျှော်မှန်းထားသည်ကို ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ သိရပါကြောင်း၊ နိုင်ငံတွင်းသို့ ဝင်ရောက်လာ သည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အကာအကွယ် ပေး စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသ စစ်ဆေးရေးစခန်းများတွင် စစ်ဆေးရေးကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိရန် လိုအပ်ကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးမြင့်ဆွေ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ပန်းလှိုင်အိမ်ရာဝင်းအတွင်း၌ အဆင့်မြင့်အိမ်ရာစီမံကိန်းဆောင်ရွက်



ပန်းလှိုင်အိမ်ရာဝင်းအတွင်း၌ အကောင်အထည်ဖော်မည့် အဆင့်မြင့်အိမ်ရာစီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။ (သတင်း စာမျက်နှာ -၁၁)

# ခရီးပေါက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံခရီး

ဆောင်းပါး စာမျက်နှာ - ၇

# နယ်စပ်မှ မော်တော်ဆိုင်ကယ်တင်သွင်းခွင့် တစ်ပတ်လျှင် ဆိုင်ကယ်ငါးစီးခွင့်ပြုပေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၄**

နယ်စပ်ကုန်သွယ်ရေးကဏ္ဍမြင့်တင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာတွင် တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်ကတ် Individual Trading Card(ITC) ဖြင့် နယ်စပ်မှ မော်တော်ဆိုင်ကယ်တင်သွင်းခွင့်ပြုလိုက်ရာတွင် တစ်ပတ်လျှင် လူတစ်ဦးကို ဆိုင်ကယ်ငါးစီးတင်သွင်းခွင့်ပြုလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်း တွင် ပါဝင်နေသော နယ်စပ်ဒေသများရှိ လုပ်ငန်းရှင်ငယ်များ တရားဝင် ကုန်သွယ်မှု ဆောင်ရွက်လာစေရေးနှင့် နယ်စပ်ဒေသကုန်သွယ်မှုတိုးတက်စေ ရေးအတွက် တရားမဝင်တင်သွင်းလျက်ရှိသော မော်တော်ဆိုင်ကယ်တင်သွင်းနေ မှုကို တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လာစေရေးအတွက် ITC ကတ်ဖြင့် ဆောင်ရွက်သူလုပ်ငန်းရှင်များအား ဇွန် ၁၇ ရက်က ကျင်းပခဲ့သည့် ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၆/၂၀၁၆)တွင် မော်တော်ဆိုင်ကယ် တင်သွင်းခွင့်ကို ဖြေလျှော့ခွင့်ပြုလိုက်ခြင်းဖြစ်သည်။

နယ်စပ်ဒေသမှ တရားမဝင် မော်တော်ဆိုင်ကယ် တင်သွင်းနေမှုတွင် အထူးသဖြင့် တရုတ်နိုင်ငံမှ တင်သွင်းမှုများအပေါ် တရားဝင်ကုန်သွယ်မှုဖြစ်စေ ရန် ခွင့်ပြုဆောင်ရွက်လိုက်ခြင်းဖြစ်ပြီး မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးတွင် ITC ကတ် မှတ်ပုံတင်ထားပြီး သက်တမ်းရှိသူ လုပ်ငန်းရှင်တစ်ဦးလျှင် တစ်ရက် ဆိုင်ကယ်တစ်စီးနှုန်းဖြင့် တစ်ပတ်လျှင် မော်တော်ဆိုင်ကယ်ငါးစီး ခွင့်ပြုပေး လျက်ရှိသည်။ တစ်ကြိမ်တည်းဖြင့် စုဆောင်းတင်သွင်းလိုပါကလည်း လိုင်စင် ဆောင်ရွက်ခွင့်ပြုပြီး စမ်းသပ်ကာလတစ်လ စမ်းသပ်ဆောင်ရွက်ကာ လုပ်ငန်း တိုးတက်ဆောင်ရွက်နိုင်မှုအပေါ် မူတည်၍ ITC ကတ်ဖြင့် ကုန်သွယ်မှုပြုထားသော တန်ဖိုးဖြစ်သည့် တစ်ရက်လျှင် ကျပ်သိန်း ၃၀ နှုန်းဖြင့် တစ်ပတ်လျှင် ကျပ်သိန်း ၁၅၀ ခွင့်ပြုထားသော ဘောင်အတွင်း

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



ကြေးမုံ

# မွန်မြတ်သောစေတနာဖြင့် ပေးမကူညီစောင့်ရှောက်

အားကိုးရာမဲ့သည့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စတင်ကူညီစောင့်ရှောက်ပေးတော့မည်ဟု သိရသည်။ မကြာသေးမီကလည်း သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးဥပဒေကြမ်းကို အများပြည်သူသိရှိနိုင်စေရန် အသိပေးထုတ်ပြန်လိုက်ရာ အဆိုပါဥပဒေကြမ်းတွင် သက်ကြီးရွယ်အိုများအား ထိထိရောက်ရောက် ဖေးမစောင့်ရှောက်ပေးနိုင်မည့် အကြောင်းအရာများ မြင်တွေ့လိုက်ရသဖြင့် များစွာဝမ်းမြောက်မိပါသည်။

အဆိုပါဥပဒေကြမ်းအရ အသက် (၆၀)နှင့်အထက် မြန်မာနိုင်ငံသားများအား သတ်မှတ်ထားသည်။ ဥပဒေကြမ်းတွင် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းပြီး တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများကိုပါ တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ထားသည်။ အားကိုးရာမဲ့သက်ကြီးရွယ်အိုများအတွက် အခြေခံစားဝတ်နေရေး၊ လှုပ်ရှားသွားလာရေးနှင့် မဖြစ်မနေကျန်းမာရေးစောင့်ရှောက်မှုခံယူရရှိရေးကိစ္စများ ခံစားခွင့်ရရှိရေးတို့သာမက သင့်တင့်သော ပုံမှန်ဝင်ငွေရရှိရေးနှင့် နေထိုင်မှုအဆင့်အတန်းရရှိရေးတို့အတွက် အထောက်အပံ့ရယူခွင့်၊ စရိတ်ထောက်ပံ့မှုလိုအပ်သော မိဘဘိုးဘွားများက ၎င်းတို့၏ သားသမီး၊ မြေးများထံမှ စရိတ်ထောက်ပံ့မှုရပိုင်ခွင့်၊ နိုင်ငံတော်နှင့် စေတနာရှင်များက ကူညီထောက်ပံ့ငွေကို ရပိုင်ခွင့်တို့အပါအဝင် အခွင့်အရေး ၁၄ မျိုးကို ရရှိခံစားနိုင်မည်ဖြစ်၍ သက်ကြီးရွယ်အိုများအတွက် ယခင်နှင့်မတူသော အထောက်အပံ့ကောင်းများဟု ဆိုရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်၏ ထည့်ဝင်ငွေအပါအဝင် ပြည်တွင်းပြည်ပစေတနာရှင်များနှင့်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများကို ရန်ပုံငွေတစ်ရပ်အဖြစ် ထားရှိပြီး ကျန်းမာရေးနှင့် ဆေးဝါးကုသမှုအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊ အသက်ကြီးသူများ အလုပ်လုပ်ကိုင်နိုင်သော အလုပ်အကိုင်အခွင့်အလမ်းများရှာဖွေပေးခြင်း၊ ဘိုးဘွားရိပ်သာများ တည်ထောင်ဖွင့်လှစ်ပေးခြင်းတို့သာမက သက်ကြီးရွယ်အိုများ၏ အခွင့်အရေးချိုးဖောက်သူများအား အရေးယူဆောင်ရွက်ခြင်း စသည့်အချက်များပါဝင်ပေရာ သက်ကြီးရွယ်အိုများအတွက် မျှော်လင့်မထားသော ပြည့်စုံလုံလောက်သည့် အခွင့်အရေးများဟု ဆိုနိုင်ပါသည်။

အဆိုပါဥပဒေကြမ်းတွင် သက်ကြီးရွယ်အိုများအတွက် တစ်မူထူးခြားရရှိမည့် အခွင့်အရေးနှစ်ခုမှာ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် သယ်ယူပို့ဆောင်ရေးယာဉ်များတွင် အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ခွင့်နှင့် သင့်လျော်သော ယာဉ်စီးခလျှော့ပေါ့ခွင့် သို့မဟုတ် ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်သည် လျော်ကန်သင့်မြတ်ကောင်းမွန်သော ဆောင်ရွက်ချက်ဖြစ်၍ သက်ကြီးရွယ်အိုများအတွက် ဝမ်းမြောက်ဖွယ်ဖြစ်သည်။ လက်ရှိတွင် အများပိုင်ယာဉ်များဖြင့် သက်ကြီးရွယ်အိုများသွားလာရာတွင် ဂါရဝေါစ၊ နိဝါတောစ တရားများကွယ်ပျောက်လုပြီဖြစ်သည်။ လုယက်တိုးဝှေ့စီးနင်းရသော အများပိုင်ယာဉ်များကို သက်ကြီးရွယ်အိုများစီးနင်းဖို့ အခွင့်အရေးမရှိသလောက်ပင်ဖြစ်သည်။ လူငယ်လူရွယ်များပင် ရုန်းကန်တိုးဝှေ့ စီးနင်းရသောယာဉ်များတွင် သက်ကြီးရွယ်အိုများအဖို့ အနားသို့ပင် ကပ်နိုင်ရန်အခွင့်အရေးမရှိချင်။ စီးမိပြန်လျှင်လည်း သက်ကြီးရွယ်အိုများဟူ၍ အလေးထားသူများ မရှိသလောက်ဖြစ်နေသည့် အခြေအနေ အချိန်အခါဖြစ်သည်။ ထို့ကြောင့် အဆိုပါဥပဒေကြမ်း အမြန်ဆုံးပေါ်ထွက်လာရေးကိုသာ သက်ကြီးရွယ်အိုများ ကြိုဆိုစောင့်မျှော်မိမည်ဖြစ်သည်။

သက်ကြီးရွယ်အိုဘဝ ရောက်နေပြီဖြစ်သည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက် မျှော်လင့်ချက်ရောင်ခြည်ပင်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အားကိုးရာမဲ့၊ ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများအတွက် ပို၍ပင်အားကိုးမျှော်လင့်မိမည်ဖြစ်သည်။ ဘာသာတရားကိုအခြေခံသော မြန်မာနိုင်ငံ၌ မျက်မှောက်ကာလတွင် ဂါရဝတရားများ၊ မေတ္တာတရားများ၊ ကျေးဇူးတရားများ ပါးလျားလာသည်မှာ အမှန်ပင်ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် အထောက်အပံ့ အစောင့်အရှောက်ကောင်းများပါဝင်သည့် အဆိုပါဥပဒေကြမ်းကို အကောင်အထည်ဖော်ခြင်းသည် ဗြဟ္မစိုရ်တရားထွန်းကားသော နိုင်ငံအဖြစ် ပြန်လည်ထူထောင်လိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းအား ပြန်လည်ကျင်းပတော့မည့် ဒုတိယအကြိမ် လွှတ်တော်များ၏ ဒုတိယအစည်းအဝေးများတွင် အမြန်ဆုံးတင်ပြဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ချက်များနှင့်အတူ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ပြည်သူများက လိုလားကြမည်ဖြစ်သည်။ ထို့နောက် ကော်မတီများ ဖွဲ့စည်းပြီးနောက် ဥပဒေပါအတိုင်း တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ထိထိရောက်ရောက်ဆောင်ရွက်ခြင်းဖြင့် သက်ကြီးရွယ်အိုများအား ကူညီစောင့်ရှောက်ပေးနိုင်စေရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဇူလိုင် ၄**

နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များမြှင့်တင်ရန်အတွက် နည်းပညာနှင့် သက်မွေးပညာရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း၊ လူငယ်များ ပြုစုပျိုးထောင်ရာတွင် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် အခြေခံပညာကို ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြုစုပျိုးထောင်ပေးမည်ဖြစ်ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့် နိုင်ငံ၏ အလုပ်သမားလိုအပ်ချက်များအတွက် အဓိကလေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း ယမန်နေ့ ညနေ ၃နာရီခွဲက ကုန်သည် စက်မှုလက်မှုအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပညာရေးကဏ္ဍအနေဖြင့် အဆင့်သုံးဆင့်ရှိကြောင်း၊ အခြေခံပညာရေး၊ နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေးနှင့် အဆင့်မြင့်ပညာရေးကဏ္ဍများဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ငါးနှစ်အရွယ်ကလေးသည် နိုင်ငံတကာတွင် ကျင့်သုံးသည့် KG စနစ်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း၊ ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးလေ့ကျင့်ရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံအတွက် လွန်စွာအရေးကြီးကြောင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် သင်တန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက်ပြီး ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘွဲ့ရလူငယ်များ ပျိုးထောင်ရာတွင် အလုပ်သမားဈေးကွက်တွင် ထည့်သွင်းလာနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ခြင်း၊ အစီအစဉ်များချမှတ်ခြင်း၊ အများပြည်သူအခန်းကဏ္ဍနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများကို ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရန် အားလုံးက စိတ်ရှည်ရှည်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကုန်သည် စက်မှုအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့မှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဖွဲ့အစည်းများမှ ဆောင်ရွက်ချက်များအား တင်ပြကြရာ တက်ရောက်လာကြသူများက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုကုန်သည်အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် လုပ်ငန်းကုန်သွယ်ခွန်မှ ငါးရာခိုင်နှုန်း အသုံးပြုသွားမည်

**မကွေး ဇူလိုင် ၄**

ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးမှုများဖြစ်ပေါ်စေရန်အတွက် လုပ်ငန်းစဉ် ခုနစ်ရပ်ကို ချမှတ်ဆောင်ရွက်နေသည့်အပြင် အောင်ဘာလေထီ ၅၀၀ ကျပ်တန်ထီအမျိုးအစားကို တိုးချဲ့ထုတ်ဝေရန်ဆောင်ရွက်ခြင်း၊ ဖုန်းခေါ်ဆိုခအပေါ်မှ ကောက်ခံရရှိသည့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးရှိစေမည့် ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ထိထိရောက်ရောက်အသုံးပြုခြင်းဖြင့် ပြည်သူတို့အပေါ် ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်နေသလို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်ကို ပြည်သူများသိရှိထားရမှာဖြစ်ပြီး နိုင်ငံတော်အနေဖြင့် အခွန်ကောက်သင့်တင့်စွာ ရရှိမည်သာဖြစ်ကြောင်း ဇွန်လကုန်ပိုင်းက အခွန်ဆိုင်ရာရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောကြားသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး အခွန်ဦးစီးမှူး ဦးကျော်သိန်းက အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲမှုများအား ဆွေးနွေးပြောကြားပြီး ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများကိုလည်းကောင်း၊ အထူးကုန်စည်ခွန်ဥပဒေများကိုလည်းကောင်း တာဝန်ရှိသူများက အသီးသီးရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သူနှင့် ကုန်သွယ်ခွန်အများဆုံး ထမ်းဆောင်သူများကို ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# ဆေးဝါးအတုမရောင်းရန် အသိပေးရှင်းလင်း

**ရေး ဇူလိုင် ၄**

ရေးမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီမှ ဆေးဆိုင်များတွင် ဆေးဝါးအတုများ ရောင်းချခြင်းရှိ၊ မရှိကို ရှောင်တခင် စစ်ဆေးသွားမည်ဖြစ်ရာ ဆေးဆိုင်ပိုင်ရှင်များအား ကြိုတင်အသိပေးခြင်းကို ယနေ့တွင် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ် ဒေါက်တာမေစန်းချိုက ဆေးဝါးရောင်းချခွင့်နှင့် ပတ်သက်ပြီး ဥပဒေနှင့်ကြေညာချက်များကို လိုက်နာကြရန် ရှင်းလင်းပြောကြားသည်။ **မြို့နယ် (ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ ဒီဗီ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

## ပြည်တွင်းရေးရာ

❒ **ရှေ့ဖုံးမှ**

ထို့ပြင် တစ်ဖက်တွင် ခရီးသွားလုပ်ငန်းကို မြှင့်တင်ရမည်ဖြစ်ပြီး တစ်ဖက်တွင် လုံခြုံရေးကို အထူးဂရုပြုကြရမည်ဖြစ်ကြောင်း၊ ဗီဇာဖြင့် ဝင်ရောက်မှုများအပြင် Black List များကို သေချာစွာ စိစစ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားများ၏ လုံခြုံရေးနှင့်လိုအပ်ချက်များကို တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်ပြီး နှောင့်ယှက်ဖျက်ဆီးလိုသူများကို စေ့စပ်သေချာစွာ စိစစ်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းအောင်မြင်ရန် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီ ၆ ရပ်ဖွဲ့စည်းထားမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုကော်မတီဝင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဗီဇာလျှောက်ထားနိုင်မှုအခြေအနေများ၊ နယ်စပ်ဝင်ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ထွက်မှုအခြေအနေများ၊ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ထုတ်ပေးမှုနှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေများအရ တရားစွဲဆိုမှုအခြေအနေများကိုလည်းကောင်း၊ ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က နိုင်ငံခြားသားများ လုံခြုံစွာခရီးသွားလာနိုင်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းဆွေးနွေးမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

## ရပ်ကျေးအခြေပြု ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဆင်း

**ပျဉ်းမနား ဇူလိုင် ၄**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်ကြက်ခြေနီအသင်းခွဲမှဦးစီး၍ ရပ်ကျေးအခြေပြု ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းအမှတ်စဉ် (၁/၂၀၁၆)သင်တန်းဆင်းပွဲအား ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ဝဲကြီးကျေးရွာတွင် ဇူလိုင် ၂ ရက် ညနေ ၃ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒက္ခိဏခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မာကြူမင်း(နေပြည်တော် တိုင်းပညာရေး)က အဖွင့်အမှာစကားပြောကြားပြီး ကြက်ခြေနီ ဦးစီးမှူး(ပထမတန်း) ဦးတင်ငွေ၊ ပျဉ်းမနားမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာအောင်မြင့်ဦး၊ ခုတင်(၂၀၀)ဆေးရုံအုပ်ကြီး ပျဉ်းမနားတို့က ကြက်ခြေနီလှုပ်ရှားမှုအကြောင်း သိကောင်းစရာများကို ဟောပြောပို့ချခဲ့သည်။ ဆုရသင်တန်းသူ သင်တန်းသားများအား ဆုများချီမြှင့်ပြီး သင်တန်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ပြဇာတ်သရုပ်ဖော်ကပွဲ ကျင်းပမည်

**မန္တလေး ဇူလိုင် ၄**

(၆၉) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဘဝသရုပ်ဖော် ဇာတ်လမ်းတိုကပွဲကို ဇူလိုင် ၁၈ ရက်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ် ၅၅ လမ်းနှင့် ၄၁ လမ်းထောင့် ကံတက်ကုန်း မစိုးရိမ်ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာတော့ ထူးထူးခြားခြားလေးအနေနဲ့ ကလေးတွေ စိတ်ထဲမှာ လေးစားအတုယူစရာကောင်းတဲ့ အာဇာနည်ကြီးတွေရဲ့ ဘဝနေထိုင်မှုတွေ၊ အဆိုအမိန့်တွေကို ၁၀ မိနစ်လောက်ကြာတဲ့ သရုပ်ဖော်ပြဇာတ်ကပြဖို့ ရှိပါတယ်။ အရင်နှစ်တွေလို ပြိုင်ပွဲတွေလည်း ကျင်းပမယ်။ ဆုတွေလည်းပေးမယ်"ဟု ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းလှိုင်ဦးက ပြောသည်။



ကံတက်ကုန်း မစိုးရိမ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ယမန်နှစ်က အာဇာနည်နေ့အခမ်းအနား ကျင်းပစဉ်။

အာဇာနည်နေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ စာစီစာကုံး၊ ကဗျာရွတ်ဆိုပြိုင်ပွဲများအား ဇူလိုင် ၁၄ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ၁၈ ရက်တွင် ဇာတ်လမ်းတို ပြဇာတ်ကပွဲနှင့်အတူ ဆုပေးပွဲများလည်း ကျင်းပမည်ဖြစ်သည်။

ထို့ပြင် (ဇူလိုင် ၁၉) ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျောင်းဝင်းအတွင်း အလေးပြုအခမ်းအနား ကျင်းပသွားမည်ဖြစ်ကာ ဆရာ ဆရာမများနှင့်အတူ ကျောင်းသား ကျောင်းသူများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဓာတ်ပုံများ ကိုင်ဆောင်၍ လွမ်းသူ့ပန်းခွေများကိုင်ကာ ချီတက်ကြမည်ဖြစ်ကြောင်း သိရသည်။**(အောင်ရဲသွင်)**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်

**နေပြည်တော် ဇူလိုင် ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု) ဝန်ထမ်းများ၏ ကျောင်းနေ သား/သမီးများအား ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်အမှာစကားပြောကြားပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုများနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝန်ထမ်း သား/သမီးများအား ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။




၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသည့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့အား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များတွင် ပညာသင်ကြားနေသော ဝန်ထမ်းသား/သမီးများဖြစ်သည့် မူလတန်း ၃၅၄ ဦး၊ အလယ်တန်း ၃၀၅ ဦး၊ အထက်တန်း ၂၃၇ ဦးနှင့် တက္ကသိုလ်/ကောလိပ်များမှ ၁၆၄ ဦး စုစုပေါင်း ၁၀၆၀ တို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်သံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် SBS Contents Hub ၏ ဥက္ကဋ္ဌ Mr. Shin, Dong Wook နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် SBS တို့အကြား ပူးပေါင်းရိုက်ကူးထုတ်လုပ်နိုင်မည့် အလားအလာ၊ နည်းပညာများနှင့် အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်မည့်အခြေအနေ၊ မြန်မာ့ရုပ်သံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

## ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းဖွင့်

**ဒေးဒရဲ ဇူလိုင် ၄**

ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် မွန်းတည့် ၁၂ နာရီက ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ မြတ်ပညာစာကြည့်တိုက်၌ ကျင်းပရာ ဒေးဒရဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်တင်အုန်းနှင့် NFPE မှ တိုင်းကြီးကြပ်ရေးမှူး ဦးသန်းဌေးတို့က ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။ ဆက်လက်၍ အုန်းပင်ကျေးရွာ စေတနာရှင်များက ကျောင်းပြင်ပ မူလတန်းပညာရေးတွင် တက်ရောက်သင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**(သပြေထွန်း)**



# တရုတ်သမ္မတဟောင်း ဟူကျင်တောင်၏ထိပ်တန်းလက်ထောက်ဟောင်း ခြစားမှုကြောင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်

**ပေကျင်း ဇူလိုင် ၄**
တရုတ်သမ္မတဟောင်း ဟူကျင်တောင်၏ တစ်ချိန်ကထိပ်တန်းလက်ထောက်တစ်ဦးဖြစ်ခဲ့ဖူးသူအား တံစိုးလက်ဆောင်များလက်ခံမှု၊ နိုင်ငံတော်လျှို့ဝှက်ချက်များ တရားမဝင်ရယူမှုနှင့် အာဏာအလွဲသုံးစားမှုဖြင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းဌာန ဆင်ဟွာက ရေးသားဖော်ပြသည်။

သံသယဖြစ်ဖွယ်ရာ စည်းကမ်းချိုးဖောက်မှုများကြောင့် လင်ကျိဟွာအပေါ် စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ကြောင်း တရုတ်ကွန်မြူနစ် ပါတီက ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ကြေညာခဲ့သည်။ တရုတ်နိုင်ငံတွင် ၂၀၁၇ ခုနှစ် မတိုင်မီ အာဏာရပါတီ၏ ထိပ်တန်းအဆင့်မြင့်တာဝန်ရှိသူ အပြောင်းအလဲမပြုလုပ်မီ အာဏာဆက်လက်ခိုင်မြဲစေရန်နှင့် ယခင်သမ္မတများ၏ ဩဇာလွှမ်းမိုးမှုများ တွန်းလှန်ဖယ်ရှားနေသည်ဟု ဝေဖန်ခံနေရသူ တရုတ်သမ္မတ ရှီကျင့်ဖျင်၏ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးလုပ်ငန်းတွင် လင်မှာ အရေးပါသောပစ်မှတ်များအနက် တစ်ဦးဖြစ်ခဲ့သည်။

ဆင်ဟွာသတင်းဌာန၏အဆိုအရ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံညီလာခံ၏ ဒုတိယဥက္ကဋ္ဌဟောင်း လင်ကအပြစ်ရှိကြောင်း ထွက်ဆိုခဲ့ပြီး တီယန်ကျင်း ပြည်သူ့တရားရုံး၏ဆုံးဖြတ်ချက်ကို အယူခံမဝင်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ လင်မှာ ၂၀၀၇ ခုနှစ်တွင် ကွန်မြူနစ်ပါတီ၏ ဩဇာကြီးမားသော အထွေထွေအုပ်ချုပ်ရေးရုံးညွှန်ကြားရေးမှူးရာထူး ရယူပြီးနောက် တရုတ်သမ္မတဟောင်း ဟူကျင်တောင်၏ အဓိကလက်ထောက်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လင်ကို တစ်ချိန်က ပါတီခေါင်းဆောင်ပိုင်းအထိ လျာထားခဲ့သော်လည်း ၂၀၁၂ ခုနှစ်က ပေကျင်းမြို့တော်တွင်ဖြစ်ပွားခဲ့သော မြန်နှုန်းမြင့် ဖာရာရီကားတိုက်မှုတစ်ခုအတွင်း သားဖြစ်သူသေဆုံးခဲ့မှုကို ပြည်သူ့လုံခြုံရေး အာဏာပိုင်ဟောင်း ကျိုယောင်ကန်၏အကူအညီဖြင့် သံသယဖြစ်ဖွယ်ဖုံးဖိခဲ့မှုကြောင့် ၎င်းမှာ ဩဇာကြီးမားသောရာထူးနေရာမှ ရာထူးအဆင့်လျှော့ချခံခဲ့ရသည်။

**ကျိုဒိုနယူးစ်။**

# အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်၌ လုံခြုံရေးကို တပ်လှန့်ထား

**ဒါကာ ဇူလိုင် ၄**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယနှင့် ထိစပ်နေသော နယ်စပ်ဒေသ၌ နယ်ခြားဒေသ လုံခြုံရေးတပ်ဖွဲ့က လုံခြုံရေးကို တပ်လှန့်ထားကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဘာသာရေးပွဲတော်ကာလအတွင်း နယ်ခြားဒေသလုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များ နိုးနိုးကြားကြားရှိနေရန် တပ်လှန့်ထားကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာ၌ ဇူလိုင် ၁ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် နယ်ခြားဒေသ လုံခြုံရေးတပ်ဖွဲ့က အထူးစစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

နယ်ခြားဒေသ လုံခြုံရေးတပ်ဖွဲ့သည် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ **ရိုက်တာ။**

# ဘဂ္ဂဒက်ဗုံးပေါက်ကွဲမှုတွင် သေဆုံးသူ ၁၆၀ ကျော်ရှိ



**ဘဂ္ဂဒက် ဇူလိုင် ၄**
အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် တနင်္ဂနွေနေ့က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကလေးသူငယ်များအပါအဝင် သေဆုံးသူ ၁၆၀ ကျော်ရှိပြီး လူပေါင်း ၂၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြသည်။

ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယိုက်ဘာသာဝင်အများစုနေထိုင်ရာ ခရိုင်ကို ဗုံးဖောက်ခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်မှာ မိမိတို့လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်အဖွဲ့က ပြောကြားသည်။ ဗုံးပေါက်ကွဲသည့်နေရာ၌ ကယ်ဆယ်ရေးသမားများက အပျက်အစီးများအောက်တွင် ပျောက်ဆုံးနေသူ ၃၀ ကျော်ကို ရှာဖွေလျက်ရှိသည်။

ဗုံးပေါက်ကွဲသည့်နေရာသို့ အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါ အယ်လ် အဘာဒီ လာရောက်ခဲ့သော်လည်း ဒေါသထွက်နေသည့် လူစုလူဝေးက အော်ဟစ်ဝေဖန်တုံ့ပြန်ခဲ့ကြသည်။ အီရတ်ပြည်သူများကြားတွင် ၎င်းတို့၏ အစိုးရသည် နိုင်ငံသားများကို အိုင်အက်စ်အကြမ်းဖက်အဖွဲ့ရန်မှ ကာကွယ်ပေးနိုင်ခြင်းမရှိဟု ယုံကြည်မှုများ တိုးပွားလာလျက်ရှိသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။ မွတ်စလင်ဘာသာဝင်တို့၏ ရာမာဒန်ဥပုသ်ကာလပြီးဆုံးမှုအထိမ်းအမှတ်ပွဲ ကျင်းပရန် ပြင်ဆင်နေသူများကို တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများသည် လူ့အသက်ကို လုံးဝတန်ဖိုးမထားဂရုမစိုက်သူများ ဖြစ်ကြသည်ဟု ဘန်ကီမွန်းက ပြစ်တင်ဝေဖန်ခဲ့သည်။

ထို့ပြင် ဘန်ကီမွန်းက အီရတ်ပြည်သူများအနေဖြင့် စည်းလုံးညီညွတ်ကြရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဖြစ်နိုင်သမျှ အမြန်ဆုံးဖမ်းဆီးအရေးယူရန်လည်း အီရတ်အစိုးရကို တိုက်တွန်းခဲ့သည်။ **အင်န်အိတ်ချ်ကေ။**



# ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအနီး ဗုံးပေါက်ကွဲ

**ဂျက်ဒါ ဇူလိုင် ၄**
ဆော်ဒီအာရေဗျနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့ကြီးဖြစ်သော ဂျက်ဒါမြို့ရှိ အမေရိကန် ကောင်စစ်ဝန်ရုံးအနီးတွင် ဇူလိုင် ၄ ရက် နံနက်အစောပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အသေခံဗုံးခွဲသူတစ်ဦး သေဆုံးခဲ့ရပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံ၌ နှစ်ပေါင်းအတန်ကြာကာလအတွင်း ပထမဆုံးအကြိမ် နိုင်ငံခြားသားများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

အသေခံဗုံးဖောက်ခွဲသူသည် အမေရိကန်ကောင်စစ်ဝန်ရုံးနှင့် မျက်နှာချင်းဆိုင်ရှိ ဆေးရုံတစ်ရုံ၏ပြင်ပ၌ ကားကိုရပ်တန့်ကာ နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးဝန်ထမ်းနှစ်ဦးက အဆိုပါကားအနီးသို့ ချဉ်းကပ်လာနေချိန်တွင် ဗုံးပေါက်ကွဲခဲ့ပြီး ၎င်းတို့နှစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးပြောခွင့်ရ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး နိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် နာရီပိုင်းအကြာတွင် ယင်းနေရာ၌ပင် နောက်ထပ် ဗုံးပေါက်ကွဲမှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။ နောက်ထပ်ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုများသည် ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့ရှာဖွေတွေ့ရှိသော ဗုံးများကို ထိန်းထိန်းသိမ်းသိမ်း ဖောက်ခွဲခဲ့သည်ဟု ယူဆရကြောင်း သတင်းတွင်ဖော်ပြသည်။

မော်တော်ယာဉ်များ၏ နောက်ကွယ်တွင် အကာအကွယ်ယူထားသော ရဲတပ်ဖွဲ့ဝင်များက ပေါက်ကွဲသံပေါ် ထွက်လာချိန်တွင် ၎င်းတို့၏နားများကို လက်ဖြင့် အုပ်ထားပုံကို မျက်မြင်တွေ့ရှိသူတစ်ဦးက မှတ်တမ်းဗီဒီယို ရိုက်ကူးခဲ့သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက မှတ်ချက်ပေးပြောကြားခြင်း မရှိပေ။ **ရိုက်တာ။**

# မီးသတ်တာဝန်ထမ်းဆောင်နေသော ရုရှားလေယာဉ် ဆိုက်ဘေးရီးယားဒေသ၌ ပျက်ကျ၊ ရှစ်ဦးသေဆုံး

**မော်စကို ဇူလိုင် ၄**
ဆိုက်ဘေးရီးယားဒေသတွင် မီးသတ်တာဝန်ထမ်းဆောင်နေသည့် ရုရှားလေယာဉ်တစ်စင်းပျက်ကျမှု ဖြစ်ပွားရာ အနည်းဆုံး ရှစ်ဦးသေဆုံးကြောင်း ရုရှားသတင်းဌာနများက ဇူလိုင် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရုရှား ရှာဖွေကယ်ဆယ်ရေး လုပ်သားများသည် အီလူးရှင်း(၇၆) အမျိုးအစား ကုန်တင်လေယာဉ်ပျက်ကို ဇူလိုင် ၄ ရက် နံနက် အစောပိုင်းတွင် အာကူတက်စ်ဒေသ၌ ရှာဖွေတွေ့ရှိခဲ့သည်ဟု အရေးပေါ်လုပ်ငန်းများ ဝန်ကြီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထူထပ်သော သစ်တောအတွင်း လေယာဉ် ကိုယ်ထည်အစိတ်အပိုင်းများ အပိုင်းပိုင်း ပြန့်ကျဲနေပုံကို အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်သော ကြေညာချက်၏ မှတ်တမ်းဓာတ်ပုံတွင် ဖော်ပြထားသည်။



မီးသတ်တာဝန်ထမ်းဆောင်နေသည့် အီလူးရှင်း(၇၆) အမျိုးအစား ကုန်တင်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အဆိုပါ လေယာဉ်ပေါ်တွင် လူ ၁၀ ဦး လိုက်ပါလာသည်ဟု ခန့်မှန်းရပြီး လေယာဉ်ပျက်ကျရာနေရာအနီးတွင် သေဆုံးသူ ခြောက်ဦးတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရသည်။ လေယာဉ်နှင့်အတူ လိုက်ပါလာသူများအနက် အချို့မှာ ပျောက်ဆုံးနေသဖြင့် သေဆုံးသူအရေအတွက် တိုးမြင့်လာဖွယ်ရှိသည်။

ရှာဖွေရေးနှင့် ကယ်တင်ရေးအဖွဲ့တစ်ဖွဲ့သည် မြေပြင်နှင့် ဝေဟင်မှ ရှာဖွေလျက်ရှိသည်။

ရုရှားနိုင်ငံတွင် လေယာဉ် မတော်တဆမှုဖြစ်ရပ်များ ဖြစ်ပွားခဲ့ခြင်းအတွက် ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

အိုင်အယ်လ်(၇၆) အမျိုးအစား လေယာဉ်များကို ဆီးရီးယားပြည်တွင်းစစ် ကာလအတွင်း ရုရှားလေတပ်၏ စစ်ဆင်ရေးလုပ်ငန်းများတွင် အသုံးပြုခဲ့သည်။

**ဆင်ဟွာ။**

# ရန်ကုန်ဘူတာကြီး ရထားရဲစခန်း(ရန်ကုန်)နှင့် အမှတ်(၃) တပ်ဖွဲ့ခွဲမှူးရုံးတို့အား ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးကျော်ဆွေ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၄**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယပိုလ်ချုပ်ကြီးကျော်ဆွေသည် ဇူလိုင် ၂ ရက်က ရန်ကုန်ဘူတာကြီး စခန်းသာအစည်းအဝေးခန်းမသို့ရောက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် နေဝင်းက ရထားရဲတပ်ဖွဲ့သမိုင်းနှင့် ရထားရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)၏ လုံခြုံရေးဆောင်ရွက်မှု တပ်ဖြန့်ခွဲမှုတို့အား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ဘူတာကြီး ရန်ကုန်ရထားရဲစခန်းနှင့် အမှတ်(၃) တပ်ဖွဲ့ခွဲမှူးရုံးတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**




**ဧရာဝတီ တိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ် ပန်းပုကွင်းကျေးရွာ နဂါးရစ်တောင် ဓမ္မပါလတောရကျောင်း၌ သီတင်းသုံးလျက်ရှိသော နဂါးရစ်တောင် ဆရာတော် ဦးဝိသုဒ္ဓနှင့် တပည့်သားသမီးများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ကျောက်ကပ်သွေးသန့်စင်ငွေပဒေသာပင် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ရဲထွန်း လက်ခံယူစဉ်။**

(ကြေးမုံ)




# သဘာဝဘေးအန္တရာယ်ကူညီစောင့်ရှောက်ရေး ကရင်ပြည်နယ်သို့ အလှူငွေလှူဒါန်း

**ဘားအံ ဇူလိုင် ၄**

ဒေသအတွင်း သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေးလိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်နှင့် အခြားသောဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၌ အသုံးပြုနိုင်ရန် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) က ကရင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ဇူလိုင် ၄ ရက် နံနက်က ကရင်ပြည်နယ်အစိုးရအဖွဲ့ထံသို့ ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်က ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီး၊ ရေလျှံ၊ မြေပြိုမှု စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များ ပူးပေါင်း၍ သော်လည်းကောင်း၊ ခက်ခဲပင်ပန်းစွာ လူအား၊ ငွေအားနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်၍ ဝေးသီခေါင်လံသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထိုအတွေ့အကြုံတို့ကို အခြေခံ၍ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယခုကဲ့သို့လှူဒါန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သိန်း ၁၀၀၀ ကို ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လက်ခံရယူပြီး ကရင်ပြည်နယ် ပြည်သူလူထုကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။



BFM သည် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀၀ စီ ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်သည့်အပြင် ဇွန် ၂၇ ရက်ကလည်း တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး မွေးကင်းစလူနာဆောင်တွင် လိုအပ်လျက်ရှိသော Oxygen Generator စက်ဝယ်ယူရန်အတွက် ငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်းလည်း သိရသည်။

**(၀၁၀)**

# စာပေဗိမာန်စာမူဆု (၂၀၁၅)ပြိုင်ပွဲ၊ ဘာသာပြန်စာမူအတွက် ပြိုင်ပွဲဝင်စာမူများပေးပို့နိုင်

**ရန်ကုန် ဇူလိုင် ၄**

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Editor Tapan Biswal တည်းဖြတ်သည့် "GOVERNANCE &CITIZENSHIP" စာအုပ်မှ"Governance" "Citizenship" "The Concept of Good Governance"နှင့်"Rights and Obligations of Citizens and Civic Culture" အခန်းလေးခန်းကို ထုတ်နုတ်ပြဋ္ဌာန်းကြောင်း၊ ယင်းစာအုပ်ကို ရန်ကုန်မြို့ကုန်သည်လမ်း အမှတ်(၅၂၉-၅၃၁) စာပေဗိမာန်အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်ကြောင်း၊ ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း၊ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၁၇၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍မှာယူနိုင်ကြောင်း၊ ဘာသာပြန်စာမူကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိ(စီမံ) စီမံရေးရာဌာနစု စာပေဗိမာန်အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖေဖော်ဝါရီ ၂၅ ရက်၌ နှိုးဆော်ကြေညာပြီးဖြစ်သည်။

သို့ပါ၍ စာပေဗိမာန်စာမူဆု (၂၀၁၅) ပြိုင်ပွဲ ဘာသာပြန်စာမူဆုအတွက် ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ပြိုင်ပွဲဝင်စာမူများကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဦးစီးအရာရှိ(စီမံ) စီမံရေးရာဌာနစု စာပေဗိမာန်အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ကြရန် စာပေဗိမာန်က ထပ်မံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထိခိုက်သွားသောအိမ်ထောင်စုများအား ကူညီထောက်ပံ့ငွေများ ပေးအပ်

**ညောင်လေးပင် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဂျို့ပင်ကျေးရွာအုပ်စု သိင်္ဂီကျေးရွာတွင် ဇူလိုင် ၃ ရက်က ရုတ်တရက်တိုက်ခတ်သွားသော လေဆင်နှာမောင်းကြောင့် လူနေအိမ်ခုနစ်လုံး အိမ်အမိုးများပွင့်၍ ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

လေဆင်နှာမောင်းတိုက်ခတ်ရာသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်၏စီစဉ်မှုဖြင့် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းလွင်နှင့် ပြွန်တန်ဆာမြို့ ရွှေဇာမြေ လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူများသည် ချက်ချင်းသွားရောက်၍ ထိခိုက်ပျက်စီးမှုများအားကြည့်ရှုကာ ထိခိုက်ပျက်စီးသွားသော နေအိမ်ခုနစ်လုံးမှ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ထို့နောက် လေဘေးသင့်မိသားစုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသော တစ်အိမ်ထောင်လျှင် ငွေကျပ်နှစ်သောင်းနှုန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်းနှုန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်းနှုန်း၊ ရွှေဇာမြေ လူမှုကူညီရေးအသင်းမှ တစ်အိမ်ထောင်လျှင် ငွေကျပ်တစ်သောင်းနှုန်း အလှူငွေများအား မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးလွင်ဖြိုးအောင်၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဦးစိုးဝင်း၊ ရွှေဇာမြေလူမှုရေးကူညီရေးအသင်းမှ တာဝန်ရှိသူတစ်ဦးတို့က ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

◆

# ပန်းတနော်မြို့နယ်တွင် မိုးစပါးစိုက်ပျိုး

**ပန်းတနော် ဇူလိုင် ၄**

မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ် သိပ္ပံနည်းကျမိုးစပါးစိုက်ပျိုးပွဲကို ကျုံတုံးကြီးအုပ်စု ကွင်းအမှတ် (၅၃၄) တောင်သူ ဦးသန်းဇော်၏ မိုးစပါး ၂၅ ဧက စံပြကွက်တွင် ဇူလိုင် ၃ ရက် နံနက်ကပြုလုပ်ရာ မြို့နယ်စိုက်/တိုး/မြှင့်အဖွဲ့နှင့် တောင်သူများ တက်ရောက်ကြသည်။

စိုက်ပျိုးပွဲတွင် မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်က ယခုနှစ်မှစ၍ မြို့နယ်နှင့်ကျေးရွာအလိုက် မျိုးသန့်မျိုးစေ့ထုတ်လုပ်သူများအသင်း တည်ထောင်ကာ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များ ထုတ်လုပ်မည့်အစီအစဉ် မျိုးသန့်မျိုးစေ့ထုတ်လုပ်သည့် နည်းစနစ်များအား ပညာပေးဆွေးနွေးကာ ဆင်းသုခ(R.S)မျိုးကို ခြောက်တန်း တစ်တန်းလှပ်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း သိရသည်။

**(၀၇၆)**

# အမှောင်မှ အလင်းသို့သွားသူ

**သာမဏေကျော်**

စာရေးဆရာနာမည်က မင်းဆွေတဲ့။ နာမည်ကြီး စာရေးဆရာကြီးထင်ပါရဲ့။ ပထမနှစ် ပင်ရင်းမြန်မာစာ အဖြစ်ဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် မြန်မာစာဌာနက ထုတ်ဝေထားတဲ့စာအုပ်မှာ ဖတ်ရပါတယ်။ သူရေးထားတဲ့ဆောင်းပါးက ကျွန်ုပ်တို့၏တာဝန်တဲ့။ မင်းဆွေက သူ့ဆောင်းပါးမှာ အရူးထူးတစ်ယောက်အကြောင်းကို ရေးထားပါတယ်။ စိတ်ဝင်စားစရာအကောင်းသား။ အရူးက အခြားအရူးတွေနဲ့ မတူတဲ့ အရူးထူး။ ကောင်းတဲ့ဘက်မှာအတုယူဖွယ်ကောင်းလောက်အောင် ထူးတဲ့ အရူး။ ဒီလိုအရူးထူးမျိုးအကြောင်းကို ကြားလည်းမကြားဖူး၊ ဖတ်လည်း မဖတ်ဖူးပါ။ စာရှုသူတို့အားလည်း အရူးထူးရဲ့ အတုယူဖွယ်ကောင်းကွက်၊ ထူးကွက်လေးတွေကို မျှဝေချင်လို့ ဒီဆောင်းပါးလေးကို ရေးလိုက်ရပါတယ်။

မင်းဆွေရေးထားပုံက ဒီလိုပါ။ နေရာဌာနမှာ ရန်ကုန်နှင့် မော်လမြိုင်သွား မီးရထားလမ်းမှ ရွာတစ်ရွာဆိုပါတော့။ အကြောင်းကလေးသည် ကျွန်ုပ်၏ မျက်မြင်ဖြစ်၏။ ထိုရွာတွင် အလွန်အကျူးမဟုတ်သေးသော ခပ်ချာချာ၊ ခပ်ရူးရူးလူတစ်ယောက်ကို တွေ့ဖူးပြန်လေသည်။ အရူးဆိုသော်လည်း အခြားအရူးများကဲ့သို့မဟုတ် အရူးထူးဖြစ်၏။ သူသည် ရေမိုးသုံးသပ်ရန် မဆိုထားဘိ။ နံနက်အိပ်ရာထတွင် မျက်နှာသစ်ရမှန်း မသိချေ။ သို့သော် နံနက်အိပ်ရာမှ နိုးတိုင်း လူအများသုံးသော ရေတွင်းသို့ ရောက်လာ၏။ သူဘာလာလုပ်သလဲ။ ရေတွင်းနှင့် အတော်လှမ်းသော လမ်းတစ်စောင်းတစ်ဖက်၌ ဘုံသောက်ရေအိုးစင်တစ်လုံးရှိ၏။ သူ့တွင် ရေပုံးပိုင်မရှိသဖြင့် အခြားသူများ နံနက်ရေခပ်လာတိုင်း ရေပုံးကို ခေတ္တခဏယူပြီး ဘုံသောက်ရေအိုးစင် မပြည့်မချင်း နေ့စဉ်နှင့်အမျှ သွားရောက်လောင်းဖြည့်လျက်ရှိ၏။

ရေတွင်းတွင် ပေါင်မရှိ။ နေ့လယ်နေ့ခင်းများ၌ ကျွဲ၊ နွားများသည် ရေငတ်သဖြင့် အလှမ်းလည်းမီသောကြောင့် ရေတွင်းကိုပင် ကာကွယ်ရမှန်းမသိရှာချေ။ သို့သော် ဖော်ပြခဲ့သောအရူးသည် ကျွဲ၊ နွားများလာတိုင်း တုတ်နှင့်ခြောက်မောင်းပြီး ရေတွင်းနှင့်ဝေးသော တစ်နေရာရှိ အင်တုံကွဲတစ်ခုတွင် ရေထည့်ပေးလေ့ရှိ၏။

ညနေပိုင်းရောက်သောအခါ၌လည်း ရွာရိုးလျှောက်ပြီး ခြောက်ဖာလုံခန့်ရှည်သောလမ်းပေါ် ရှိသမျှအညစ်အကြေး အမှိုက်သရိုက်တို့ကို နေ့ရှိသမျှ ကောက်သိမ်းဖယ်ရှင်းတတ်လေသည်။ သူဘာလုပ်သနည်း၊ ထိုတာဝန်များသည် သူ၏ တာဝန်လော။ သူသည် အရူးတစ်ယောက်ဖြစ်၍ ရည်ရွယ်ချက်ရှိသည် ဖြစ်စေ၊ ကင်းသည်ဖြစ်စေ၊ သူ၏အလုပ်သည် သူ့အား လျစ်လျူရှုထားမည်မဟုတ်၊ မကြာမီက သူသေရှာပြီ။ သူသေသောနေ့က တစ်ယောက်တည်းမဟုတ်ဘဲ ထိုရွာမှ သူကြီးလည်း ပါသွား၏။ သူ၏မသာသည် သူကြီး၏မသာထက် စည်၍သူ၏အလှူသည် သူကြီးအလှူထက် ကျယ်လေသည်။

ထိုအခါမှစ၍ "သူကြီး မသာ၊ အရူးသာ၊ သူကြီးမစည်၊ အရူးစည်သည် "ဟူသော စကားသည် ယခုတိုင်ထိုရွာ၌ ခေတ်စားနေလေသည်။ ထိုအရူး၏ နာမည်သည် "ဘိုးဒင်"ဖြစ်၏။ ဘိုးဒင်မရှိသည့်နောက် ဘုံသောက်ရေစင်၌ ရေထည့်သူတစ်ယောက်ကို တွေ့လျှင် ကာလသားများက "ဘိုးဒင် ဘိုးဒင်"ဟု လှောင်ပြောင်ခေါ်တတ်ကြရာ ထိုလှောင်ပြောင်ခေါ်ခြင်း၏ အဆုံး၌ "အေးကွာ . . . ဘိုးဒင်တစ်ယောက်အောက်မေ့လိုက်တာ၊ သူ့ကုသိုလ်ကောင်းမှုတွေကြောင့် ဖြစ်လေရာဘဝ လူကောင်းတစ်ယောက် ဖြစ်ပါစေတော့"ဟူသော နိဂုံးစကားသည် အမြဲလိုက်ပါနေခဲ့လေသည်။ ဘိုးဒင်ကား အရူးသာဖြစ်၏။ လူကောင်းတစ်ယောက်ဖြစ်ခဲ့သော် သူ၏ မသာအခမ်းအနား၌ သူ၏အသိုက်အဝန်းသည် အဘယ်မျှကြီးကျယ်မည်နည်း။

ဘိုးဒင်သည် ထိုရွာကလေးကို သူ၏အိမ်ဟု သဘောထားပြီး ထိုရွာသူရွာသားများကို သူ၏ အိမ်သူ အိမ်သားများဟု ယူဆလျက် ထိုတာဝန်များသည် သူ၏ တာဝန်၊ သူတို့မလုပ်လျှင် ငါလုပ်မည်ဟု စိတ်ကောင်းစိတ်မွန်မွေးမြူထားဟန် တူလေသည်။

ထို့ကြောင့် မိမိကိုယ်ကိုသာ မိမိစိတ်ဝင်စားနေသူတစ်ယောက်သည် သူမရှိသည့်တစ်နေ့၌ သူ၏ နာမည်ပါ လိုက်ပါပျောက်ကွယ်သွားရ၏။ သင်တစ်ယောက်ကား အများတာဝန်ကိုယူနိုင်သူသာ ဖြစ်ပါစေ။ သင်၏ တာဝန်ကို အများသည် ဝေငှထမ်းရွက်ရန် ဝန်မလေးပေ။

> **အမှောင်ကနေ အလင်းကိုသွားမယ့် ဘိုးဒင်ဖြစ်ပါတယ်။ အမှောင်ကနေ အမှောင်သို့သွားသူ၊ အလင်းမှ အမှောင်သို့သွားသူ၊ အလင်းမှ အလင်းသို့ သွားသူလို့ လေးမျိုးခွဲခြားကာ ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်။ အမှောင်ဘဝ(နိမ့်ကျတဲ့ဘဝ)ပဲ ဖြစ်ဖြစ်၊ အလင်းဘဝ(မြင့်မြတ် အထက်တန်းကျတဲ့ဘဝ)ပဲဖြစ်ဖြစ်၊ ဘယ်ဘဝပဲရောက်နေနေ အလင်းဘဝကိုရောက်နိုင်အောင် ဖြူစင်ကောင်းမြတ်တဲ့ အပြုအမူ၊ အပြောအဆို၊ စိတ်နေစိတ်ထားလေးတွေကို မွေးမြူကြရပါမယ်။**

မင်းဆွေရဲ့ အရူးထူး ဘိုးဒင်အကြောင်းကား စိတ်ဝင်စားစရာကောင်းလှပါတယ်။ ဘိုးဒင်ရဲ့ ရေကုသိုလ်ယူပုံနဲ့ အမှိုက်သန့်ရှင်းရေးလုပ်ပုံတို့ဟာ အတုယူဖွယ်ကောင်းလှပါတယ်။ သူဟာ အရူးဘဝရောက်နေပေမယ့် သူ့စိတ်ထား၊ သူ့လုပ်ရပ်လေးတွေက မွန်မြတ်လှပါတယ်။ အထက်တန်းကျလှပါတယ်။ အရူးဘဝဆိုတော့ နိမ့်ကျတဲ့ လူ့ဘဝ အမှောင်ဘဝလို့ ဆိုရပါမယ်။ သူ့စိတ်ဓာတ်၊ သူ့လုပ်ရပ်လေးတွေကတော့ အလင်းဆီကိုပို့ပေးမှာ သေချာပါတယ်။ ကောင်းတဲ့ အထက်တန်းကျတဲ့ နောက်ဘဝသို့ ပို့ပေးမှာသေချာပါတယ်။ အမှောင်ကနေ အလင်းကို သွားမယ့် ဘိုးဒင်ဖြစ်ပါတယ်။ အမှောင်ကနေ အမှောင်သို့သွားသူ၊ အလင်းမှ အမှောင်သို့သွားသူ၊ အလင်းမှ အလင်းသို့သွားသူလို့ လေးမျိုးခွဲခြားကာ ဘုရားရှင်က ဟောတော်မူခဲ့ပါတယ်။ အမှောင်ဘဝ (နိမ့်ကျတဲ့ဘဝ)ပဲ ဖြစ်ဖြစ်၊ အလင်းဘဝ (မြင့်မြတ် အထက်တန်းကျတဲ့ဘဝ)ပဲဖြစ်ဖြစ်၊ ဘယ်ဘဝပဲ ရောက်နေနေ အလင်းဘဝကို ရောက်နိုင်အောင် ဖြူစင်ကောင်းမြတ်တဲ့ အပြုအမူ၊ အပြောအဆို၊ စိတ်နေစိတ်ထားလေးတွေကို မွေးမြူကြရပါမယ်။ နိုင်ငံအကျိုး၊ အများအကျိုး သယ်ပိုးပေးတဲ့ အပြုကောင်း၊ အပြောကောင်း၊ မနောကောင်းတွေနဲ့ နိုင်ငံအကျိုး၊ အများအကျိုးသယ်ပိုးနိုင်ရင် မွှေးတဲ့နာမည်လေးနဲ့ သင်းပျံ့နေပါလိမ့်မယ်။ သူသေသွားပေမယ့် ကျန်ရစ်သူတွေက သူ့ကို တသသ သတိရ လွမ်းဆွတ်နေကြပါလိမ့်မယ်။ ။

## အလုံမြို့နယ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ် ထိုးနှံ

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေးအသစ်(PCV) ထည့်သွင်း ထိုးနှံခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားသို့ ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီ ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်၊ အလုံ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်းနှင့် သူနာပြု သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါ်မာလာမျိုးနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်းက ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး အသစ် (PCV) နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အလုံမြို့နယ်အတွင်းရှိ နှစ်လအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တစ်ရပ်အဖြစ် စတင်ထိုးနှံပေးပြီး ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ကာကွယ်ဆေးလာရောက် ထိုးနှံကြသော ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၅)တွင် ဇူလိုင် ၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ် က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲပြုလုပ်သည်။

အခမ်းအနားသို့ အ. ထ. က(၅)အလုံ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး အခမ်းအနားတွင် အမှတ်(၅၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(အလုံ) တပ်ဖွဲ့စုမှူး ဒုရဲမှူးလှဘုန်းကျော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောပြီး ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**



## အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာပြပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၄။** မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်းတို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစားအလတ်စားလုပ်ငန်းများ ICT ကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရန်၊ မိရိုးဖလာလုပ်ငန်းခွင်မှသည် စနစ်ကျသော ခေတ်မီစီးပွားရေးလုပ်ငန်းခွင်သို့ ကူးပြောင်းလာစေရန်အတွက် လိုအပ်ချက်များကိုလေ့လာနိုင်စေရန်အတွက် Total ICT Solutions For SMEs ပြပွဲကို ယနေ့နံနက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့် (၃၄)လမ်းထောင့် ရတနာပုံစူပါစင်တာတတိယထပ်ရှိ Mandalay ICT Part အတွင်း ကျင်းပရာ ပြပွဲတွင် စီးပွားရေးလုပ်ငန်းများအလိုက် စာရင်းထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ နည်းစနစ်များ၊ ငွေစာရင်းထိန်းသိမ်းခြင်း Software များ အပါအဝင် ICT နည်းပညာများ၊ လုံခြုံရေးစနစ်များအား ပြသထားကြောင်း သိရသည်။ **(သီဟကိုကို)**

**ပြည်သူ့သဘောထားစင်မြင့်**

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ခရီးပေါက်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံခရီး

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

အစိုးရသစ်လက်ထက်တွင် ၎င်းတို့အစိုးရမဖွဲ့စည်းနိုင်မီကာလ ယခင်နိုင်ငံရေးပါတီ စတင်ထူထောင်စဉ်ကတည်းက ချမှတ်ကျင့်သုံးကိုင်စွဲခဲ့သည့် တစိုက်မတ်မတ်မူအရ ယခုအချိန်တွင် အလေးထားဆောင်ရွက်နေသည့် အထူးကိစ္စရပ်တစ်ခုကိုပြပါဆိုလျှင် အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကိစ္စပင် ဖြစ်ပါသည်။ ထိုမူဝါဒကိုပင် အောင်မြင်အောင် အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ၎င်းတို့ဖြတ်သန်းခဲ့ကြသည့် နိုင်ငံရေးလုပ်ငန်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အမြဲပြောဆိုလာခဲ့သည်ကို စာဖတ်သူအများ သိမြင်နိုင်ကြမည်ဖြစ်ပါသည်။

ထိုမူဝါဒကို အစိုးရသစ်က လက်တွေ့ကျကျအကောင်အထည်ပေါ်လာစေရန် နိုင်ငံတော်တာဝန်ကို လွှဲပြောင်းယူပြီးကာလအစ ပြည်သူ့အတွက် ပထမရက် ၁၀၀ အတွင်းမှာပင် မေ ၂၇ ရက်နှင့် ဇွန် ၂၈ ရက်တို့တွင် ကျင်းပခဲ့ကြသည့် တွေ့ဆုံဆွေးနွေးပွဲများကိုကြည့်ခြင်းအားဖြင့် ပထမအဆင့်အနေဖြင့် ၎င်းတို့ စတင်အကောင်အထည်ဖော်လာနေကြပြီဖြစ်ကြောင်း သိမြင်နိုင်ကြရမည် ဖြစ်ပါသည်။

အမှန်ဆိုရလျှင် ဤအချက်မှာ အစိုးရသစ်ကာလအစ အကောင်အထည်ဖော်နေသည့် အခြားအရာရာသောကိစ္စများထက် ပြည်သူအများစုက အလေးထားပြီး တိုင်းရင်းသားများအကြား နှစ်ရှည်လများ မျှော်လင့်စောင့်စားနေခဲ့ကြရသည့် အိပ်မက်ရှည်ကြီးတစ်ခုဆိုလျှင်လည်း မှားနိုင်မည်မထင်ပါ။တစ်ဖက်ကကြည့်လျှင်လည်း အစိုးရသစ်၏ အတိတ်အချိန်အခါဆီက အမှန်တကယ်အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆန္ဒပြင်းပြနေသည့်အပေါ် ၎င်းတို့အခါခါမက်ခဲ့သည့် အိပ်မက်တစ်ခုဟုဆိုသည်က ပိုမှန်မည်ထင်ပါသည်။ ယခုလက်ရှိမှာတော့ အစိုးရနှင့်ပြည်သူများအကြား နှစ်ဦးနှစ်ဖက် အခါခါမက်ခဲ့ကြသည့် မပီဝိုးတဝါး ထိုအိပ်မက်များမှာ အမှန်တကယ်ဖြစ်ထွန်းပေါ်ပေါက်ရန် လမ်းစကို စမြင်နေကြရပြီဖြစ်သလို ပါဝင်သင့်သူများပါဝင်လာလျက် လမ်းသစ်ကိုလည်း စတင်လျှောက်နေကြပြီလည်း ဖြစ်ပါသည်။

ကျွန်ုပ်ဆိုလိုချင်သည်ကို စာဖတ်သူအားလုံး သိကြရပြီးဖြစ်မည်ထင်မိပါသည်။ သို့သော် အစိုးရသစ်ကာလအစမှာပင် ၎င်းတို့စတင်ခဲ့သည့် ငြိမ်းချမ်းရေးပန်းခင်းလမ်းအပေါ် စတင်လျှောက်လှမ်းဖော်ဆောင်မည့် လုပ်ငန်းစဉ်အစကို ပြန်ပြောပြချင်ပါသည်။ ၎င်းတို့၏ကနဦးအစ လုပ်ငန်းခြေလှမ်းတစ်ရပ်ကိုပြီးခဲ့သည့် တစ်လအကြာ မေ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort မှ စတင်ခဲ့သည်ဟု ပြောရမည်ဖြစ်ပါသည်။ ၎င်းနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုများအတွက် ပူးတွဲကော်မတီတစ်ရပ်ကို ပြင်ဆင်ဖွဲ့စည်းရန်နှင့် ရှေ့လုပ်ငန်းစဉ်များ ပြန်လည်သတ်မှတ်ရန် အစည်းအဝေးတစ်ရပ် စတင်ကျင်းပနိုင်ခဲ့ကြပါသည်။ ထိုအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ယခင်အစိုးရလက်ထက်ဖော်ဆောင်ပေးခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အပေါ်အခြေခံ၍ တပ်မတော်နှင့်လက်တွဲပြီး အောင်မြင်အောင် ပူးပေါင်းဖော်ဆောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြန်လည်အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၏ အခန်းကဏ္ဍသည် ဆက်လက်ရှင်သန်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်ကိုလည်း လေ့လာသိရှိရပါသည်။

ထိုရက်တွင် ၎င်းတို့ ပြန်လည်အသစ်ဖွဲ့စည်းသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင် ပါဝင်ဖွဲ့စည်းခဲ့သည့်ပုဂ္ဂိုလ်များကို လေ့လာကြည့်လျှင်မူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အခြားနိုင်ငံရေးပါတီများက ယခင်ပါဝင်သည့်ပုဂ္ဂိုလ်များ ပြန်လည်ပါဝင်ထားရှိစေတာကိုလည်း ကြားသိခဲ့ရပါသည်။ ထိုကိစ္စမှာ တစ်နည်းအားဖြင့်ပြောရလျှင်မူ ယခင်အစိုးရလက်ထက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ပါဝင်ခဲ့သည့်ပုဂ္ဂိုလ်များကို အထူးအလေးထား အားကိုးရာရောက်ကြောင်းကိုလည်း တွေ့မြင်နိုင်မည် ဖြစ်ပေသည်။

ထိုနေ့တွင် ကျင်းပခဲ့ကြသည့်အစည်းအဝေးတွင် အစိုးရသစ်ကအသစ်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)တွင် ဥက္ကဋ္ဌတာဝန်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တာဝန်ယူကာ စတင်တာဝန်ယူထမ်းဆောင်ခဲ့ပြီး (UPDJC) ဒုတိယဥက္ကဋ္ဌများအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက တာဝန်ယူခဲ့ကြောင်းကိုလည်း သိရှိကြရပြီးဖြစ်မည်ထင်ပါသည်။

**အမှန်ဆိုရလျှင် ဤအချက်မှာ အစိုးရသစ်ကာလအစ အကောင်အထည်ဖော်နေသည့် အခြားအရာရာသောကိစ္စများထက် ပြည်သူအများစုက အလေးထားပြီး တိုင်းရင်းသားများအကြား နှစ်ရှည်လများ မျှော်လင့်စောင့်စားနေခဲ့ကြရသည့် အိပ်မက်ရှည်ကြီးတစ်ခုဆိုရင်လည်း မှားနိုင်မည်မထင်ပါ။ တစ်ဖက်ကကြည့်လျှင်လည်း အစိုးရသစ်၏ အတိတ်အချိန်အခါဆီက အမှန်တကယ်အောင်မြင်အောင် အကောင်အထည်ဖော်ရန် ဆန္ဒပြင်းပြနေသည့်အပေါ် ၎င်းတို့အခါခါမက်ခဲ့သည့် အိပ်မက်တစ်ခုဟုဆိုသည်က ပိုမှန်မည်ထင်ပါသည်။ ယခုလက်ရှိမှာတော့ အစိုးရနှင့်ပြည်သူများအကြား နှစ်ဦးနှစ်ဖက် အခါခါမက်ခဲ့ကြသည့် မပီပြင်ဝိုးတဝါး ထိုအိပ်မက်များမှာ အမှန်တကယ်ဖြစ်ထွန်းပေါ်ပေါက်ရန် လမ်းစကို စမြင်နေကြရပြီဖြစ်သလို ပါဝင်သင့်သူများပါဝင်လာလျက် လမ်းသစ်ကိုလည်း စတင်လျှောက်နေကြပြီလည်းဖြစ်. . .**

ထိုနေ့အစည်းအဝေးပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ UPDJC ဖွဲ့စည်းပုံပြောင်းလဲရန်ကိစ္စ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များ ဆက်လက်ပြီး ချောချောမွေ့မွေ့ ဖြစ်စေရန်ကိစ္စ၊ MPC (Myanmar Peace Center)ကို ပြန်လည်ဖွဲ့စည်းရန်ကိစ္စတို့ဖြစ်ကြတယ်ဆိုတာ လေ့လာသိရှိရပါသည်။ ထိုနေ့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးကို ညနေ ၅ နာရီအထိ ကျင်းပခဲ့ပြီး ထိုအစည်းအဝေးမှ ဆုံးဖြတ်ချက်အနေဖြင့် ဇွန် ၂၈ ရက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့နှင့် အစိုးရအဖွဲ့တို့အကြား ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံမည့် အစည်းအဝေးတစ်ရပ်ကျင်းပရန်ဖြစ်ကြောင်း ချမှတ်ခဲ့ကြပါသည်။

ဇွန် ၂၈ ရက်တွင် ကျင်းပသည့် အစည်းအဝေးမှာ ယခင် တစ်လအကြာ မေ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ်အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ "ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)" အတွက် အထောက်အကူဖြစ်စေမည့် ဒုတိယခြေလှမ်းအဖြစ် ဆက်လက်ကျင်းပကြကြောင်းကိုပါ တွေ့ရှိရမည် ဖြစ်ပါသည်။

ယခုထပ်မံပြုလုပ်သည့် အဆိုပါအစည်းအဝေးသို့ အစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ညီလာခံကြိုတင်ပြင်ဆင်ရေးကော်မတီဝင်များနှင့် အထောက်အကူပြုအဖွဲ့များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းလည်း တွေ့ရှိရပါသည်။ ထိုအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မိမိတို့အစိုးရအနေနဲ့ လျှို့ဝှက်ရည်မှန်းချက်များလည်း မရှိကြောင်း၊ စစ်မှန်တဲ့ မိမိတို့၏ နိုင်ငံသူ နိုင်ငံသားများအားလုံး ချမ်းချမ်းသာသာ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ဖို့ဆိုသည့် ရည်ရွယ်ချက်သာရှိကြောင်း၊ လက်ရှိအစိုးရ ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကြောင့် အပြောင်းအလဲများနှင့် ကြုံတွေ့လာလျှင်လည်း စိုးရိမ်ပူပန်ခြင်းမရှိကြရန် တိုင်းရင်းသားများကို မှာကြားလိုကြောင်း၊ တိုင်းရင်းသားများ ခံစားနေရသည့် စိုးရိမ်ပူပန်မှုများကိုလည်း ယခုဆွေးနွေးပွဲတွင် တင်ပြကြရန်နှင့် စိုးရိမ်ပူပန်မှုများကို ယုံကြည်မှုနှင့်ကျော်လွှားကြရန် လိုအပ်မည်ဖြစ်ကြောင်း" နိဂုံးချုပ်စကားပြောကြားသွားခဲ့တာကိုလည်း မှတ်မှတ်သားသား မှတ်သားခဲ့ရပါသည်။

၎င်းအပြင် အချို့မှတ်သားဖွယ်ရာစကားများကို ကောက်နုတ်ဖော်ပြရလျှင်- နောင်မျိုးဆက်သစ်များအတွက် ထားခဲ့ရမည့် အကောင်းဆုံးအမွေအနှစ်သည် ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ပါကြောင်း၊ ထို့ပြင် စည်းလုံးညီညွတ်မှုရှိမှသာ ငြိမ်းချမ်းနိုင်မည်ဖြစ်သည့်အတွက် ညီညွတ်ရေးကိုအခြေခံသည့် ငြိမ်းချမ်းရေးကို ဖန်တီးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမှတစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းမွန်သည့် အမွေနှင့်အတူ တာဝန်များကိုလည်း လက်ဆင့်ကမ်းပေးသွားရမည် ဖြစ်ပါကြောင်း။

လူငယ်များသည် တာဝန်ကိုထမ်းဆောင်လိုသည့်စိတ်ဓာတ်နှင့် ထမ်းဆောင်ရဲသည့်သတ္တိရှိရန် လိုအပ်ပါကြောင်း၊ လူငယ်များသည် သတ္တိရှိရှိ တာဝန်သိသိဖြင့် မိမိတို့ထမ်းဆောင်ရမည့်တာဝန်ကို ထမ်းဆောင်ရန်အသင့်ဖြစ်အောင် မိမိတို့က ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လူကြီးများအနေဖြင့် ကောင်းမွန်သည့်အမွေကို ချန်ထားပေးနိုင်ရန် ကြိုးစားသွားရမည်ဖြစ်ပါကြောင်း။

ကောင်းမွန်သည့်အမွေကို ချန်ထားမပေးနိုင်ခဲ့လျှင် မိမိတို့လူကြီးများ၏ ချို့ယွင်းချက်ဖြစ်သကဲ့သို့ ချန်ထားပေးခဲ့သောကောင်းမွန်သည့်အမွေများကို မထိန်းသိမ်းနိုင်လျှင် လူငယ်များ၏ ချို့ယွင်းချက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မျိုးဆက်တိုင်းတွင် တာဝန်ရှိပါကြောင်း။

နိုင်ငံတစ်နိုင်ငံထူထောင်ရန် အခြေခံအကျဆုံးလိုအပ်ချက်သည့် တာဝန်သိစိတ်ဖြစ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု၊ လုပ်ငန်းတစ်ခုအောင်မြင်ရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်သည်လည်း တာဝန်သိစိတ်ပင်ဖြစ်ပါကြောင်း၊ တာဝန်သိစိတ်မရှိဘဲ မိမိရနိုင်သည့် အခွင့်အရေးကိုသာကြည့်နေပါက မည်သည့်လုပ်ငန်းမျှ အောင်မြင်မည်မဟုတ်သကဲ့သို့ မည်သည့်အဖွဲ့အစည်းမျှ ရေရှည်ရပ်တည်နိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် တာဝန်သိစိတ်ဖြင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးသွားကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ မိမိတို့အားလုံးသည် ဖက်ဒရယ်ပြည်ထောင်စုတစ်ခုဖြစ်ပေါ်ရန် မိမိတို့ ဘာပေးနိုင်မလဲဆိုသည့် စေတနာအပြည့်အဝဖြင့် ယခုအစည်းအဝေးကို အောင်အောင်မြင်မြင်ဖြင့် ဆောင်ရွက်နိုင်ပါစေဟု မိမိအနေဖြင့် ဆန္ဒပြုပါကြောင်း ပြောကြားသွားခဲ့တာကိုလည်း လေ့လာသိရှိကြပြီး ဖြစ်ကြပါမည်။

ထိုအစည်းအဝေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသော စိုင်းဘောင်ခေး၊ ခွန်ဥက္ကာ၊ ပူးဇင်ကျိုး၊ ခိုင်စိုးနိုင်အောင်၊ ဒေါက်တာနော်ကပေါ်ထူး၊ ဦးသံခဲနှင့် စောမိုရှေးတို့ အစုံအလင်တက်ရောက်လာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မူဝါဒများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းကိုလည်း တွေ့ရှိရပါသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီဝင်များက NCAလက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းနေမှုအခြေအနေများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစု ပင်လုံ)ကျင်းပနိုင်ရေး အကြိုဆောင်ရွက်နေမှုအခြေအနေများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်ပါ အကောင်အထည်ဖော်ရမည့်အချက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသွားခဲ့ကြတာကိုလည်း ကျွန်ုပ်တို့ပြည်သူအများ စိတ်အားတက်ဖွယ်ရာ ကြားသိကြရမည် ဖြစ်ပါသည်။

ယနေ့အချိန်တွင် ကျွန်ုပ်တို့နိုင်ငံတော်အတွက် အထူးလိုအပ်နေသောအရာမှာလည်း ထိုကိစ္စပင်ဖြစ်ပြီး တိုင်းရင်းသားအချင်းချင်း အမျိုးသားရင်ကြားစေ့နိုင်ပြီး တိုင်းပြည်တစ်ခွင်ငြိမ်းချမ်းရေးရပါက စည်ပင်တိုးတက်လာမည်မှာလည်း အမှန်ပင်ဖြစ်သည့်အတွက် ယခင်အစိုးရအဆက်ဆက်များမှလည်း သူ့နည်းသူ့ဟန်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်သွားခဲ့ကြသည်ကိုလည်း အထူးပြောစရာလိုမည် မထင်မိပါကြောင်းနှင့် တိုင်းရင်းသားပြည်သူအများ ငြိမ်းချမ်းသာယာရေးနှင့် တိုင်းပြည်စည်ပင်တိုးတက်ရေးအတွက် အဆိုပါ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင်လာခဲ့သည်မှာလည်း လွတ်လပ်ရေးရပြီးအစ ကာလကတည်းက ကြိုးပမ်းလာကြသည်ကိုလည်း သိရှိကြရပြီး ဖြစ်ကြပါမည်။

အချုပ်အားဖြင့်တင်ပြရလျှင် အထက်ကဆိုခဲ့သည့် ယခင်အစိုးရအဆက်ဆက်နည်းတူ ယခုအစိုးရသစ်ကာလအစတွင် ၎င်းတို့တစိုက်မတ်မတ်ဖော်ဆောင်လာနေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကျွန်ုပ်တို့ပြည်သူအများက အစဉ်အဆက် အချိတ်အဆက်မိမိသိရှိလာစေရေး စိတ်ပါဝင်စားကြစေလိုပါကြောင်းနှင့် အစိုးရသစ်အနေဖြင့် ယခုလက်ရှိတွင် အမျိုးသားရင်ကြားစေ့ရေးအတွက် မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်၊ မည်သည့်အဆင့်သို့ရောက်ရှိနေသည်၊ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်နေကြသည်ကို သိရှိကြပြီး မိမိတို့နိုင်ငံသားများဘက်မှလည်း ပြည်တွင်းငြိမ်းချမ်းမှုလုပ်ငန်းစဉ်များတွင် ပါဝင်ရမည့် အခန်းကဏ္ဍမှပါဝင်နိုင်ကြစေရန်သာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၇/၂၀၁၆
၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

### ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆၊ ပုဒ်မခွဲ(စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဆ) နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ(ခ)တို့ပါပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းလာသည့် ဦးအာကာလင်းအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၈/၂၀၁၆
၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

### နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော်ကောင်စီဥပဒေ ပုဒ်မ ၄ တို့ပါပြဋ္ဌာန်းချက်များအရ ဦးမင်းသူအား နေပြည်တော်ကောင်စီဝင်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၄၉/၂၀၁၆
၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါပြဋ္ဌာန်းချက်များအရ ဦးခင်မောင်တင်အား နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**○ အရှေ့တောင်အာရှမှ**

အုပ်စု(ခ)၏ ပထမနေရာအတွက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် မြန်မာ(က)အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာ(က)အသင်းက သုံးပွဲတစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ပထမပွဲငယ်တွင် မြန်မာ(က)အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ အပြန်အလှန်အမှတ်ယူနိုင်ခဲ့ပြီး မြန်မာ(က)အသင်းက ၂၅ -၂၂ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယပွဲငယ်တွင် လက်ရည်အသာဖြင့် ကစားနိုင်ခဲ့ပြီး ၂၅-၁၁ မှတ်ဖြင့် အမှတ်ပြတ်အနိုင်ရရှိခဲ့သည်။ တတိယပွဲငယ်တွင် မြန်မာအသင်းအပျက်များခဲ့သောကြောင့် ၂၅-၂၁ မှတ်ဖြင့် မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သည်။ စတုတ္ထပွဲငယ်သည် နှစ်သင်းစလုံးအတွက် အဆုံးအဖြတ်ဖြစ်လာခဲ့ပြီး အကြိတ်အနယ်ယှဉ်ပြိုင်ကာ မြန်မာအသင်းက ၂၆-၂၄ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(က) နောက်ဆုံးပွဲစဉ်များတွင် ထိုင်းအသင်းက မြန်မာ(ခ)အသင်းကို သုံးပွဲပြတ်အနိုင်ရရှိကာ အုပ်စုပထမနေရာ ရယူနိုင်ခဲ့သည်။ ထိုင်းအသင်းသည် မြန်မာ(ခ)အသင်းကို ၂၅-၁၆ မှတ်၊ ၂၅-၁၇ မှတ်၊ ၂၅-၁၅ မှတ်ဖြင့် သုံးပွဲပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အခြားပွဲစဉ်တွင် နယူးဇီလန်အသင်းက စင်ကာပူအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ထိုင်းအသင်းက ပထမ၊ မြန်မာ(ခ)အသင်းက ဒုတိယ၊ အုပ်စု(ခ)၌ မြန်မာ(က)အသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယတို့ရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

အုပ်စုတစ်ခုစီမှ တတိယနေရာရရှိခဲ့သည့် နယူးဇီလန်နှင့် မော်လ်ဒိုက်အသင်းတို့မှာ အဆင့်(၅)နေရာလုပွဲ ကစားရမည်ဖြစ်ပြီး ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီမီးပွဲစဉ်များအဖြစ် မွန်းလွဲ ၂ နာရီတွင် ထိုင်းနှင့် အင်ဒိုနီးရှား၊ ညနေ ၄ နာရီတွင် မြန်မာ(က)နှင့်(ခ) အသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်အား ယင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများအား စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**✱ ပြည်ထောင်စုမှ**

ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဒေါက်တာတင်မျိုးဝင်း၊ ဦးလှမောင်ရွှေနှင့် ဦးခက်ထိန်နန်တို့က ၎င်းတို့၏ အမြင်များကို အောက်ပါအတိုင်း ပြောပြခဲ့သည်-

**ဒေါက်တာတင်မျိုးဝင်း**

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ**

ဆပ်ကော်မတီ(၁)ကတော့ လက်မှတ်ရေးထိုးပြီးသား အဖွဲ့ ရှစ်ဖွဲ့နဲ့ ညီလာခံမှာ ဆွေးနွေးမယ့်မူဘောင်တွေကို လေ့လာမယ်။ သုံးသပ်မယ်။ အဲဒါတွေ လုပ်သွားမယ်။ ဆပ်ကော်မတီ(၂)ကတော့ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေကို ဖိတ်ခေါ်မယ်။ ရှင်းပြမယ်။ မနက်ဖြန် ၅ ရက်နေ့မှာတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ကော်မတီတွေ့ပြီးတော့ ဆောင်ရွက်ခဲ့တဲ့ကိစ္စတွေကို ရှင်းပြမယ်။ လမ်းညွှန်ချက် ခံယူမယ်။ ဩဂုတ်လနောက်ဆုံးပတ်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)လုပ်ဖို့ ရည်မှန်းထားတယ်။

**ဦးလှမောင်ရွှေ**

**အတွင်းရေးမှူး**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးကော်မတီ**

ဒီနေ့တော့ ဆပ်ကော်မတီ(၁)အနေနဲ့ အဓိကဦးဆောင်ပြီးတော့ လုပ်ငန်းတွေညှိပါတယ်။ လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့က ကိုယ်စားလှယ်တွေ ခေါင်းဆောင်တွေလည်း တက်ပါတယ်။ ကျွန်တော်တို့ ဆပ်ကော်မတီ(၂)က ဦးခင်ဇော်ဦးနဲ့ အခြားအဖွဲ့ဝင်တွေလည်း တက်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေနဲ့တွေ့ဆုံပြီး ဩဂုတ်လကုန်မတိုင်မီ ပထမဦးဆုံး ကျင်းပမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)ကျင်းပဖို့ ကြိုတင်ပြင်ဆင်တဲ့လုပ်ငန်းတွေ အချိန်မီပြီးစီးဖို့ ဆွေးနွေးတာပါ။ အခုဆွေးနွေးတာတွေပြီးရင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို တင်ပြမယ်။ သူ့အနေနဲ့လည်း အပြန်အလှန်ဆွေးနွေးမယ်။ မူဝါဒတချို့လည်း ထွက်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။

နိုင်ငံရေးမူဘောင်သုံးသပ်တာကိုတော့ ဩဂုတ်လဆန်းမှာ ကျွန်တော်တို့အနေနဲ့ လုပ်ဖို့ရည်ရွယ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ လက်မှတ်မထိုးရသေးတဲ့သူတွေကို ဖိတ်ကြားထားတယ်။ ဖိတ်ကြားထားတဲ့အတွက် အခုပဲ



ဒေါက်တာတင်မျိုးဝင်း



ဦးလှမောင်ရွှေ



ဦးခက်ထိန်နန်

ပြီးခဲ့တဲ့ ၁ ရက်နဲ့ ၂ ရက်တွေမှာ ရန်ကုန်မှာတွေ့ခဲ့ပြီးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း လလယ်လောက်မှာ တွေ့ဖို့ရှိတော့ အားလုံးကတော့ သူတို့ကို ပါဝင်နိုင်ဖို့အတွက် လမ်းဖွင့်ထားတယ်။ စောင့်ခေါ်နေပါတယ်။ ဒီနေ့ဆွေးနွေးတာတွေ အားလုံးကတော့ မူဘောင်ကို သုံးသပ်တဲ့အဆင့်တော့ မရောက်သေးဘူး။ ညီလာခံနဲ့ ပတ်သက်တဲ့ အထွေထွေကိစ္စရပ်တွေအားလုံးကို ကျွန်တော်တို့ ဒီမှာစဉ်းစားတဲ့အချက်တွေရှိတယ်။ ဒါပေမယ့် တရားဝင်မူဘောင်ဆွေးနွေးတာကို ဩဂုတ်လဆန်းလောက်မှာ စနိုင်ဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ အစောပိုင်းတုန်းကတော့ ဇူလိုင်လထဲမှာလုပ်ဖို့ မျှော်လင့်တယ်။ အခုတော့ လက်မှတ်မထိုးရသေးတဲ့သူတွေ ပါဝင်နိုင်ဖို့ လမ်းဖွင့်ပေးထားတဲ့အတွက် ဩဂုတ်လဆန်းမှာတော့ တရားဝင်မူဘောင်သုံးသပ်တာတွေ လုပ်ပါမယ်။ ဒါပြီးရင်တော့ UPDJC Meeting ခေါ်မယ်။ မူဘောင်တွေကို အတည်ပြုမယ်။ ပြီးရင်တော့ NCA ရဲ့ သဘောတူညီချက်အတိုင်းပဲ ညီလာခံကို ဩဂုတ်လမကုန်ခင်မှာလုပ်မယ်။ အဲ့ဒီလုပ်ငန်းစဉ် Process အတိုင်းပဲသွားပါမယ်။

ဆပ်ကော်မတီ(၂)အနေနဲ့ ဖိတ်ကြားမှု၊ ရှင်းပြမှု အားလုံးပြီးပါပြီ။ ကျွန်တော်တို့တာဝန်က ပြင်ဆင်ရမယ့်တာဝန်ဖြစ်တဲ့အတွက် သက်ဆိုင်တဲ့လုပ်ငန်းအားလုံးလုပ်သွားမှာပါ။ ပြန်ချုပ်ပြောရရင်တော့ ဩဂုတ်လမကုန်ခင်မှာ ညီလာခံလုပ်နိုင်ဖို့အတွက် ကျွန်တော်တို့အားလုံးက ကြိုးစားပြီးတော့ ဆောင်ရွက်နေတယ်။ ကျွန်တော်တို့အားလုံး ဒီမှာလာပြီးတော့ လေးရက်တာ တွေ့ဆုံဆွေးနွေးပြင်ဆင်မှုတွေလုပ်နေတယ်။ ဒီလေးရက်တာ အတွင်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်နဲ့ ကော်မတီ၊ ဆပ်ကော်မတီ(၁)နဲ့ (၂)က ပုဂ္ဂိုလ်တွေ တွေ့ဖို့လည်း ရှိပါတယ်။

**ဦးခက်ထိန်နန်**

**အဖွဲ့ဝင်**
**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂)**

ကျွန်တော်တို့ နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပမယ့် ဖွဲ့စည်းတဲ့ပုံစံပါ အားသာချက်၊ အားနည်းချက်ကို ကျွန်တော်တို့ ပြန်ပြီးဆွေးနွေးတာပါ။ ဒါကတော့ အင်မတန်မှ အရေးကြီးတဲ့အတွက် ကျွန်တော်တို့အဖွဲ့တွေ ညှိနှိုင်းဆွေးနွေးမယ့်ပုံစံကို ဒီနေ့ဆွေးနွေးကြတာဖြစ်ပါတယ်။ အရင်တုန်းက ကျွန်တော်တို့ သုံးသပ်ထားတဲ့ဟာတွေ ရှိပါတယ်။ ဒါပေမယ့် အခုရှေ့ဆက်ပြီး တကယ်လုပ်ကြတဲ့အခါမှာ ဘယ်ဟာပိုကောင်းမလဲဆိုတာကို ပြန်ပြီးဆွေးနွေးကြခြင်းဖြစ်ပါတယ်။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ ကျွန်တော်တို့ ဘယ်ပုံဘယ်နည်းနဲ့ အပေါ်ကိုတက်လာမလဲ၊ UPDJC နဲ့ ဘယ်လိုချိတ်ဆက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်မလဲ။ ပြီးရင် ဒီလုပ်ငန်းတစ်ခုလုံး မြန်မြန်ဆန်ဆန် ထိထိရောက်ရောက်သွားနိုင်အောင် ဦးဆောင်ကော်မတီ၊ အဲဒီကော်မတီ ပြန်ပြီးတော့ ဖွဲ့စည်းဖို့ စဉ်းစားထားတဲ့အပိုင်းတွေ ရှိသင့်၊ မရှိသင့် ဒီနေ့ ဆွေးနွေးဖြစ်တယ်။ ပြီးမှ အဆင့်လိုက်သွားပြီးတဲ့အခါမှာ နောက်ဆုံး (၂၁ ရာစုပင်လုံ)ညီလာခံကို ကျွန်တော်တို့ ဆွေးနွေးချက်တွေ ရောက်သွားမယ်။ နောက်ဆုံး အဲဒီမှာ ဆုံးဖြတ်ချက်ချမယ်ဆိုတဲ့ အပိုင်းတွေ၊ အဆင့်ဆင့်သွားမယ့် အပိုင်းတွေရဲ့ Structure ကို ကျွန်တော်တို့ ဆွေးနွေးကြခြင်း ဖြစ်ပါတယ်။ ဒါဟာ အင်မတန်မှ အရေးကြီးတဲ့အတွက် အကျေအလည် ဆွေးနွေးကြခြင်းဖြစ်ပါတယ်။

ဒီမနက် ဆပ်ကော်မတီ(၁) အပိုင်းကနေပြီးတော့ တင်ပြလာတဲ့ Structure ဟာ အရင်လော်ခီးလာမှာ ဆွေးနွေးပြီးတော့ သဘောတူထားတဲ့ Structure နဲ့က အခြေခံချင်း တူညီတဲ့အချက်တွေ အများကြီးရှိတဲ့အတွက် အခြေအနေ အင်မတန်မှကောင်းပါတယ်။

**သတင်း-မျိုးမြင့်၊ ဓာတ်ပုံ-ကျော်ရဲဆွေ**

## ပူတာအိုဌ် မြန်မာအမျိုးသမီးများနေ့ ကျင်းပ

**ပူတာအို ဇူလိုင် ၄**

ဇူလိုင် ၃ ရက်နေ့တွင်ကျရောက်သည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသင်းက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာခင်ဘုန်းမြင့်က မျိုးဆက်ပွားနှင့် အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါအကြောင်းနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်စွဲ့ကြာဆွမ်က မြန်မာအမျိုးသမီး၏ ထုံးဓလေ့နှင့် ယဉ်ကျေးမှုအစဉ်အလာအကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ပူတာအိုခရိုင်တွင် သုံးဘာသာဂုဏ်ထူးဖြင့်အောင်မြင်သည့် ကျောင်းသူတစ်ဦး၊ ဘက်စုံထူးချွန်ရရှိသည့်ကျောင်းသူနှစ်ဦးနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယရရှိသည့် ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး တက်ရောက်လာသူများအား ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

# ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




**နေပြည်တော် ဇူလိုင် ၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသန ရေဆင်းစုဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို ဆက်စပ်ပတ်သက်သူအားလုံး ပူးပေါင်းပါဝင်မှုဖြင့် ပြန်လည်သုံးသပ်ပြင်ဆင်ချက်များအပေါ် အတည်ပြုခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမျိုးသားအဆင့် သစ်တောမူဝါဒသည် အခြေခံလမ်းညွှန်ချက်ဖြစ်ကြောင်း၊ မြန်မာ့သစ်တောမူဝါဒမှာ ကျယ်ပြန့်သည့် အမျိုးသားရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီအောင် အကောင်အထည်ဖော်နိုင်ရန် မြေအသုံးချမှု၊ ကာကွယ်ခြင်းနှင့်အုပ်ချုပ်လုပ်ကိုင်ခြင်း၊ သစ်တောမျိုးဆက်ခြင်းနှင့် သစ်တောတည်ထောင်ခြင်း၊ သစ်တောအခြေခံသည့် စက်မှုလုပ်ငန်း၊ ဈေးကွက်နှင့် ကုန်သွယ်မှု၊ သစ်တောစီမံကိန်းရေးဆွဲခြင်း၊ အဖွဲ့အစည်းများအတွင်း စွမ်းဆောင်ရည်တိုးတက်ခိုင်မာစေခြင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဘဏ္ဍာရေးနှင့် ပြည်သူများပူးပေါင်းပါဝင်ရေးတို့ကို တိကျစွာဖော်ပြထားကြောင်း၊ မြန်မာ့သစ်တောမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် သစ်တောဦးစီးဌာနအနေဖြင့် နှစ် ၃၀ သစ်တောကဏ္ဍပင်မစီမံကိန်း(၂၀၀၁-၂၀၃၀)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ခရိုင် ၆၈ ခရိုင်တွင်လည်း သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ ကျင်းပသောအလုပ်ရုံဆွေးနွေးပွဲတွင် ပြုပြင်ရေးဆွဲပြီးဖြစ်သော CFI မူကြမ်းပါ အချက်အလက်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဆွေးနွေးတင်ပြသော အကြံပြုချက်များကို ပညာရှင်များက အသေးစိတ်ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း နိုင်ငံအဆင့်လုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သစ်တောအသုံးပြုသူများအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေဘိုခရိုင်ဆည်ရေသောက်ဧရိယာများအတွင်း စီးပွားဖြစ်ငါးမွေးကန်များ သုံးစွဲထားသောရေဖိုးအခွန်ငွေ နိုင်ငံတော်သို့ပေးသွင်းရန် ကျန်နေသေး

**ရွှေဘို ဇူလိုင် ၄**

ဆည်ရေသောက်ဧရိယာများအတွင်းရှိ စီးပွားဖြစ်ဆည်ရေအသုံးပြုငါးမွေးကန်များကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းညွှန်ကြားချက်များနှင့်အညီ၂၀၀၈ ခုနှစ်မှစ၍ ငါးကန်ရေခွန်ကောက်ခံဆောင်ရွက်ခဲ့သော်လည်း ရွှေဘိုခရိုင် ငါးမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် သုံးစွဲထားသော ရေဖိုးအခွန်၂၀၀၆-၂၀၀၇ ခုနှစ် နွေသီးနှံမှ၂၀၁၄-၂၀၁၅ ခုနှစ် နွေသီးနှံအထိကောက်ခံရန်ကျန်ငွေမှာ ကျပ် ၆ ဒသမ ၃၁၉ ဘီလီယံရှိပြီး ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကောက်ခံရန် ကျန်ငွေမှာကျပ်သိန်းပေါင်း ၈၈၁ ဒသမ ၅၃ ရှိကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

"ဆည်ရေသောက်ဧရိယာများအတွင်းမှာရှိတဲ့ စီးပွားဖြစ်ဆည်ရေအသုံးပြု ငါးမွေးကန်တွေကို ဆည်မြောင်းနဲ့ရေအသုံးချမှုဦးစီးဌာနက သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်တွေနဲ့အညီ ၂၀၀၈ ခုနှစ်ကစပြီး ငါးကန်ရေခွန်ကောက်တာကို ဆောင်ရွက်ခဲ့ပါတယ်။ ငါးကန်ရေခွန်ကောက်လို့ရတဲ့ငွေတွေကိုလည်း ဌာနက နိုင်ငံတော်ရငွေစာရင်းမှာ ပေးသွင်းဆောင်ရွက်ရပါတယ်။ ဒါပေမယ့် ငါးမွေးမြူတဲ့လုပ်ငန်းရှင်တွေက မိမိတို့သုံးစွဲထားတဲ့ ရေဖိုးရေခွန်ပေးဆောင်တာ အားနည်းလွန်းအားကြီးနေတာကို စိစစ်တွေ့ရပါတယ်။ အဲဒါကြောင့် ဆည်ရေသုံးနေတဲ့ ငါးမွေးကန်တွေကို သတ်မှတ်ထားတဲ့ တစ်ဧက ကျပ် ၂၀၀၀၀ နဲ့ ရေခွန်ကောက်ခံသွားဖို့ ရွှေဘို၊ ဝက်လက်၊ ကာဘိုး၊ ကန့်ဘလူ၊ ခင်ဦးက ဆည်မြောင်းဦးစီးအရာရှိတွေကို ဇွန် ၉ ရက်က အကြောင်းကြားထားပါတယ်" ဟု ဦးစောသက်ခိုင်ဝင်းက ပြောသည်။

ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်၊ ခင်ဦးမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်များအတွင်း ရေခွန်ကောက်ခံရာတွင်၂၀၀၆-၂၀၀၇ ခုနှစ် နွေသီးနှံမှ၂၀၁၄-၂၀၁၅ ခုနှစ် နွေသီးနှံအထိ ကောက်ခံရန်ကျန် ငွေပေါင်းမှာ ၆ ဒသမ ၃၁၉ ဘီလီယံကျပ်ရှိကြောင်း သိရသည်။ ထို့ပြင် အဆိုပါ ငါးမြို့နယ်တွင်၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကောက်ခံရန်လျာထားချက်မှာ ကျပ်သိန်း ၈၈၃ ဒသမ ၀၀ ရှိရာ၂၀၁၆ ခုနှစ် မေ ၁၁ ရက်ထိ ကောက်ခံရရှိငွေမှာ ကျပ် ၁ ဒသမ ၄၇ သိန်းရှိပြီး ကောက်ရန်ကျန်သည်မှာ ကျပ် ၈၈၁ ဒသမ ၅၃ သိန်းဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

ရွှေဘိုခရိုင်ရှိ ငါးကန်တစ်ဧက၏ ရှစ်လမှ ၁၀ လကြာကာလအတွင်း ငါးမွေးမြူ၍ရရှိသော အသားတင်အမြတ်ငွေမှာ ကျပ် ၁၈ သိန်းရှိသော်လည်း ရေခွန်ငွေကျပ် ၂၀၀၀၀ ပေးသွင်းရန် လက်တွန့်နေကြခြင်းသည် နိုင်ငံတော်အပေါ်ပေးသွင်းရန်ရှိသည့် ရေခွန်ကို ရှောင်လွှဲတိမ်းရှောင်နေရာရောက်သည်ကို ငါးမွေးမြူသူများအနေဖြင့် သိရှိရန်အထူးလိုအပ်သလို သိရှိသူများအနေဖြင့်လည်း အမြန်ဆုံးပေးဆောင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးရေးကို ရေခွန်ပေးဆောင်ခြင်းဖြင့် ဝိုင်းဝန်းပါဝင်သင့်ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

# ဆေးပညာကျင့်ဝတ် ဆေးတက္ကသိုလ်ပထမနှစ်တွင် စတင်သင်ကြားမည်

**ရန်ကုန် ဇူလိုင် ၄**

ယခင်က ဆေးတက္ကသိုလ်နောက်ဆုံးနှစ် အပိုင်း(က)၌သာ အဓိကသင်ကြားပေးသည့် ဆေးပညာကျင့်ဝတ်ကို ယခုနှစ်မှစ၍ ဆေးတက္ကသိုလ်ပထမနှစ်တွင် စတင်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ ဆေးတက္ကသိုလ်(၁) ဆေးပညာသင်ကြားရေး/ပညာပေးဌာန၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည့် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၏ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများတွင် ဆေးပညာကျင့်ဝတ်နှင့်အညီ ဆေးပညာအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘာသာရပ်များ စာသင်နှစ်အလိုက် သင်ကြားနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ထိုသို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကျင့်သုံးလျက်ရှိသည့် ဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပြန်လည်ဆန်းစစ်ပြီး ခေတ်နှင့်လျော်ညီစွာပြုပြင်မွမ်းမံကာ အရည်အသွေးပိုမိုပြည့်ဝသော ဆေးပညာရှင်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရေးလုပ်ငန်းသည် လတ်တလောအရေးတကြီးဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အခြားနိုင်ငံများမှ ဆောင်ရွက်လျက်ရှိသည့် စနစ်များ၊ လုပ်နည်းလုပ်ဟန်များကို လေ့လာဆွေးနွေးကြစေလိုသော်လည်း ပုံတူကူးချမှုများမရှိစေရန် သတိထားဆောင်ရွက်သွားကြစေလိုကြောင်း၊ မြန်မာ့ဓလေ့ထုံးစံနှင့် အံဝင်ခွင်ကျဖြစ်စေမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာရှင်များ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက "အရင်တုန်းကတော့ ကျောင်းသား ကျောင်းသူတွေက ဒီဘာသာရပ်တွေကို ရှေးဆရာကြီးတွေဆီကနေ လူနာတွေကို ကုသရင်း၊ စာသင်ရင်း ဆေးရုံတွေမှာ လူနာတွေကို လိုက်လံကြည့်ရှုရင်းနဲ့ပဲ သင်ခဲ့တယ်။ အခုတော့ အခြေအနေ၊ အချိန်အခါအရ ကမ္ဘာတစ်ဝန်းမှာရော၊ အာဆီယံနိုင်ငံတွေမှာရော၊ ဒေသတွင်းနိုင်ငံတွေမှာရော ဒီဘာသာရပ်တွေဟာ တကယ့်ပုံမှန်သင်ရိုးညွှန်းတမ်းမှာကို ထည့်သွင်းသင်ကြားဖို့ လိုအပ်လာတယ်။ ကျင့်ဝတ်တွေနဲ့အညီ လူနာတွေကို ဆေးကုရာမှာဖြစ်ဖြစ်၊ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာပဲဖြစ်ဖြစ် လိုက်နာကျင့်သုံးဖို့က အရေးကြီးပါတယ်။ ဒါကို ဆေးပညာရှင်ဖြစ်မယ့် ကျောင်းသားတွေဘဝထဲက ဒီလိုခံယူချက်တွေ၊ ကျင့်ဝတ်တွေကို ပိုမိုသဘောပေါက်နားလည်ဖို့အတွက် သင်ကြားဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ သုံးရက်တာကျင်းပသွားမည်ဖြစ်ကာ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာရုံးမှ အကြံပေးပညာရှင်များ၊ အင်္ဂလန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များ၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ယခုကျင်းပသည့်အလုပ်ရုံဆွေးနွေးပွဲအပြင် နိုင်ငံတကာပညာရှင်များပါဝင်သည့် ဆေးလက်တွေ့ အခြေခံဘာသာရပ်များဖြင့် ပေါင်းစပ်သင်ကြားရေးကို အတွေ့အကြုံဖလှယ်သည့် ဆွေးနွေးပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။ **(မြတ်စန္ဒီသင်းဇော်)**

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ငါးပေခန့်၊ မော်လိုက်မြို့တွင် ခုနစ်ပေခန့်၊ ကလေးဝမြို့တွင် ကိုးပေခွဲခန့်၊ မင်းကင်းမြို့တွင် ရှစ်ပေခန့်နှင့် ကနီမြို့တွင် ခုနစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေများသည် နောက်တစ်ရက်အတွင်း ခန္တီးမြို့၊ နောက် နှစ်ရက်အတွင်း မော်လိုက်မြို့၊ မင်းကင်းမြို့၊ ကနီမြို့တို့နှင့် နောက်သုံးရက်အတွင်း ကလေးဝမြို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ **(ကြေးမုံ)**

## သောက်သုံးရေကန်များ တူးဖော်ခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**သနပ်ပင် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် မြို့ရှောင်လမ်းဘေးရှိ ရွှေမန်းခန်းမ၌ ယမန်နေ့နံနက်က မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ သောက်သုံးရေကန်များ တူးဖော်ခြင်းနှင့် မြန်မာမုဒိတာဖောင်ဒေးရှင်းမှ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း(MCEA)မှ ဒုဥက္ကဋ္ဌ ဦးမောင်မောင်က ရေတွင်းရေကန်များ လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာမုဒိတာဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ ဦးတင်မောင်နိုင်က ဖောင်ဒေးရှင်း၏ဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အလှူငွေနှင့် စာအုပ်များကို ပေးအပ်ချီးမြှင့်ပြီးနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဧည့်သည်တော်များက သနပ်ပင်မြို့ရှိ လှူဒါန်းတူးဖော်ထားသော ရေတွင်းရေကန်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မုံရွာနှင့်ချောင်းဦးမြို့နယ်အတွင်း ချင်းတွင်းမြစ် ရေထိန်းတာပေါင်များ အဆင့်မြှင့်တင်ဆောင်ရွက်မည်


မြေသားမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် မုံရွာမြို့မြောက်ဘက်ခြမ်း အိုးဘိုတောင်ရပ်ကွက်ရှိ ချင်းတွင်းမြစ် ရေတားတာပေါင်ကို တွေ့ရစဉ်။

မုံရွာ ဇူလိုင် ၄

မုံရွာနှင့် ချောင်းဦးမြို့နယ်အတွင်းသို့ ဖြတ်သန်း စီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်သည် နှစ်စဉ်မိုးရာသီတွင် မြစ်ရေမြင့်တက်မှုများဖြစ်ပေါ်လျက်ရှိရာ မြစ်ကမ်းပါးတစ်လျှောက်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ မြစ်ရေဝင်ရောက်မှုမှကာကွယ်နိုင်ရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြစ်ရေတား မြေသားတာပေါင်မြှင့်တင်ခြင်းနှင့် ကျောက်ရိုးစီလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်ရေသည် ၂၀၁၅ ခုနှစ်တွင် နှစ် ၅၀ အတွင်း အမြင့်ဆုံးရေအမှတ်အဖြစ် မုံရွာမြို့တွင် ၁၁၄၃ စင်တီမီတာအထိ မြင့်တက်ခဲ့ရာ မြို့တွင်းသို့ မြစ်ရေဝင်ရောက်မှုမရှိစေရေး အရေးပေါ်ကာကွယ်ရေးအတွက် သဲအိတ်များကို အသုံးပြုခဲ့ရသဖြင့် လက်ရှိမြစ်ရေတား တာပေါင်၏ အမြင့်ကို ၂၀၁၅ ခုနှစ် မိုးရာသီက အမြင့်ဆုံးရောက်ရှိခဲ့သော ၁၁၄၃ စင်တီမီတာအထက် ၉၈ စင်တီမီတာ (သုံးပေ)အမြင့် မြေသားတာပေါင်ထပ်မံမြှင့်ခြင်းနှင့် ကျောက်ရိုးစီခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့နယ်နဲ့ ချောင်းဦးမြို့နယ်အတွင်းက ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာရှိတဲ့ မြစ်ရေတားတာပေါင်ကို ၁၂ ပေအကျယ်ရှိတဲ့ လက်ရှိမြေသားတာပေါင် အမြင့်ထက် ထပ်မံမြှင့်တင်ခြင်းနဲ့ လိုအပ်တဲ့နေရာတွေမှာ ကျောက်ရိုးစီခြင်းလုပ်ငန်းတွေ လုပ်ဆောင်သွားမှာပါ။ မုံရွာမြို့ရဲ့ တောင်ဘက်ခြမ်း ညောင်ပင်ဇောက်ကွေ့ကနေ ချောင်းဦးမြို့နယ်အစပ်အထိကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဘတ်ဂျက်ငွေနဲ့ တည်ဆောက်မှာပါ။

မုံရွာမြို့ မြောက်ဘက်ခြမ်း ကွေ့ကြီးရပ်ကွက် လှည်းဆိပ်ကနေ အလုံစစ်ပင်ရပ်ကွက်အထိနဲ့ မုံရွာမြို့နယ်တောင်ဘက်အစပ်ကနေ ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းအထိကို ပြည်ထောင်စု ဘတ်ဂျက်နဲ့ လုပ်ဆောင်သွားမှာပါ။ လုပ်ငန်းအားလုံးကို တင်ဒါစနစ်နဲ့ လုပ်ဆောင်သွားမှာပါ"ဟု မုံရွာမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိန်က ပြောသည်။

ချင်းတွင်းမြစ်ရေတား တာပေါင်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအဖြစ် မုံရွာမြို့ညောင်ပင်ဇောက်ကွေ့ ပေတိုင်အမှတ် သုညမှ သစ်ဆိပ်ကျေးရွာအထိ ပေတိုင်အမှတ် ၄၃၀၀၀ အထိကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့်လည်းကောင်း၊ မုံရွာမြို့မြောက်ဘက်ခြမ်း ကွေ့ကြီးရပ်ကွက် လှည်းဆိပ် ပေတိုင်အမှတ် ၂၅၀၀၀မှ အလုံစစ်ပင်ရပ်ကွက် ပေတိုင်အမှတ် ၆၉၅၀၀ အထိလည်းကောင်း၊ မုံရွာမြို့နယ်တောင်ဘက်အစပ် သစ်ဆိမ့်ကျေးရွာ ပေတိုင်အမှတ် ၄၃၀၀၀မှ ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းအထိကို ပြည်ထောင်စုဘတ်ဂျက်ငွေများဖြင့် လက်ရှိတာပေါင်ကို အမြင့်ဆုံးမြစ်ရေအမှတ် ၁၁၄၃ စင်တီမီတာအထက် ၉၈ စင်တီ မီတာ (သုံးပေ)အထိ ၁၂ပေ အကျယ်မြေသားတာပေါင် မြှင့်တင်ခြင်းနှင့် ကျောက်ရိုးစီလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းဝေ(မုံရွာ)

## လူကုန်ကူးမှုသတင်းပေးတိုင်ကြားနိုင်သည့် Hot Line ဖုန်းများသို့ တိုင်ကြားမှုနည်းပါး

နေပြည်တော် ဇူလိုင် ၄

လူကုန်ကူးမှုများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ရေးအတွက် နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၌ Hot Line ဖုန်းနံပါတ်များ ထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၆ခုနှစ် ဇွန်လတွင် ဖုန်းခေါ်ဆိုမှုပေါင်း ၆၉၇ ကြိမ်ရှိခဲ့ကြောင်း သိရသည်။

ဖုန်းခေါ်ဆိုမှုပေါင်း ၆၉၇ ကြိမ်အနက် လူကုန်ကူးမှုသတင်းတိုင်ကြားမှု နှစ်ကြိမ်ရှိရာ လူကုန်ကူးခံရသူ အမျိုးသမီးနှစ်ဦးမှာ တရုတ်နိုင်ငံသို့ ရောင်းစားခံရသဖြင့် ပြန်လည်ကယ်တင်ရရှိရေး မြန်မာ-တရုတ် နယ်စပ် ဆက်ဆံရေးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ဖုန်းခေါ်ဆိုမှုပေါင်း ၆၉၇ ကြိမ်မှာ လူကုန်ကူးမှုသတင်းပေးတိုင်ကြားမှု နှစ်ကြိမ်၊ လူပျောက်သတင်းပေးတိုင်ကြားမှု ၄၇ ကြိမ်၊ ပြည့်တန်ဆာ၊ လောင်းကစားစသည့် သတင်းပေးတိုင်ကြားမှု ၅၃ ကြိမ်၊ ဖုန်းမှားဆက်ခြင်း ၂၀၆ ကြိမ်၊ MPT ကလားဟုမေးသည့် ဖုန်းခေါ်ဆိုမှု ၅၃ ကြိမ်၊ ဖုန်းခေါ်ပြီး ပြန်မပြောသည့် ဖုန်းခေါ်ဆိုမှု ၂၈၂ ကြိမ်နှင့် ဆဲဆိုခြင်း၊ စနောက်ခြင်းစသည့် နှောင့်ယှက်သည့် ဖုန်းခေါ်ဆိုမှု ၅၄ ကြိမ်တို့ဖြစ်ကြောင်း သိရသည်။

လူပျောက်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရဲစခန်းများတွင် လူပျောက်မှုဖွင့်လှစ်နိုင်ရေး လမ်းညွှန်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနယ်မြေရဲစခန်းများနှင့် ပူးပေါင်း၍ လူပျောက်မှု ၁၀ မှုကို ပြန်လည်ရှာဖွေပေးနိုင်ခဲ့သည်။ ပြည့်တန်ဆာ၊ လောင်းကစားစသည့် သတင်းပေးမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေရဲစခန်းများ၏ ဆက်သွယ်တိုင်ကြားရမည့် ဖုန်းနံပါတ်များကို သတင်းပေးသူများထံ ပြန်လည်ပြောကြားပေးပြီး တိုင်ကြားနိုင်ရေး ညွှန်ပြပေးနိုင်ခဲ့သည်။

လူကုန်ကူးမှုနှင့်သက်ဆိုင်သည့် သတင်းများထက် မသက်ဆိုင်သည့် အခြားသတင်းများ Hot Line ဖုန်းများသို့ ဖုန်းခေါ်ဆိုတိုင်ကြားသည့်အတွက် အမှန်တကယ် လူကုန်ကူးခံရသူများ၊ ပြည်သူများမှ လူကုန်ကူးမှု သတင်းများ တိုင်ကြားရာတွင် ဖုန်းလိုင်းမအားခြင်းများကြုံတွေ့နိုင်ပြီး နစ်နာဆုံးရှုံးမှုရှိလာနိုင်သဖြင့် အခြားမသက်ဆိုင်သည့်သတင်းများ Hot Line ဖုန်းများသို့ ဆက်သွယ်တိုင်ကြားခြင်းမပြုကြပါရန် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တိုက်တွန်းထားကြောင်း သိရသည်။

လူကုန်ကူးမှုများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားလိုပါက နေပြည်တော် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး Hot Line ဖုန်းနံပါတ် ၀၉ ၄၉ ၅၅၅ ၆၆၆၊ ၀၉ ၄၉ ၅၅၅ ၇၇၇၊ ၀၉ ၄၉ ၅၅၅ ၈၈၈ နှင့် ၀၉ ၄၉ ၅၅၅ ၉၉၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းနိုင်(လူကုန်တား)



## ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ ပဏာမကွင်းဆင်းလေ့လာ

တနင်္သာရီ ဇူလိုင် ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်းရှိ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ အထောက်အထားများ စာရင်းကောက်ယူရန်အတွက် ပဏာမကွင်းဆင်းလေ့လာ ဆောင်ရွက်ခြင်းလုပ်ငန်းများအား ဇူလိုင် ၁ ရက်မှ ၃ ရက် ညနေပိုင်းအထိ မြို့တည်ရှိမှုပုံစံအား ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေ့လာဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့ဟောင်းများကို ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဇုန်အဖြစ် သတ်မှတ်နိုင်ရန်အတွက် မြို့တည်ရှိမှုပုံစံအား ကွင်းဆင်းလေ့လာ ဆောင်ရွက်မှုကို ရှေးဟောင်း သုတေသနဆိုင်ရာ မြေပုံ (Archaeological Map) ထုတ်ယူနိုင်ရန် အဓိကရည်ရွယ်၍ ပဏာမကွင်းဆင်း လေ့လာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထမံသီ-လေရှီးလမ်း လမ်းပိတ်ဆို့မှုဖြစ်ပွား

လေရှီး ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထမံသီမှ လေရှီးမြို့နယ်သို့ ဆက်သွယ်ဖောက်လုပ်ထားသော ထမံသီ-လေရှီးလမ်း မိုင်တိုင်အမှတ် (၃၃/၀)နှင့် (၃၈/၃)တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် လမ်းဘေးကမ်းပါးယံမှ ကျောက်တုံးများနှင့်မြေစာများပြိုကျမှုကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိတ်ဆို့မှုသည် ဇူလိုင် ၂ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုင်တိုင်အမှတ် (၃၃/၀)တွင် လမ်းအရှည်ပေ ၂၀ ခန့်နှင့် (၃၈/၃)တွင် လမ်းအရှည်ပေ ၃၀ ခန့် စုစုပေါင်းပေ ၅၀ ခန့် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ သွားလာမှုမပြတ်တောက်စေရေးအတွက် လူအင်အားဖြင့်လည်းကောင်း၊ လမ်းဦးစီးဌာနမှ မီနီဘက်ဟိုးဖြင့်လည်းကောင်း ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် လုပ်ဆောင်လျက်ရှိရာ ညနေပိုင်းတွင် ပုံမှန်ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထမံသီ-လေရှီးလမ်း မြေပြိုမှုဖြစ်ပွားရာသို့ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ဦးစီးသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ လေရှီးမြို့နယ် ကားသမားများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာ(ပြန်/ဆက်)

သင့်စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ထီးချိုင့်မြို့နယ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် မြေငှားဂရန်(၅၁)တွဲပေးအပ်

ထီးချိုင့် ဇူလိုင် ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာတွင် ပြည်သူအတွက်ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကစီစဉ်ဆောင်ရွက်ပေးသော မြေငှားဂရန်များပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီကမြတောင်ရွာ မြသိန်းချစ်ခန်းမတွင်ကျင်းပသည်။

အခမ်းအနားတွင် ထီးချိုင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစည်သူနေမျိုးက "မြေငှားဂရန်ကို ဘိုးဘွားပိုင်မြေနဲ့ အစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေများကို နေထိုင်ခွင့်မြေငှားဂရမ်ချထားပေးပါတယ် ၊ နှစ်တို ၁၀ နှစ်ဂရန်နဲ့ နှစ်ရှည် နှစ် ၃၀ ကို သုံးကြိမ်ချထားပေးလို့ရပါတယ်။ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေပေါ်တွင် နေထိုင်ကြသော ပြည်သူများအနေဖြင့်မြေငှားဂရန်ရှိပါကလူနေထိုင်မှုခိုင်မာခြင်း၊ ပိုင်ဆိုင်မှုများခိုင်မာခြင်း စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့်ဘဏ်များမှအရင်းအနှီးချေးငွေများ ချေးယူနိုင်ခြင်း၊ ပညာရေးကျန်းမာရေးကိစ္စများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းနှင့်လူမှုစီးပွားရေးဘဝတိုးတက်လာနိုင်မည်ဟု" ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြေငှားဂရန် ၅၁ တွဲကို တစ်ဦးချင်းပေးအပ်ကြသည်။

အဆိုပါ အခမ်းအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဟန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးစည်သူနေမျိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုမောင်နှင့်ဌာနဆိုင်ရာအကြီးအကဲများ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြေငှားဂရန်ထုတ်ယူကြမည့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဇွဲမာန်(ထီးချိုင့်)

## ပြည်တွင်းရေးရာ

○ နယ်စပ်မှ

အစီးရေတိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

"နယ်စပ်ဒေသက ဒေသခံကုန်သည်ငယ်တွေအတွက် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်ကတ် (Individual Trading Card- ITC) နဲ့ ခွင့်ပြုဆောင်ရွက်ပေးနေတာဟာ အရင်က တစ်ရက်ကို ကျပ်သိန်း ၂၀ နှုန်းနဲ့ ငါးရက်ကို ကျပ်သိန်း ၁၀၀ နှုန်း ခွင့်ပြုထားရာကနေ ရက် ၁၀၀ စီမံချက်မှာ တစ်ရက်ကို ကျပ်သိန်း ၃၀ နှုန်းနဲ့ ငါးရက်စာ ကျပ်သိန်း ၁၅၀ အထိ တိုးမြှင့်ဆောင်ရွက်ခွင့်ပြုတာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့အတွက် ကိုယ်ပိုင်ကုမ္ပဏီ မထူထောင်နိုင်သေးတဲ့ နယ်စပ်ဒေသမှာရှိတဲ့ ဒေသခံ ကုန်သည်ငယ်များအနေနဲ့ လုပ်ငန်းကို ပိုမိုတိုးချဲ့နိုင်ပြီး အတွေ့အကြုံနဲ့ အခွင့်အလမ်းတွေပိုမိုရရှိလာမှာ ဖြစ်သလို နိုင်ငံတော်အတွက်လည်း အခွန်အခပိုမိုရရှိလာမှာဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏလည်း တိုးတက်လာမှာဖြစ်ပါတယ်"ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းအပေါ် ရှင်းလင်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

အဆိုပါ ITC ကတ်ဖြင့် ဆိုင်ကယ်တင်သွင်းသူ လုပ်ငန်းရှင်များ ကုန်သွယ်မှုဆောင်ရွက်ရာတွင် လိုင်စင်ခွင့်ပြုသတ်မှတ်ကာလ ခုနစ်ရက်အတွင်း အခက်အခဲမရှိ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင်ရှိသည့် ဌာနဆိုင်ရာဖြစ်သော ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်ခွင့်ပြုမှု၊ အကောက်ခွန်ဦးစီးဌာနမှ လိုင်စင်အရ သွင်းကုန်ကြေညာလွှာ (ID) ဖွင့်ပြီး အခွန်ကောက်ခံမှု၊ ပြည်တွင်းအခွန်ဦးစီးဌာနမှ ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ကောက်ခံမှု၊ မြန်မာ့စီးပွားရေးဘဏ်မှ ဆိုင်ကယ်တန်ဖိုး(AV)အပေါ် ဘဏ်

# ပန်းလှိုင်အိမ်ရာဝင်းအတွင်း၌ အဆင့်မြင့်အိမ်ရာစီမံကိန်း ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်မြို့အနောက်ပိုင်း လှိုင်မြစ်တစ်လျှောက်ရှိ ပန်းလှိုင်အိမ်ရာဝင်းအတွင်း၌ Lotus Hill အဆင့်မြင့်အိမ်ရာစီမံကိန်းအား Yoma Strategic Holdings လီမိတက်က ဇွန်လမှစတင်ကာ အကောင်ထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

ပန်းလှိုင်အိမ်ရာဝင်းအတွင်း အသစ်ချဲ့ထွင်ဆောက်လုပ်မည့် Lotus Hill အဆင့်မြင့်အိမ်ရာစီမံကိန်းအား မြေနေရာဧရိယာ ကိုးဧကကျယ်ဝန်းသည့်နေရာပေါ်၌ သုံးထပ်တိုက်အဆောက်အအုံ အလုံး ၇၀ ဆောက်လုပ်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင်စတင်ရေးဆွဲခဲ့သော အဆိုပါစီမံကိန်းကို Yoma Strategic မှ ဦးဆောင်၍ ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ Lotus Hill အဆင့်မြင့်အိမ်ရာစီမံကိန်းမှာ ရေကန်အားပတ်၍ တည်ရှိနေမည်ဖြစ်ပြီး နောက်ထပ်ရေကူးကန်အသစ်များ၊ ကလေးကစားကွင်းများ၊ အားကစားခန်းမများ၊ ဂေါက်ကွင်းများ၊ တင်းနစ်ကွင်းများ၊ ဘတ်စကက်ဘောကွင်းများ၊ Gym အခန်းများ၊ ယာဉ်ရပ်နားရန်ကားပါကင်နေရာများ အလုံအလောက်ပါဝင်မည်ဖြစ်ကာ စီမံကိန်းဧရိယာအတွင်း စိမ်းလန်းမှုဧရိယာအဖြစ်ထည့်သွင်းဖန်တီးလုပ်ဆောင်သွားမည်ဖြစ်သည်။ လျှပ်စစ်မီးနှင့်ရေ ၂၄ နာရီ ပတ်လုံးရရှိစေရန်ဆောင်ရွက်ထားရှိပြီး ပရိဘောဂပစ္စည်းများမှလွဲ၍ ကျန်အသုံးအဆောင်ပစ္စည်းများအား ထည့်သွင်းဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Lotus Hill အဆင့်မြင့်အိမ်ရာစီမံကိန်းအားဒီဇိုင်းရေးဆွဲခဲ့သော Yoma Strategic ၏ဒီဇိုင်းပညာရှင် Daniel West က" Lotus Hill ကအဆင့်မြင့်အိမ်ရာစီမံကိန်းကိုစပြီးဒီဇိုင်းဆွဲတော့ ပန်းလှိုင်ရဲ့အဆင့်မြင့်ပြီးခေတ်မီတဲ့ခံစားမှုမျိုးကို ထင်ဟပ်အောင်ရေးဆွဲထားပါတယ်။ နံရံကနေ ကြမ်းပြင်ထိမြင့်တဲ့ မှန်ပြတင်းပေါက်ပါရှိတဲ့အတွက် သဘာဝအလင်းရောင်ကို ရရှိနိုင်မှာဖြစ်ပြီးတော့မှင်တက်ရှုမောဖွယ်ရာမြင်ကွင်းကို တစ်ပါတည်းခံစားနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ဖန်တီးထားတာပါ။ ခေတ်သစ်အသွင်အပြင်ကို ပြန်လည်ဖော်ဆောင်ဖို့အတွက် ဒီအိမ်လေးတွေကို ဒီဇိုင်းဆွဲဆောက်လုပ်ထားတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆောက်အအုံများ၏ ဖွဲ့စည်းထားပုံအရ Ground Floor ဧရိယာမှာ စတုရန်းပေ ၁၆၁၈၊ First Floor ဧရိယာမှာ စတုရန်းပေ ၁၁၇၉ နှင့် Second Floor & Terrace ဧရိယာမှာ စတုရန်းပေ ၁၈၁၄ ရှိမည်ဖြစ်ပြီး အဆောက်အအုံတစ်ခုလုံး၏ စုစုပေါင်းဧရိယာမှာ စတုရန်းပေ ၄၆၀၀ ကျော်ရှိမည်ဖြစ်သည်။ အဆောက်အအုံများ၏မြေနေရာဒီဇိုင်းပုံစံများအားကြည့်ကာ ဆောက်လုပ်ထားခြင်းဖြစ်ပြီး အဆောက်အအုံ ငါးလုံးတွဲ၊ လေးလုံးတွဲနှင့် နှစ်လုံးတွဲများဖြင့် ပုံစံအမျိုးမျိုးဖွဲ့ကာဆောက်လုပ်သွားမည်ဖြစ်သည်။

Pun Hlaing Estate Department မှ Sales & Marketing Associate ဒါရိုက်တာ ဦးလင်းထွန်းကိုက "လက်ရှိ အိမ်နမူနာ ပုံစံနှစ်လုံးဆောက်လုပ်ပြီးသွားပါပြီ။ အရစ်ကျစနစ်နဲ့ ရောင်းချသွားဖို့လည်းရှိပါတယ်၊ Lotus Hill ဆိုတဲ့အတိုင်း အိမ်ကခုံးလေးအပေါ်မှာတည်ဆောက်ထားတာပါ။ ဒီအဆောက်အအုံတွေပြီးစီးသွားပြီဆိုရင်တော့ လှိုင်မြစ်၊ ဂေါက်ကွင်း၊ ရေကန်တွေကိုနေထိုင်ကြသူတွေ အပန်းဖြေကြည့်ရှုခံစားကြရမှာဖြစ်ပါတယ်။ နေထိုင်ကြသူတွေအတွက်လည်းမြေဂရန်က နှစ် ၆၀ ဂရန်ရကြမှာဖြစ်ပါတယ်။ ကျောင်း၊ ဆေးရုံ ဈေးတွေနဲ့နီးပြီး လုံခြုံရေးစိတ်ချရတာကြောင့် စီမံကိန်းပြီးစီးသွားပြီဆိုရင်တော့ ဒီ Lotus Hill အဆင့်မြင့်အိမ်ရာမှာနေထိုင်ကြတဲ့သူတွေအတွက် အဆင်ပြေစေတော့မှာဖြစ်ပါတယ်" ဟု ဆိုလေသည်။

လှိုင်မြစ်တစ်လျှောက်ရှိ ပန်းလှိုင်အိမ်ရာဝင်းအကျယ်အဝန်းမှာ စုစုပေါင်းဧက ၆၅၂ ဧကရှိပြီးအဆိုပါ ပန်းလှိုင်အိမ်ရာဝင်းအတွင်းရှိ Lotus Hill အဆင့်မြင့်အိမ်ရာစီမံကိန်းအား ၂၀၁၈ ခုနှစ်ကုန်ပိုင်းမတိုင်မီ အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(စိုးဝင်း-MLA)**

ဆောင်ရွက်ခကောက်ခံမှု စသည့်အပိုင်းအလိုက် သက်ဆိုင်ရာဌာနများက ပူးပေါင်းတာဝန်ယူဆောင်ရွက်ပြီး လုပ်ငန်းရှင်ငယ်များအတွက် လုပ်ငန်းပိုင်းမှ အခက်အခဲမရှိ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးထားသည်ဟု သိရသည်။

ယင်းသို့ မော်တော်ဆိုင်ကယ်တင်သွင်းရာတွင် ဌာနအလိုက်ပေးသွင်းရမည့် အခွန်နှုန်းထားများကို တရားဝင်ထုတ်ပြန်ကြေညာထားပြီး ဆိုင်ကယ်ထုတ်လုပ်မှုခုနှစ်၊ အင်ဂျင်ပါဝါ၊ ဈေးနှုန်းတို့အပေါ်မူတည်၍ ကောက်ခံလျက်ရှိသည်။

**(၀၀၁)**



ဥတ္တရသီရိမြို့နယ်မင်းကုန်း အထက၌ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း နားလည်သဘောပေါက်စေရန်၊ ယာဉ်တိုက်မှုလျော့နည်းစေရန်အတွက် ဇူလိုင် ၁ ရက်က ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုတပ်ဖွဲ့ခွဲ(၁) ဥတ္တရသီရိမြို့နယ် တပ်ဖွဲ့စု(၃)မှ ဒုရဲအုပ်ဌေးလွင်(ခ)နေမျိုးသူရက ယာဉ်တိုက်မှုဖြစ်စဉ်များကို ပရိုဂျက်တာဖြင့်ပြသ၍ ဟောပြောစဉ်။

**ကိုကိုရူပ(နေပြည်တော်)**

# ပထမအကြိမ် အထက်မြန်မာပြည် နိုင်ငံတကာအဆင့်မီ ဟင်းချက်ပြိုင်ပွဲကျင်းပ၊ အသင်းအဖွဲ့ ၃၀၀ ကျော်ပါဝင်ယှဉ်ပြိုင်

**မန္တလေး ဇူလိုင် ၄**

မြန်မာနိုင်ငံ စားဖိုမှူးများအသင်းနှင့် WACSတို့၏ ပံ့ပိုးကူညီမှုနှင့် MCA MANDALA မှ ဦးစီးကျင်းပသော ပထမအကြိမ် အထက်မြန်မာပြည် နိုင်ငံတကာအဆင့်မီဟင်းချက်ပြိုင်ပွဲ ဖွင့်ပွဲကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈)လမ်းနှင့်(၃၄) လမ်းထောင့်ရှိ ရတနာပုံစူပါစင်တာ Mandalay Yatanar Mally ပရိမ်းရှင်းဧရိယာ၌ ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနဌာနမှူး ဦးသိန်းဌေးနှင့် မြန်မာနိုင်ငံ စားဖိုမှူးများအသင်း Oliver E Soe Thetနှင့် Mandalay Yatanar mall ဒါရိုက်တာ ဦးဇော်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အထက်မြန်မာပြည်နှင့်မန္တလေးမြို့ရှိ ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ အသင်းအဖွဲ့များက မြန်မာ၊ တရုတ်၊ ဥရောပ၊ အိန္ဒိယဟင်းလျာများအား ချက်ပြုတ်ပြီး ပြိုင်ပွဲဝင်ကြသည်။ နိုင်ငံတကာအဆင့်မီဟင်းချက်ပြိုင်ပွဲကို ဇူလိုင် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံစားဖိုမှူးများ အသင်းက အကဲဖြတ်ကာ ဆုများ ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲသို့ မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။




**သီဟကိုကို(မန္တလေး)**

❑

# ဆည်မြောင်းတာတမံများ ရေဘေးကာကွယ်ရေး ပညာပေးသရုပ်ပြ

**ညောင်တုန်း ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာအုပ်စု ဆည်မြောင်းတာတမံများ ရေဘေးကာကွယ်ရေးပညာပေးသရုပ်ပြပွဲကို မြို့မဒေသစိတ် နတ်ပေးရေကင်းစခန်း၌ ဇူလိုင် ၁ ရက်က ကျင်းပသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးကျော်ဇေယျာတင့်က ရေဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြရှင်းလင်းရာတွင် တာပေါ်ရေကျော်ခြင်း၊ တာအိခြင်း၊ ထူးပေါက်ဖောက်ခြင်း၊ သဲဗွက်ထခြင်း၊ မြစ်ရေကြီးစဉ်အတွင်း တာတမံများကျိုးပေါက်နိုင်သည့် အကြောင်းအရင်းများ၊ တာတမံရေကျော်ခြင်းအား သဲအိတ်ဆင့်၍ ကာကွယ်ထားခြင်းများ၊ ရေပေါက်ဖောက်ခြင်းအား ရေခွေခွေ၍ ကာကွယ်ထားပုံများကို သရုပ်ပြရှင်းလင်းသည်။

ညောင်တုန်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော တာတမံနှင့် ရေဘေးကာကွယ်ရေး ဧရိယာသည် ဧရာဝတီအရှေ့ဘက်ကမ်းတာ ၁၇ ဒသမ ၃၈ မိုင်၊ ရေဘေးကာကွယ်ရေးဧရိယာ ၁၅၉၃၅ ဧက၊ ညောင်တုန်းကျွန်းတာ ၃၇ ဒသမ ၀၀ မိုင်၊ ရေဘေးကာကွယ်ရေးဧရိယာ ၆၇၃၃၄ ဧကနှင့် တာဝ၊ ပါလှဲ့၊ ကုက္ကိုဝတာ ၂၃ ဒသမ ၂၅ မိုင်၊ ရေဘေးကာကွယ်ရေးဧရိယာ ၁၃၁၆၇ ဧက၊ စုစုပေါင်းအလျားမိုင် ၇၇ ဒသမ ၆၃ မိုင်နှင့် ရေဘေးကာကွယ်ဧရိယာ ၉၆၄၃၆ ဧကအား တာဝန်ယူဆောင်ရွက်ရကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်(ရွှေဈေး) ၈၂၄၀၀၀ - ၈၂၄၀၀၀၊ မန္တလေး(ရွှေဈေး) ၈၂၃၅၀၀ - ၈၂၃၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၁ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၀၀ ကျပ်

**၂၇-၆-၂၀၁၆ ရက်နေ့မှ ၁-၇-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၁၁ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၂၃ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၁၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၇.၁၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃.၆၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၅၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၄၉.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂.၄၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၁.၀၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၆.၃၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၅- ၇ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
- ၆း၀၀ -အဖွင့်
  -မိုးလေဝသအစီအစဉ်
  -ကာတွန်းအစီအစဉ် "The Incredibles" (အပိုင်း-၂)
- ၇း၀၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၃၃)
- ၇း၄၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "နင်. . စေလိုရာစေ" (အပိုင်း-၁၃)
- ၈း၅၀ MRTV Entertainment Music
- ၉း၀၀ ပြည်သူ့နီတိ "ဝန်"
- ၉း၂၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
- ၉း၃၀ မြန်မာ့ရိုးရာတူရိယာ "မြန်မာ့စောင်း" (အပိုင်း-၁)
- ၁၀း၀၀ တေးဂီတအစီအစဉ်
- ၁၀း၁၀ မြန်မာ့ဗွီဒီယိုဇာတ်လမ်း "သားလှရတနာ"

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၄၀ "ပဋိစ္စသမုပ္ပါဒ်တရားနှင့် ဝိပဿနာအခြေခံသင်တန်း" (အပိုင်း-၁) တရားတော် [ဆရာတော်အရှင်ဝိသေဒ္ဓ (မြို့ဦးစေတီ)]
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၁၅ သွားမယ်စားမယ်(My Friend-2)
- ၁၂း၃၅ အနုပညာမိုးကောင်းကင်
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၅၈)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁၂)
- ၃း၅၅ Cartoon Series(Go Go Giggles)
- ၅း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရ ချစ်သူသည်သာ" (အပိုင်း-၁၁၃)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၅၉)
- ၈း၀၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၄၀)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် ဂျန်းယောလ်ရှီးလ်" (အပိုင်း-၃၀)
- ၉း၅၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၅ MRTV-4 Stage
- ၁၀း၄၀ World of Knowledge (Hooked Nile Giant)

### မြဝတီရုပ်မြင်သံကြား

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၀ ခမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၁၅ DVD Hits
- ၈း၄၅ ခရီးလည်းသွားစကားလည်းဆို
- ၉း၁၀ World Wide Web
- ၉း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၉း၄၅ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၁၀း၀၀ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
- ၁၀း၁၅ Books Guide
- ၁၀း၃၀ Guide For You
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၀၀ နိုင်ငံတကာသတင်း
- ၁၁း၁၀ မြတ်နိုးစရာ ရိုးရာလက်မှုပညာ
- ၁၁း၂၅ Sportcast
- ၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၂း၁၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၂၅ ကျန်းမာသုတ
- ၄း၂၅ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ Sport Review
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် (အပိုင်း-၃၅)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့ချစ်ပန်းသခင် (အပိုင်း-၃၄)
- ၆း၁၀ Let's Go To
- ၆း၃၅ Dream Team ရဲ့ စိန်ခေါ်မှုများ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဧကရီ (အပိုင်း-၄၆)
  -VOA အင်္ဂလိပ်စာသင်ခန်းစာ
  -ဟာသရုပ်စုံ
  -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဏ္ဏဝါချစ်သူ(အပိုင်း-၂)

### mitv

- 07:26 Size Does Matter (Ep-I)"Human-Elephant Conflict"
- 07:46 Myanmar Traditional Thatched Roofs: Thet Nge
- 08:25 Director: Kyi Phyu Shin
- 08:36 Memorable Yaw Region
- 08:53 Cosplayer
- 09:26 The Strokes of Myanmar
- 09:51 Today Myanmar: First Hundred Days of the New Government
- 10:25 Adventurous Young Photographer
- 10:45 Sai Ye Kwan
- 10:54 Hip-Hop and Design
- 07:27 A Day Out With Sarah (EP-5)
- 07:53 Ngapali Beach: Fishing Villages
- 08:26 Trend Of Kachin Dress
- 08:52 Crocodile Keeper

# မြန်မာ့ဇာတ်သဘင်ပညာအမွေကို သက်ဆုံးတိုင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရွှေမန်းချမ်းသာ ပြောကြား

**မလှိုင် ဇူလိုင် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ပန်းအိုင်ဗုဒ္ဓပူဇနိယပွဲတော်ကို ရှေးအစဉ်အလာမပျက် ကျင်းပပူဇော်လျက်ရှိရာ ယခုနှစ် နယုန်လပြည့်နေ့မှစတင်ကာ ဝါဆိုလဆန်း ၂ ရက်နေ့အထိ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲများနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဘုရားပွဲတော်တွင် လာရောက်ကပြနေသော သစ္စာမေတ္တာ ရွှေမန်းသဘင်ဇာတ်အဖွဲ့မှ သားအငယ်ဆုံးဖြစ်သူ ဦးချမ်းသာနှင့် တွေ့ဆုံမေးမြန်းမှုများကို ပြန်လည်တင်ပြလိုက်ပါသည်။

"သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့မှ သားအငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် အသက်(၁၇)နှစ်သားလောက်ကတည်းကစလို့ ပန်းအိုင်ဘုရားပွဲတော်ကို ဖေဖေ အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်နဲ့ လာရောက်ကပြ ဖျော်ဖြေခဲ့စဉ်ကတည်းက မောင်ချမ်းသာရယ်လို့ အမည်တစ်လုံး ပြည်သူတွေရဲ့ရင်ထဲမှာ စွဲထင်မှတ်ခဲ့တာပါ။ ကျွန်တော် ၁၉၉၇ ခုနှစ်ကစပြီး ဇာတ်ဆရာလုပ်လာခဲ့ပေမယ့် စတင်ကပြတာဆိုရင် ၁၉၇၇ ခုနှစ်ကတည်းကပါ။

"အခုဆိုရင် သဘင်သက်တမ်းဟာ နှစ်ပေါင်း ၃၉ နှစ်ရှိ နေပါပြီ။ ဇာတ်ဆရာတစ်ယောက် ဖြစ်လာတော့ ဖေဖေထိန်းသိမ်းခဲ့တဲ့ မြန်မာ့ဇာတ်သဘင်ပညာ အမွေကို ကျွန်တော့်လက်ထက်မှာလည်း သက်ဆုံးတိုင် ထိန်းသိမ်းသွားမှာပါ။ ဇာတ်ဆရာတစ်ယောက်ရဲ့ တာဝန်ဟာ သစ္စာမေတ္တာ ရွှေမန်းသဘင်ဇာတ်တစ်ဖွဲ့သားလုံးရဲ့အပေါ်မှာ အရေးကြီးပါတယ်။ ဖေဖေတို့ လက်ထက်တုန်းက ဇာတ်သဘင်ပညာနဲ့ အခုလက်ရှိ ဇာတ်သဘင်ပညာဟာ ကွာခြားချင် ကွာခြားနေပါလိမ့် မယ်။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ ချမ်းသာကတော့ မြန်မာ့ဇာတ်သဘင် ပညာအမွေကို ဖေဖေ့လက်ထက်တုန်းကလိုပဲ ထာဝရ ထိန်းသိမ်းမှာပါ။

"ကျွန်တော်ကပြခဲ့တဲ့ ပြဇာတ်ပေါင်း ၆၀ကျော်ရှိတဲ့အနက် ကိုယ်တိုင်ရေး ကပြခဲ့တဲ့ ပြဇာတ်ပေါင်းဟာ ၅၀ ကျော် ရှိပါတယ်။ ကျွန်တော်တို့ ဇာတ်သဘင် လောကအခြေအနေကို ပြောပြရမယ်ဆိုရင်တော့ ယခင်အစိုးရလက်ထက်မှာလည်း သူ့ဟာနဲ့သူ အဆင်ပြေတယ်ဆိုပေမယ့် မွန်းကျပ်မှုတွေတော့ ရှိပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာတော့ အစိုးရသက်တမ်းအားဖြင့် ကြည့်မယ်ဆိုရင် နုပါသေးတယ်။ အခုအကောင်အထည်ဖော်နေတဲ့ ရက် ၁၀၀ စီမံချက်ကိုပဲ စောင့်ကြည့်ရမှာပါ။ ကျွန်တော်တို့ ဇာတ်သဘင်လောကကြီး တစ်ခုလုံးကိုလည်း မွန်းကျပ်မှုတွေမရှိအောင် ယခုအစိုးရသစ်အနေနဲ့ လုပ်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

"အဓိကအနေနဲ့တော့ ကျွန်တော်တို့ ဇာတ်သဘင်လောကမှာ လွတ်လပ်စွာ ဖန်တီးခွင့်၊ ကပြခွင့်၊ တည်ဆောက်ခွင့်ဆိုတာကို မျှော်လင့်ချက် ရောင်ခြည်လေးတွေသန်းလာမှာပဲ။ ဒါပေမယ့် မကြာခင်မှာတော့ ယခင်ထက် ကျေနပ်မှုတွေပိုရမယ်လို့ ထင်ပါတယ်။ မြန်မာ့ဇာတ်သဘင်ပညာဟာ အရင်တုန်းက ဇာတ်ခုံပေါ်မှာ သဘင်ပညာစစ်စစ်ကို ကပြနေလို့ရပေမယ့် အခုအခါမှာတော့ မြန်မာ့ဇာတ်သဘင်ပညာကို ဇာတ်ခုံပေါ်မှာ သဘင်ပညာစစ်စစ်က ပြနေသော်လည်း စီးပွားရေးလုပ်ငန်းရှင် တချို့က မိမိတို့ရဲ့ အကျိုးစီးပွားအတွက် မြန်မာ့ဇာတ်သဘင် ဇာတ်ခုံပေါ်ကို နာမည်ကြီး အနုပညာရှင်တချို့ကို ခေါ်ယူကပြ ဖျော်ဖြေခိုင်းတော့ ကျွန်တော်တို့လို ဇာတ်သဘင်သားတွေအနေနဲ့ ရှေ့တန်းကနေကပြခဲ့ပေမယ့် နောက်တန်းကို ပြန်ရောက်သွားသလို ခံစားရပါတယ်။

"ကျွန်တော် ပြောချင်တာကတော့ အနုပညာရှင်တွေကို မဟုတ်ပါဘူး။ ယနေ့ခေတ်နဲ့ အညီဖြစ်ပေါ်နေတဲ့ ဇာတ်သဘင် လောကအခြေအနေပါ။ ဥပမာ ဇာတ်ခုံပေါ်မှာ သဘင်ပညာရှင်တွေဟာ မိမိတို့ပညာနဲ့ ဘယ်လောက်ကပြနေပါစေ ဇာတ်ကန်ထရိုက်တချို့က နာမည်ကြီး အနုပညာရှင်တစ်ဦးကို ခေါ်ယူကပြခိုင်းခဲ့မယ်ဆိုရင် ဇာတ်စင်အောက်က ပွဲကြည့်ပြည်သူတွေကလည်း တစ်ခဏတာ လာရောက်ဖျော်ဖြေကြတဲ့ အနုပညာရှင်လည်းပြန်ရော ပွဲခင်းထဲမှာ လူလည်းမရှိဖြစ်ရော။ ဒါကြောင့် ကျွန်တော်တို့ အဓိကအနေနဲ့ နောက်ဆုံးပြောချင်တာကတော့ ယခု ကျွန်တော် ဦးဆောင်ကပြနေတဲ့ သစ္စာမေတ္တာ ရွှေမန်းဇာတ်သဘင်အဖွဲ့ကြီးဟာ မြန်မာ့ဇာတ်သဘင်ပညာ စစ်စစ်အမွေကို သက်ဆုံးတိုင် ထိန်းသိမ်းသွားမှာပါ" ဟု သစ္စာမေတ္တာ ရွှေမန်းဇာတ်သဘင်အဖွဲ့မှ ဦးချမ်းသာက ပြောသည်။

**ကျော်ကျော်(မလှိုင်)**

■

# ဟောလိဝုဒ်၏ ဝင်ငွေအကောင်းဆုံး မင်းသမီးတစ်ဦးဖြစ်လာခဲ့သည့် မင်းသမီး စကားလက်ဂျိုဟန်ဆန်



Avengers စူပါဟီးရိုးဇာတ်ကားများမှ ပင်တိုင်မင်းသမီးတစ်ဦးဖြစ်သူ စကားလက် ဂျိုဟန်ဆန်သည် မကြာမီကထွက်ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် အောင်မြင်မှုများရရှိခဲ့သည့် Captain America: Civil War နှင့် The Jungle Book ဇာတ်ကားတို့ဖြင့် ဟောလိဝုဒ်၏ ဝင်ငွေအကောင်းဆုံးမင်းသမီးတစ်ဦးအဖြစ် သရဖူဆောင်းနိုင်ခဲ့ကြောင်း ဟောလိဝုဒ်၏ရုံဝင်ငွေစာရင်းများကို ဖော်ပြပေးလျက်ရှိသည့် Box Office Mojo မှ ထုတ်ပြန်ချက်အရ သိရသည်။

မြောက်အမေရိကရှိ ရုပ်ရှင်ရုံများတွင် Captain America: Civil War နှင့် The Jungle Book ဇာတ်ကားတို့သည် ရုံဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၄ သန်းကျော်နှင့် ၃၅၈ သန်းကျော်တို့ အသီးသီးရရှိခဲ့ပြီး မင်းသမီးစကားလက်၏ ရုံဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ The Avengers ဇာတ်ကားဖြစ်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၆၂၃ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။ မင်းသမီးစကားလက်ဂျိုဟန်ဆန်သည် အမျိုးသားသရုပ်ဆောင်များကို ကျော်လွန်ကာ ဟောလိဝုဒ်၏ အသက်အငယ်ဆုံး ထိပ်တန်းဝင်ငွေရရှိသည့် အနုပညာရှင်တစ်ဦးလည်းဖြစ်ပြီး ဒုတိယနေရာတွင် Cameron Diaz ကလည်းကောင်း၊ တတိယနေရာတွင် Star Wars: The Force Awakens ဇာတ်ကားဖြင့် မင်းသားကြီး ဟာရီစွန်ဖို့ဒ်ကလည်းကောင်း နေရာယူထားသည်။ မင်းသမီး စကားလက်ဂျိုဟန်ဆန်သည် ၂၀၁၇ တွင်ထွက်ရှိမည့် အန်နီမေးရှင်းဇာတ်ကား Ghost in a Shell နှင့် Rock that Body တို့တွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**(မိုးစန္ဒာမောင်)**

# အင်တာတိုက်စစ်မှူး အိုင်ကာဒီအား စပါးပစ်မှတ်ထားနေ

ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် အီတလီစီးရီးအေကလပ် အင်တာမီလန် တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် အာဂျင်တီးနားတိုက်စစ်မှူး အိုင်ကာဒီအား စပါးအသင်းနှင့်အပြိုင် စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

စပါးအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် တိုက်စစ်မှူး အိုင်ကာဒီအား ပြောင်းရွှေ့ကြေးပေါင် ၂၉ သန်းဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိသော်လည်း အင်တာမီလန်အသင်းကမူ ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းအထိပေးရန် တောင်းဆိုထားသည်။

သို့ရာတွင် စပါးအသင်းသည် တိုက်စစ်မှူး အိုင်ကာဒီအား ခေါ်ယူနိုင်ရေးအတွက် အင်တာမီလန်အသင်းက တောင်းဆိုထားသည့် ပေါင် ၃၈ သန်းပေးမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး အိုင်ကာဒီသည် အင်တာမီလန်အသင်းနှင့်အတူ ပွဲပေါင်း ၈၈ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၄၇ ဂိုးအထိသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်းဖြစ်သည်။

အိုင်ကာဒီသည် အင်တာမီလန်အသင်းသို့ မရောက်ရှိမီက ဆမ်ဒိုးရီးယားအသင်းတွင် ကစားခဲ့ဖူးပြီး ဆမ်ဒိုးရီးယားအသင်းနှင့်အတူ ၃၃ ပွဲကစားပေးခဲ့ကာ သွင်းဂိုး ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

(ငွေကြယ်)




# အိမ်ရှင်ပြင်သစ် ဆီမီးဖိုင်နယ်တွင် ကမ္ဘာ့ချန်ပီယံဂျာမနီနှင့် တွေ့မည်

ယူရို ၂၀၁၆ ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ပြင်သစ်အသင်းသည် ကွာတားဖိုင်နယ်အဆင့်တွင် အိုက်စလန်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ရာ ဆီမီးဖိုင်နယ်အဆင့်တွင် ကမ္ဘာ့ချန်ပီယံဂျာမနီနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ပြင်သစ်အသင်းနှင့် အိုက်စလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၂ မိနစ်နှင့် ၅၉ မိနစ်တွင် တိုက်စစ်မှူး အိုလီဗာဂီရော့ဂ်ကလည်းကောင်း၊ ပွဲကစားချိန် ၁၉ မိနစ်တွင် ကွင်းလယ်ကစားသမား ပေါ့ဘာကလည်းကောင်း၊ ပွဲကစားချိန် ၄၂ မိနစ်တွင် ကွင်းလယ်ကစားသမားပါယက်ကလည်းကောင်း၊ ပွဲကစားချိန် ၄၅ မိနစ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့ကြပြီး အိုက်စလန်အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ဆစ်သာဆန်နှင့် ဂျာမက်ဆန်တို့က ပွဲကစားချိန် ၅၆ မိနစ်နှင့် ၈၄ မိနစ်တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသည် အိုက်စလန်အသင်းနှင့် ပွဲစဉ်တွင် ပထမပိုင်းပွဲချိန်အတွင်း လေးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ပထမပိုင်းအတွင်း လေးဂိုးသွင်းယူနိုင်သည့်ပထမဆုံးအသင်းလည်းဖြစ်လာခဲ့သည်။ အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဂီရော့ဂ်သည် နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း ဂီရော့ဂ်၏ ပြင်သစ်အသင်းအတွက် သွင်းယူပေးခဲ့သည့် ခုနစ်ဂိုးမြောက်သွင်းဂိုးလည်းဖြစ်လာခဲ့သည်။

ယင်းပွဲစဉ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ပြင်သစ်အသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင် သွင်းဂိုးလေးဂိုးဖြင့် ဂိုးအများဆုံးကစားသမားအဖြစ်ရပ်တည်လျက်ရှိပြီး ပြင်သစ်အသင်းသည်လည်း အိုက်စလန်အသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အိုက်စလန်အသင်းနှင့် ထိပ်တိုက်ဆုံတွေ့ခဲ့သည့် ပွဲပေါင်း ၁၂ ပွဲစလုံးအနိုင်ရရှိခဲ့သည့်အသင်းအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ထို့ပြင် ပြင်သစ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အဓိကပြိုင်ပွဲကြီးများ၏ ၁၇ ပွဲဆက်အိမ်ကွင်းတွင် အနိုင်ရရှိခဲ့သည့် အစဉ်အလာကိုလည်း ဆက်လက်ထိန်းနိုင်ခဲ့ပြီး ၁၇ ပွဲကစားခဲ့ရာတွင် ၁၅ ပွဲအနိုင်ရရှိကာ နှစ်ပွဲသရေကျခဲ့ခြင်းဖြစ်သည်။ အိုက်စလန်အသင်းမှာမူ ယူရိုပြိုင်ပွဲတွင် ပါဝင်ကစားခဲ့စဉ်အတွင်း ပထမဆုံးပွဲထွက်ကစားသမားစာရင်းကို ငါးပွဲဆက်ပြောင်းလဲခြင်းမရှိသည့်အသင်းလည်း ဖြစ်လာခဲ့သည်။

(အလင်းသစ်)

# ပါယက်အား ခေါ်ယူရန် ဘာစီလိုနာနှင့် ရီးယဲလ် ပစ်မှတ်ထားနေ

စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ အသင်းနှစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ယူရို ၂၀၁၆ ပြိုင်ပွဲဝင် ပြင်သစ်အသင်းတွင် ခြေစွမ်းပြကစားလျက်ရှိသည့် ဝက်စ်ဟမ်းကစားသမား ဒီမီထရီပါယက်အား ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် အသင်း၏ ဘဏ္ဍာရေးအကြောင်းပြချက်ကြောင့် ပါယက်အား ရောင်းချရန်မလိုသော်လည်း ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်လိုမျိုးအသင်းကြီးတွေက ခေါ်ယူမည်ဆိုပါက ဝက်စ်ဟမ်းအသင်းတွင် ဆက်ရှိရေးထိန်းထားနိုင်ရန် ခက်ခဲသည့်အနေအထားတစ်ရပ်ဖြစ်ကြောင်း ဝက်စ်ဟမ်းအသင်းက ပြောကြားခဲ့သည်။

ပါယက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝက်စ်ဟမ်းအသင်း၏ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်ခဲ့သည့်အပြင် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့က ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။(ငွေကြယ်)






# ဂျာမနီတိုက်စစ်မှူး ဂိုမက်ဇ် ယူရို လက်ကျန်ပွဲစဉ်လွဲချော်မည်

ဂျာမနီတိုက်စစ်မှူး မာရီယိုဂိုမက်ဇ်သည် တံကောက်ကြောဒဏ်ရာပြဿနာကြောင့် ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ယူရိုပြိုင်ပွဲ၏ လက်ကျန်ပွဲစဉ်တွင် လွဲချော်လိမ့်မည်ဖြစ်သည်။

တိုက်စစ်မှူး ဂိုမက်ဇ်သည် ယူရိုပြိုင်ပွဲတွင် လေးပွဲပါဝင်ကစားပေးခဲ့ရာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး အီတလီအသင်းအား အနိုင်ရရှိခဲ့သည့် ယူရို ၂၀၁၆ ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဂျာမနီဘောလုံးအဖွဲ့ချုပ်က တိုက်စစ်မှူး ဂိုမက်ဇ်သည် လက်ကျန်ပွဲစဉ်တွင် လွဲချော်လိမ့်မည်ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဂျာမနီအသင်းသည် အီတလီအသင်းကို အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့သော်လည်း အိမ်ရှင်ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွင် ကစားသမားအချို့ဒဏ်ရာပြဿနာနှင့် ကြုံနေရသဖြင့် ခြေကုန်ထုတ်ကစားရမည့်အနေအထားတွင် ရှိနေခဲ့ပြီး လက်ရှိတွင် ကွင်းလယ်ကစားသမားများဖြစ်ကြသည့် ခီဒီယာနှင့် ရှဝိန်းစတိုင်ဂါတို့လည်း ဒဏ်ရာပြဿနာကြုံနေသည်။

ထို့ကြောင့် ပြင်သစ်အသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် အရေးပါသည့် ကစားသမားများ ဆုံးရှုံးရဖွယ်ရှိနေပြီး တံကောက်ကြောဒဏ်ရာပြဿနာကြုံနေသည့် တိုက်စစ်မှူး ဂိုမက်ဇ်သည်လည်း ဂျာမနီအသင်း၏ တိုက်စစ်ပိုင်းတွင် အားထားရသည့် ကစားသမားအဖြစ် အသိအမှတ်ပြုခံထားရသည့် ကစားသမားလည်းဖြစ်သည်။ ယူရိုပြိုင်ပွဲတွင် အသင်းဖော်များဂိုးသွင်းနိုင်ရန် အကောင်းဆုံးပံ့ပိုးဖန်တီးပေးနိုင်သည့် ကစားသမားလည်းဖြစ်သည်။

(ငွေကြယ်)

# မန်စီးတီးနည်းပြအဖွဲ့ဝင် ဖြစ်လာသည့် အာတီတာ

အာဆင်နယ်အသင်း၏ ကွင်းလယ်ကစားသမားဟောင်း မိုက်ကယ်အာတီတာသည် နည်းပြဂွါဒီယိုလာလက်ထက် မန်စီးတီးအသင်း၏ နည်းပြအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သွားပြီဖြစ်ကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိ အာတီတာသည် အာဆင်နယ်အသင်းတွင် ငါးနှစ်ကြာကစားပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီကုန်က ကစားသမားဘဝအဖြစ်မှ အနားယူခဲ့သူဖြစ်သည်။

အာတီတာသည် အာဆင်နယ်အသင်းနှင့်အတူ ပွဲပေါင်း ၁၅၀ ပါဝင်ကစားခဲ့ကာ သွင်းဂိုး ၁၇ ဂိုးသွင်းယူပေးခဲ့ပြီး အက်ဖ်အေဖလားနှစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သည်။

အာတီတာသည် မန်စီးတီးအသင်းတွင် နည်းပြဂွါဒီယိုလာ၏ လက်အောက်နည်းပြအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦး၏တာဝန်ကို ထမ်းဆောင်ရတော့မည်ကို ရည်ညွှန်းလျက် ကစားသမားဘဝထက် နည်းပြဘဝကို ပိုမိုခုံမင်နှစ်သက်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

မိုက်ကယ်အာတီတာသည် ကစားသမားဘဝကို စပိန်လာလီဂါ၏ အင်အားကြီးအသင်းတစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းတွင် စတင်ခဲ့သူဖြစ်ပြီး အဲဗာတန်အသင်း၊ ပီအက်စ်ဂျီအသင်း၊ ရိန်းဂျားအသင်းနှင့် ရီးယဲလ်ဆိုစီဒက်အသင်းတို့တွင်လည်း ကစားခဲ့ဖူးသူဖြစ်သည်။

မန်စီးတီးသည် ရာသီအကြိုပွဲစဉ်အဖြစ် ဇူလိုင် ၂၅ ရက်တွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ဂွါဒီယိုလာအတွက် မန်စီးတီးနှင့်အတူ ပထမဆုံးပွဲဖြစ်လာမည်ဖြစ်သည်။ (အလင်းသစ်)



© PA

# လမ်းပန်းဆက်သွယ်ရေးနှင့် ရေခက်ခဲသည့်ကျေးရွာ စိမ့်စမ်းရေရရှိရေး ကွင်းဆင်းဆောင်ရွက်



**မောက်မယ် ဇူလိုင် ၄**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့လွှတ်တော်ရန်ပုံငွေသိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်မည့် လင်းခေးခရိုင် မောက်မယ်မြို့နယ် ပန်းတန်ကျေးရွာအုပ်စု လွိုင်ဆမ်ဆစ်ကျေးရွာနှင့် ထီဝါးဖေ့ါကျေးရွာချင်းဆက် ၂၄ပေ× ၁၅ပေ သစ်သားတံတားကိုလည်းကောင်း၊ ဖာစန်းကျေးရွာ ပေ ၃၀× ၁၅ပေ×၉ပေ ရေလှောင်ကန်အားလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေခက်ခဲသည့် ထီပျဉ်ကျေးရွာရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာ ရှာနှင့် သုံးမိုင်ခန့်ဝေးသည့်တောင်ထိပ် ငုတ်တိုရေထွက်သို့မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်သည် မြို့နယ်ကျေးလက်အင်ဂျင်နီယာ ဦးအာကာဖြိုးတို့နှင့်အတူ ဇူလိုင်၂ရက်က လုပ်ငန်းများအားလုံးအဆင်ပြေ ချောမွေ့စေရေး ကွင်းဆင်း ကြည့်ရှုခဲ့သည်။

အဆိုပါ လုပ်ငန်းများအားလုံးပြီးစီးသွားပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးရွာနေ တိုင်းရင်းသားလုပ်သားပြည်သူများ ခရီးသွားလာမှုအဆင်ပြေချောမွေ့ကြပြီး လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ဒေသခံပြည်သူများက သုံးသပ်သည်။

ကျေးလက်နေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရေး၊ သောက်သုံးရေရရှိရေး၊ မီးရရှိရေးကိစ္စရပ်များအတွက် နိုင်ငံတော်အစိုးရ အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မူခင်းကျဆင်းရေးပညာပေးဟောပြောပြိုင်ပွဲနှင့် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ ပြုလုပ်

**မကွေး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့က ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မကွေးတိုင်းရဲအရန်တပ်ခွဲရှိ ရဲဇာနည်ခန်းမ၌ မူခင်းကျဆင်းရေးပညာပေး ဟောပြောပြိုင်ပွဲနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်လွင်က တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲပြုလုပ်ရခြင်းအပေါ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ဖုန်းခိုးယူသည့်ကွင်းဆက်တရားခံအား ဖမ်းဆီးပြီး လက်ကိုင်ဖုန်း ၆၂ လုံးကို သိမ်းဆည်းရမိသည့် အောင်လံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု ရဲအုပ်ထွန်းထွန်းလင်းအား လည်းကောင်း၊ Magway shopping mall မှ CCTV မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးပြီး ဆိုင်ကယ်ခိုးယူသူဖမ်းဆီးရမိပြီး ဆိုင်ကယ် ၁၈ စီးအား သိမ်းဆည်းရမိသည့် ရဲအုပ်သက်အောင်စိုးအားလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ငဖဲမြို့မှ ပဲခူးရိုးမနှင့် ရခိုင်ရိုးမအတွင်းမှ တောရိုင်းတိရစ္ဆာန်ပစ္စည်းများကို တရားမဝင် တရုတ်နိုင်ငံသို့ ရောင်းချနေသူအား ဖမ်းဆီးရမိသည့် ရဲအုပ်မျိုးနိုင်အားလည်းကောင်း၊ ရခိုင်ပြည်နယ်ဘက်မှ မြန်မာနိုင်ငံအတွင်းသို့ ခိုးဝင်လာရောက်သူများအား သယ်ဆောင်လာသည့် မော်တော်ယာဉ်အား ဖမ်းဆီးပြီး ရှာဖွေရာ ခိုးဝင်လာသူ ကျား ၁၁ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့သည့် ရဲအုပ်ကျော်မျိုးတို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မူခင်းကျဆင်းရေးပညာပေးဟောပြောမှုပြိုင်ပွဲကို ပြုလုပ်ခဲ့သည်။

ယင်းပြိုင်ပွဲမှ ဆုရရှိသူများအားမကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်လွင်ကဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ကနီမြို့၌ဆရာ၊ ဆရာမများအားရှေးဦးပြုစုခြင်း အခြေခံကြက်ခြေနီသင်တန်းဖွင့်

**ကနီ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့တွင် ပညာရေးဌာနနှင့် ခရိုင်ကြက်ခြေနီအသင်းတို့ပူးပေါင်း၍ ဆရာ၊ ဆရာမများအား ရှေးဦးပြုစုခြင်း အခြေခံကြက်ခြေနီသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက်က မြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ထားမြင့်တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာနွယ်က ပညာရေးဌာနနှင့်ပူးပေါင်း၍ ဖွင့်လှစ်ရခြင်းမှာ ပညာရေးဌာနမှ ဆရာ၊ ဆရာမများ ရှေးဦးပြုစုခြင်းများကိုတတ်ထားခြင်းအားဖြင့် ကျောင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးနှင့် ထိခိုက်မှုများဖြစ်ပွားလာပါက ရှေးဦးပြုစုခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် ဘေးဒုက္ခရောက်နေသူများအားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး၊ အချိန်အခါမရွေး ကယ်တင်နိုင်ရေး စသည့်ကြက်ခြေနီအသင်း၏ ရည်ရွယ်ချက်များကို ယခုတက်ရောက်သည့် ဆရာ၊ဆရာမများမှတစ်ဆင့် အခြားဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ဆင့်ပွားသိရှိဆောင်ရွက်နိုင်ရေးရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိကျောင်းများမှ ဆရာဆရာမများတက်ရောက်ကြပြီး သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

# ပင်လုံအောင်မင်္ဂလာဝမ့်အဲန်ကျောင်း၌ ဓမ္မစကူးသင်တန်းဖွင့်

**ပင်လုံ ဇူလိုင် ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့ရှိ အောင်မင်္ဂလာ ဝမ့်အဲန်ကျောင်း၌ ပထမအကြိမ် ဓမ္မစကူး သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ပင်လုံမြို့ ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ခဲ့ကြသည်။ ဆက်လက်၍ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားကြပြီး နဝကမ္မအလှူငွေများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်တောင်ကြီးမြို့ သိမ်တောင် ကျောင်းတိုက်ဆရာတော်က ဓမ္မစကူး ဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးများကို မိန့်ကြားတော်မူခဲ့သည်။

ဆက်လက်၍ ပင်လုံပရဟိတအသင်းမှ တာဝန်ရှိသူတစ်ဦးက ဓမ္မစကူးဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်ကြားပေးမည့် နည်းလမ်းများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ ဓမ္မစကူးသင်တန်းသို့ ပင်လုံမြို့ပေါ်ရှိ သားငယ်၊ သမီးငယ် ၄၀၀ တက်ရောက်ကြသည်။

သင်တန်းကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း တစ်နှစ်ပတ်လုံး သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ ပင်လုံမြို့တွင် ဓမ္မစကူးကို ပထမအကြိမ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



ရှမ်းပြည်နယ် (တောင်ပိုင်း ) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ လွိုင်လင်ခရိုင် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနမှ ငှက်ဖျားအင်စပက်တော် ဦးခွန်စံညွန့်ဦးစီးအဖွဲ့နှင့် မိုးနဲမြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ သူနာပြုအဆင့်-၁ ဒေါ်ကြည်ဆွေ ဦးစီးသည့်အဖွဲ့တို့ပူးပေါင်း၍ မိုးရာသီတွင်အဖြစ်များသော သွေးလွန်တုပ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁ ရက်တွင် နားခံကျေးရွာအုပ်စုရှိ စာသင်ကျောင်းများနှင့် ဇူလိုင် ၂ ရက်တွင် မိုးနဲမြို့ပေါ်ရှိ စာသင်ကျောင်းများစုစုပေါင်း ၁၇ ကျောင်းနှင့် ရေတွင်းရေကန်တို့တွင် ပိုးလောက်လန်းများ မပေါက်ပွားစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်စနစ်ကို အသိပညာပေးခြင်း၊ အဘိတ်ဆေးခပ်ခြင်းနှင့် ခြင်ဆေးမှုတ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- မျိုးညွန့်ရွှေ(မိုးနဲ)

# ထော်ကနွတ်ရပ်ကွက်၌ တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနက ရပ်ကွက်၊ ကျေးရွာများအရောက် ပြည်သူလူထု ကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် အခမဲ့ ကွင်းဆင်းဆေးကုသမှုကို ဇူလိုင် ၂ ရက် မွန်းတည့် ၁၂ နာရီက ထော်ကနွတ်ရပ်ကွက်၌ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက တက်ရောက်လာကြသော ရပ်ကွက်အတွင်းမှ ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပြောကြားပေးကာ ပြည်သူများ၏ အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာ၊ ခါးနာ အစရှိသည့် ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးခြင်း၊ တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနေ့က ကွင်းဆင်းဆေးကုသမှုတွင် ရပ်ကွက်အတွင်းမှ မကျန်းမာသူ ၄၀ ကျော် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# နောင်ချိုမြို့တွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကွင်းဆင်းဆောင်ရွက်

**နောင်ချို ဇူလိုင် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့တွင် ရက်ပေါင်း ၁၀၀ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ခြင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ နောင်ချိုမြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးဟိန်းကျော်အောင် ဦးဆောင်သည့် ဝန်ထမ်းများက ဇူလိုင် ၁ ရက်က အထက(ခွဲ) နောင်ချိုရှိ ကျောင်းသား၊ ကျောင်းသူ ၈၀ အား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ရက်ပေါင်း ၁၀၀ သစ္စာစီမံချက်အရ ဆောင်ရွက်ပေးနေသော ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ထိ အိမ်ထောင်စု ၄၂၀ အား စာရင်းကောက်ခံထားရှိပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်နေမှုများအား ကျောက်မဲခရိုင်ဦးစီးမှူး ဦးလှမြင့်က သွားရောက်ကြီးကြပ်၍ အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**



တောင်ငူမြို့၏ကျက်သရေဆောင် အများပြည်သူအပန်းဖြေနားခိုရာ ကန်တော်ကြီးသာယာလှပရေးအတွက် ဇူလိုင် ၁ ရက်က ကန်တော်ကြီးပတ်ဝန်းကျင်ရှိ ရေမြောင်းများတူးဖော်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ အင်အား ၁၀၀ ကျော်တို့ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် အင်ဂျင်နီယာမှူး ဦးဆန်းလင်းတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ သတင်းနှင့်ဓာတ်ပုံ- ၁၂၉

# ကြံခင်းမြို့နယ်၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကြံခင်း ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်နံနက် ၉ နာရီက အထက (ကြံခင်း)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တက္ကသိုလ်ဝင်အောင်ချက်မြင့်မားရေးအတွက် အဖွဲ့အလိုက်စာတမ်းများကို ဖတ်ကြားတင်သွင်းမှုအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာထွန်းလင်းမော်က လိုအပ်ချက်များကို အကြံပြုဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော ဆရာ၊ ဆရာမများက စာတမ်းများနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ကြံခင်းမြို့နယ်သည် ၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၌ ပထမရခဲ့သော်လည်းယခင်နှစ်အောင်ချက်ကိုမမီခြင်းတို့ကြောင့် ယခုလိုအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ယခင်နှစ်၏ အားသာချက်အားနည်းချက်များကို အဖြေရှာ၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး မိမိတို့မြို့နယ်၏ အစဉ်အလာကောင်းကိုထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း မြို့နယ်ပညာရေးမှူးက ဆွေးနွေးတင်ပြခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

## သရက်မြို့တွင် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**သရက် ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက ခရိုင်ဥပဒေရုံး၌ကျင်းပရာ ခရိုင်ဥပဒေအရာရှိနှင့် ခရိုင်အတွင်းရှိ မြို့နယ် ဥပဒေ အရာရှိများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ဥပဒေအရာရှိ ဦးကြည်ခင်က ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးများ၏ တရားစွဲအမှုလိုက် လုပ်ငန်းများ၊ စီမံ၊ ဘတ်ဂျက်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့် လိုအပ်ချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပေးခဲ့ပြီး ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိများက မိမိတို့မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို အသီးသီး တင်ပြဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ခရိုင်ဥပဒေအရာရှိ ဦးကြည်ခင်က မြို့နယ်ဥပဒေအရာရှိများ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိများ တင်ပြဆွေးနွေးပေးမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်၍လမ်းညွှန်ခဲ့သည်။ **ဇော်ထက်(သရက်)**

## ဗဟန်းမြို့နယ် ဆရာစံမြောက်၊ အရှေ့ရပ်ကွက်လုံးကျွတ် ပြည်သူဗဟိုပြု သွေးလွန်တုပ်ကွေးနှင့် ဇီကာဗိုင်းရပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၄**

ဗဟန်းမြို့နယ် ဆရာစံမြောက်၊ အရှေ့ရပ်ကွက် လုံးကျွတ် ပြည်သူလူထုဗဟိုပြု သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်ကာကွယ်ရေး လုပ်ငန်းများကို ဇူလိုင် ၂ ရက်နံနက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



"ဆရာစံရပ်ကွက်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါနဲ့ ဇီကာဗိုင်းရပ်တွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့ အနောက်ပိုင်းခရိုင်ထဲမှာပါတဲ့ မြို့နယ်စည်ပင်ကျန်းမာရေးဌာန တာဝန်ခံနဲ့ ဝန်ထမ်းအင်အားတွေစုပြီး ရပ်ကွက်က အဖွဲ့အစည်းတွေနဲ့ပူးပေါင်းကာကာကွယ်ရေးလုပ်ငန်းဖြစ်တဲ့ ခြင်ထောင်ဆေးစိမ်ပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်နဲ့ အဘိတ်ဆေးခပ်တာ၊ ခြင်ဆေးမှုတ်ပေးတာတွေကို ပြည်သူတွေ ပါဝင်လာအောင် ပညာပေးတာ၊ စည်းရုံးတာတွေလုပ်ပေးတာပါ။ ဒီနေ့ဒီအချိန်မှာ တစ်ပြိုင်တည်းအရှေ့ပိုင်းခရိုင် ဒဂုံတောင် ၁၉ ရပ်ကွက်၊ မြောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် ၃ ရပ်ကွက်နဲ့ တောင်ပိုင်းခရိုင်ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်တို့မှာ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ပြည်သူလူထုနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန လ/ထ ဌာနမှူးက ပြောသည်။

အဆိုပါ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြတ်ကျော်၊ ကျန်းမာရေးဌာန လ/ထ ဌာနမှူး ဒေါက်တာမြင့်သန်းထွန်း၊ ခရိုင်မှူး ဒေါက်တာမြင့်မြတ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးထိန်စိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသက်တင်နှင့် ရာ/ဆယ်အိမ်မှူးများ၊ NGO လူမှုအဖွဲ့ဝင်များပါ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ **၁၉၇**

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်းပွဲကျင်းပ

**သဲကုန်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ပြည် ခရိုင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြောင်းလဲသောခေတ်စနစ်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား မှန်ကန်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ရည်ရွယ်၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်သင်တန်းဆင်းပွဲကို ဇူလိုင် ၂ ရက် ညနေ ၄ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အဖွင့်အမှာစကားပြောကြားရာတွင်"သင်တန်းကာလတွင် သက်ဆိုင်ရာဌာနအသီးသီးမှ သင်ကြားပို့ချဆွေးနွေးခဲ့သော သင်ခန်းစာများကို လုပ်ငန်းဆောင်ရွက်ရာတွင် အကျိုးရှိရှိအသုံးချတတ်ရန်လိုအပ်ကြောင်း၊ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံခန့်ခွဲ၍ ထိရောက်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုကျွမ်းကျင်စွာဖြင့် နားလည်သဘောပေါက်ပြီး ပြည်သူများနှင့်အတူပူးပေါင်းလက်တွဲ၍ လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာနယ်မြေအလိုက် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ သင်တန်းအား ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ အထိ ဖွင့်လှစ်သင်ကြားခဲ့ပြီး သဲကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် စာရေးဝန်ထမ်း စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။ **သူရအောင်**

## အမက (မူလွန်) အလမန်းကျောင်းစုနှင့် ရေမကျီးတန်းကျောင်း၌ ကျောင်းဆောင်သစ်များဖွင့်လှစ်

**ဝါးခယ်မ ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အလမန်းကျေးရွာနှင့် ရေမကျီးတန်းကျေးရွာရှိ အမက (မူလွန်) အလမန်းကျောင်းစု၊ အမက (မူလွန်) ရေမကျီးတန်းကျောင်းတို့၌ ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက အဖွင့်အမှာစကားပြောကြားကာ မတည်အလှူရှင် ချစ်မေတ္တာဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌဦးအောင်ဝင်းနှင့် မစ္စတာအဲလက်စ်တို့က ကျောင်းဆောင်သစ်မတည်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာရှိ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးအတွက် ကျောင်းဆောင်သစ်လိုအပ်မှုကို အမက (မူလွန်) အလမန်းကျောင်းစုတွင် အလျားပေ ၉၀၊ အနံ ပေ ၃၀ RC တစ်ထပ်သွပ်မိုးဖြင့် ချစ်မေတ္တာဖောင်ဒေးရှင်းမှ မတည်ကာ ပြည်သူလူထု ထည့်ဝင်ငွေ စုစုပေါင်း ကျပ်သိန်း ၂၇၀ ကျော်ဖြင့် လည်းကောင်း၊ အလားတူ အမက(မူလွန်) ရေမကျီးတန်းတွင် စုစုပေါင်း ကျပ်သိန်း ၂၁၀ ကျော်ဖြင့် မိုးထောင်ကုမ္ပဏီက တည်ဆောက်ပေးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ချစ်မေတ္တာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ၂၀၁၆ ခုနှစ် မိုးစပါးမျိုးစေ့ချသရုပ်ပြပွဲပြုလုပ်

**ဟိုပန် ဇူလိုင် ၄**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့ရှိ တောင်သူဦးကြီးများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နည်းလမ်းလေးသွယ်ဖြင့် မိုးစပါးစိုက်ပျိုးတတ်စေရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ် မိုးစပါးပျိုးပေါင်ဖြင့် မျိုးစေ့ချသရုပ်ပြပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ဟိုပန်မြို့ မန်မိုင်ရပ်ကွက် ကွင်းအမှတ်(၂၄) ဦးပိုင်အမှတ်(၁၆) တောင်သူ ဦးအိုက်ကိန်၏ လယ်မြေ၌ ပြုလုပ်ခဲ့သည်။

ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ပုလဲသွယ်မျိုးစပါးမျိုးစေ့ကို 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ အလုပ်အမှုဆောင်ကော်မတီဝင် ဦးရန်ကျော်၊ အတွင်းရေးမှူး ဦးကြည်မြင့်နှင့် ဦးစီးအဖွဲ့ဝင် ဦးရင်းဟုန်တို့အား ပေးအပ်ကာ ဦးဆောင်ပျိုးကြဲစေပြီး စိုက်ပျိုးရေးဝန်ထမ်းများက မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချခြင်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

မျိုးစေ့ချပွဲသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိန်းပန်းရှမ်း၊ ကောင်းဟုန်း၊ မန်မိုင်၊ နမ့်လျှံရပ်ကွက်နှင့် ရွှေဝါကျေးရွာအုပ်စု၊ နောင်မိုကျေးရွာအုပ်စုမှ တောင်သူများ၊ ဟိုပန်၊ ပန်လုံရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

# အလုပ်သမားဥပဒေပါ သိကောင်းစရာများ ပညာပေးဆွေးနွေး

**လှိုင်ကော် ဇူလိုင် ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားဥပဒေပါ သိကောင်းစရာများ အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ပြုလုပ်ရာ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် တက်ရောက်၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး ကယားပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းခိုင်က ရက် ၁၀၀ စီမံချက်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်က အလုပ်သမားဥပဒေပါ သိကောင်းစရာများအားလည်းကောင်း၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းက အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေအကြောင်းအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ စည်းကြပ်သည့်ဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေက လူမှုဖူလုံရေး ဥပဒေအကြောင်းအားလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**ကိုစိုး (လှိုင်ကော်)**

# ကျေးရွာစက်ရေတွင်းနှင့် ရေစင်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားပြုလုပ်

**ညောင်ဦး ဇူလိုင် ၄**

ကိုရီးယားနိုင်ငံဟွန်ဒိုင်းစတီးကုမ္ပဏီနှင့် CCK လူမှုဖွံ့ဖြိုးရေးအသင်းတို့၏ ပံ့ပိုးမှုဖြင့် ပလန်မြန်မာနှင့် ချမ်းမြေ့မေတ္တာအသင်းတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် တောင်ဘီလေးကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် တူးဖော်ဆောက်လုပ်ပြီးစီးခဲ့သော စက်ရေတွင်းနှင့် ရေစင်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက်က အဆိုပါကျေးရွာ စက်ရေတွင်းနေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ဟွန်ဒိုင်းစတီးကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ Mr.Gwang Ha Chaung တို့က အမှာစကားပြောကြားခဲ့ပြီး ရွာသစ်ကျေးရွာသူကျေးရွာသားများကလည်း ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပလန်မြန်မာမှ စီမံကိန်းမန်နေဂျာ ဦးသိဒ္ဓိသိန်း၊ ချမ်းမြေ့မေတ္တာမှ စီမံကိန်းဒါရိုက်တာ ဦးအောင်မြတ်ကျော်၊ ဟွန်ဒိုင်းစတီးကုမ္ပဏီမှ အမှုဆောင်ဒါရိုက်တာ Mr. Gwang Ha Chaung၊ ပလန်ကိုရီးယားမှ Mr Park Je Hong တို့နှင့် ကိုရီးယားဟွန်ဒိုင်းစတီးမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

ပလန်မြန်မာနှင့် ချမ်းမြေ့မေတ္တာအသင်းတို့အနေဖြင့် တောင်ဘီလေးအုပ်စုအတွင်းရှိ ရွာသစ်ကျေးရွာအပါအဝင် ကျေးရွာစုစုပေါင်းခြောက်ရွာတွင် လူထုအခြေပြုအသက်မွေး ဝမ်းကျောင်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု မြှင့်တင်ရေးဆိုင်ရာ စီမံချက်ကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံချက်၏ လုပ်ငန်းရပ်တစ်ခုအနေဖြင့် ရွာသစ်ကျေးရွာတွင် စက်ရေတွင်းနှင့် ရေဂါလန် ၆၀၀၀ ဆံ့ ရေစင်ကိုရပ်ရွာလူထုပူပေါင်းပါဝင်မှုဖြင့် ကျပ်သိန်း ၂၅၀ ခန့် အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

အဆိုပါ စက်ရေတွင်းနှင့် ရေစင်အား တည်ဆောက်ပေးနိုင်ခဲ့ခြင်းကြောင့် ရွာသစ်ကျေးရွာအိမ်ထောင်စု ၂၈၆ စု၊ လူဦးရေ ၁၅၀၈ ဦးတို့ထံသို့ လုံလောက်သော သောက်သုံးရေပမာဏကို ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဟွန်ဒိုင်းစတီးကုမ္ပဏီမှ စေတနာ့ဝန်ထမ်းများသည်အရာတော်ကျေးရွာတွင်လည်း စာသင်ကျောင်းနှင့် လူထုဘက်စုံသုံးအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများတွင် သုံးရက်တာပါဝင် လုပ်အားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# မအူပင်မြို့ဖွံ့ဖြိုးတိုးတက်မှုကို ဩစတြေးလျနိုင်ငံ ANU တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများလေ့လာ




**မအူပင် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့၏ ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ဩစတြေးလျနိုင်ငံ ANU တက္ကသိုလ်မှ Professor Avdvew Walker Professor of Sout ကျောင်းသား၊ ကျောင်းသူများလာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ANU တက္ကသိုလ်မှ Professor Avdvew Walker Professor of Sout ၂၃ ဦးသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် မအူပင်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် မြို့အတွင်းလှည့်လည်လေ့လာပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ သိလိုသည်များ၊ မြို့ဖွံ့ဖြိုးမှုဆောင်ရွက်ထားရှိမှုများကို လေ့လာခဲ့ကြကြောင်း သိရသည်။

**မအူပင်ခရိုင် (ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း သင်တန်းဆင်းပွဲ ကျင်းပ

**မြိုင် ဇူလိုင် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းသင်တန်းများ (လျှပ်စစ်ဝါယာသွယ်တန်းခြင်းလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်း) ဆင်းပွဲကို ဇွန် ၃၀ ရက် ညနေ ၃နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေး ရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် မြိုင်မြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲကျော်သူဝင်း၊ မြို့မိမြို့ဖ ဦးကျော်အေး၊ မြို့နယ်မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးမင်းသူ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးမှူး ဦးကျော်မင်းထွန်းတို့က အမှာစကားပြောကြားပြီး လျှပ်စစ်ဝါယာသွယ်တန်းခြင်း သင်တန်းဆရာ ဦးစိန်ဝင်းက သင်တန်းနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် သင်တန်းတွင် ထူးချွန်သင်တန်းသားများအား ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သင်တန်းသား မောင်ညာဏ်ဟိန်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က လည်းကောင်း၊ မောင်မင်းဇော်အား မြို့မိမြို့ဖ ဦးကျော်အေးကလည်းကောင်း၊ မောင်ဗိုလ်ဟိန်းအား ဦးမင်းသူကလည်းကောင်း ဆုများ ချီးမြှင့်ပေးပြီး မြို့နယ် ကျေးလက်ဒေသဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို ဇွန် ၁၆ ရက်မှ ၃၀ ရက်ထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **အောင်ကျော်မြင့်**

# မြန်မာ့ခရီးသွားလုပ်ငန်း ရေရှည်ခိုင်မာစွာဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၃–၂၀၂၀ ခုနှစ်နှစ်တာ Master Plan ရေးဆွဲဆောင်ရွက်နေ

**ရန်ကုန် ဇူလိုင် ၄**

ခရီးသွားလုပ်ငန်းသည် အောင်မြင်မှုအရှိဆုံးနှင့် အကျိုးသက်ရောက်မှုရှိသည့် စီးပွားရေးလုပ်ငန်းအဖြစ် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားပြီး နိုင်ငံငယ်လေးတချို့ပင် သူတို့၏ Main Basics အဓိကစီးပွားရေးလုပ်ငန်းအဖြစ် သတ်မှတ်လုပ်ကိုင်နေရ၍ မြန်မာနိုင်ငံကဲ့သို့ သဘာဝအရင်းအမြစ်၊ တောတောင်ရေမြေ သဘာဝသယံဇာတ အလှအပတရားများဖြင့် ပေါကြွယ်ဝစွာ ပြည့်စုံနေသည့်တိုင်းပြည်သည် အခြေအနေတစ်ရပ်အနေဖြင့် ကြန့်ကြာနေခဲ့သော်လည်း ယနေ့အချိန်တွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် တာစူပြင်ဆင်နေသည်ဟု ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏသံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းချုပ်၌ ဇူလိုင် ၂ ရက် နံနက် ၉ နာရီက ကျင်းပသည့် ပြည်တွင်း ဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း၏ ဒုတိယအကြိမ်လုပ်ငန်းဆွေးနွေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးတွင် Hotelနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရန်ကုန်တိုင်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြောကြားခဲ့သည်။

အစိုးရမှ ၂၀၁၂ ခုနှစ်နောက်ပိုင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာကိစ္စရပ်များကို ဖြေလျှော့ (Reform) ပြုလုပ်ပေးခဲ့သည်တွင် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ကျေနပ်လက်ခံခဲ့သဖြင့် ၂၀၁၂ ခုနှစ် မတိုင်ခင် ပြည်ပခရီးသွားဧည့်သည် ခုနှစ်သိန်း၊ ရှစ်သိန်းပတ်ဝန်းကျင် မြန်မာနိုင်ငံအတွင်း ဝင်ထွက်သွားလာခဲ့ရာမှ ၂၀၁၂ ခုနှစ်နောက်ပိုင်း တစ်သန်း၊ နှစ်သန်း၊ သုံးသန်းအထိ ရှိလာခဲ့ပြီး၊ မနှစ်ကစာရင်းအရ ၄ ဒသမ ၆ သန်း ငါးသန်းနီးပါးမျှ စုံပြုံဝင်ရောက်ခဲ့ပြီး နိုင်ငံခြားဝင်ငွေများရရှိခဲ့သည်ဟု ၎င်းက ဆိုသည်။ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဝန်ကြီးဌာနအနေဖြင့် စောင့်ကြည့်၍မနေဘဲ ရေရှည်ခိုင်ခံ့စွာဖြင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် Plan ပေါ်လစီ မူဝါဒရေးဆွဲ၍ ၂၀၁၃ မှ ၂၀၂၀ အထိ ခုနှစ်နှစ်တာ Master Plan ရေးဆွဲပြီး (၁) တာဝန်သိခရီးသွားလုပ်ငန်း ပေါ်လစီ၊ (၂) ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း ပေါ်လစီအပြင် ခရီးစဉ်ဒေသများရှိ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့် လုပ်ငန်းစဉ်များလည်း ဆောင်ရွက်ခဲ့သည်ဟုပြောသည်။ တစ်ဖန် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Service ကောင်းကောင်းပေးနိုင်ရန် ကျွမ်းကျင်သည့်ဝန်ထမ်းများလည်း လိုအပ်သည့်အတွက် H/R လူ့စွမ်းအားအရင်းအမြစ်၊ Skill Labour များမြှင့်တင်နိုင်ရန် လေ့ကျင့်သင်ကြားပေးခဲ့ပြီး ခရီးသွားလုပ်ငန်းများတွင်လည်း နာမည်ရခရီးစဉ်များအပြင် ခရီးစဉ်အသစ်များကိုလည်း ပြည်တွင်း/ပြည်ပခရီးသွားများ ဗဟုသုတ ရရှိစေရန် ဖော်ထုတ်ဆောင်ရွက်ပေးနေသည်ဟုပြောသည်။

အထူးသဖြင့် အဓိကထား၍ဆောင်ရွက်နေသည့် ခရီးသွားလုပ်ငန်းတစ်ခုမှာ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းဖြစ်၍ အဆိုပါ (Community Base Tourism) တွင် ရပ်ရွာဒေသတစ်ခု၏ နာမည်ကြီး (Traditional) ဓလေ့ရိုးရာထုံးတမ်းအစဉ်အလာများကို အဆိုပါဒေသတွင် တိုက်ရိုက်ထိတွေ့နေထိုင်၍ အဆိုပါခရီးသွားလုပ်ငန်းမှရရှိသည့်ဝင်ငွေ အကျိုးအမြတ်များကို အဆိုပါဒေသဖွံ့ဖြိုးရေး၊ အဆိုပါဒေသ လူမှုရေး၊ အဆိုပါဒေသ တိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲပြီး အဆိုပါဒေသအား လူမှုအဆင့်အတန်းမြင့်မားသည့် ပြောင်းလဲတိုးတက်စေရန် ဆောင်ရွက်၍ အဆိုပါဒေသရှိလူငယ်လူရွယ်များ အလုပ်အကိုင်များလည်းရ၊ ဆင်းရဲမွဲတေမှုများလည်း ပပျောက်မည်ဖြစ်သည်ဟုဆိုသည်။

အဆိုပါ ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း (Domestic Pilgrimage & Tour Operator Association) (DPTOA) ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲနှင့် နှစ်ပတ်လည်အခမ်းအနားတွင် အတွင်းရေးမှူး ဦးမောင်မောင်ဆွေ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်သတိုးသူဇာ၊ ဧည့်လမ်းညွှန် Guide အသင်းဥက္ကဋ္ဌ ဦးအောင်ထွန်းလင်း၊ မြန်မာ့အာမခံလုပ်ငန်း လ/ထအထွေထွေမန်နေဂျာ ဒေါ်ခင်မိုးကြွယ်တို့က ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းနှင့် ပတ်သက်၍ ဗဟုသုဖြစ်ဖွယ် အကြောင်းအရာများ၊ အာမခံလုပ်ငန်းများအကြောင်း ဆွေးနွေးရှင်းလင်းဟောပြော၍ (DPTOA) အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းလှိုင်က အသင်း၏ ဂုဏ်ပြုထိုက်သည့်ပုဂ္ဂိုလ်များအား မှတ်တမ်းလွှာများချီးမြှင့်ခဲ့သည်။ **သန်းဦးလှိုင်**

# မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ်တွင် မိုးရာသီ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁ ရက် နံနက် ၉ နာရီက ခေတ်အေးကျေးရွာအုပ်စု မရင်းကြီးကျေးရွာအနီး ဌာနဆိုင်ရာရုံးအသစ်များတည်ရှိရာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့က ပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင်နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်က ရတနာတန်းဝင်ကျွန်းသစ်ပင်အား စိုက်ပျိုးပေးခဲ့သည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဇနီး၊ ဥတ္တရခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နွယ်၊ ဥတ္တရခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေးနှင့် တာဝန်ရှိသူများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ကျွန်းပင်၊ ကံ့ကော်ပင်၊ မဟော်ဂနီပင်၊ ခရေပင်၊ အင်ကြင်းပင်၊ ပိတောက်ပင်၊ ပျဉ်းကတိုးပင်၊ ယင်းမာပင်၊ ကုက္ကိုလ်ပင်၊ စိန်ပန်းကြီးပင်နှင့် ရေတမာပင် စုစုပေါင်း အပင် ၈၀၀ ကို သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရန် ရည်ရွယ်၍ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သွေးသည်အသက်

# မိုးနဲမြို့မှာ တစ်နေ့တာ

ခဲ ကိုငြိမ်း(တောင်သာ)

**မူလဟော်နန်းသည် ဒုတိယကမ္ဘာစစ် ဂျပန်အဝင် အင်္ဂလိပ်အပြေးတွင် မီးရှို့အဖျက်ခံခဲ့ရပြီး အင်္ဂလိပ်ပြန်ဝင်လာမှ အသစ်ဆောက်ခဲ့သော အဆောက်အအုံဖြစ်သည်။ စော်ဘွားများ အာဏာလက်လွှတ်ပြီး ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း မည်ကဲ့သို့ဆင့်ကဲအသွင်ပြောင်းခဲ့မှန်း မသိရသော်လည်း မျက်မြင်အခြေအနေမှာ . . .**

ကျွန်တော်သည် ဝင်းမေတ္တာ တည်းခိုခန်းမှနေ၍ ပြည်ထောင်စုလမ်းမကြီးအတိုင်း မြောက်ဘက်သို့ ခြေကျင်လျှောက်ခဲ့သည်။ လမ်း၏ဝဲဘက်တစ်လျှောက်တွင် စေတီပုထိုးများကိုတွေ့ရသကဲ့သို့ ပန်းနာမည်တွေပေးထားသောလမ်းများကိုလည်းတွေ့ရသည်။ အချို့သောစေတီပုထိုးများ၏ ပရဝဏ်အုတ်တံတိုင်းများကိုထူထူထဲထဲ ဆောက်လုပ်ထားသည်။ ကျွန်တော်သွားမည့်နေရာမှာ မြန်မာ့သမိုင်းတွင်အရေးပါခဲ့သော မိုးနဲမြို့၏ဟော်နန်းရှိရာသို့ဖြစ်သည်။ ယခုတော့ မိုးနဲမြို့သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် လက်အောက်ခံမြို့တစ်မြို့ဖြစ်နေပါသည်။ ရှမ်းလို 'မုံ့ဖိုင်'လို့ခေါ်သည်။ အဓိပ္ပာယ်သိလိုက်ပါက ကြောက်ရွံ့သွားလိမ့်မည်။ 'မုံ့' ဆိုသည်မှာ မြို့၊ 'ဖိုင်' ဆိုသည်မှာ ဘီလူး။ ဘီလူးမြို့သမိုင်းကြောင်းမှာ စိတ်ဝင်စားစရာအပြည့်ရှိနေသည်။ ယနေ့ မိုးနဲမြို့တွင် လွယ်မြေ၊ နောင်ကျော၊ ပေါမိုင်း၊ နာဟောင်၊ ဥယျာဉ် အမည်ရှိသောရပ်ကွက် ငါးခုရှိနေပါသည်။

မိုးနဲမြို့သို့လာရသည့် အဓိကအကြောင်းအရင်းမှာ ရာပြည့်တိုက် ပထမအကြိမ်ထုတ် 'နေဝင်ဘုရင်များ' (Maurise Collis ,Lords of Sun Set,1938) စာရေးဆရာ ကျော်အောင် ဘာသာပြန်စာအုပ်ကို ဖတ်ခဲ့မိခြင်းက အခြေတည်ခဲ့သည်။ လွန်ခဲ့သော ၁၅ နှစ်ကျော်ကဖတ်ခဲ့သည်။ ကောလစ်၏စာအုပ်ကိုပင် ခင်မောင်ကြီးသည် 'ကမ္ဘောဇနေဝင်ဘုရင်များ' အမည်ဖြင့် ပထမအကြိမ်ဘာသာပြန်ခဲ့သည်။ ပထမအကြိမ်စာအုပ်ကို မည်သည့်ခုနှစ်၊ မည်သည့်တိုက်မှထုတ်ဝေခဲ့သည်ကို ကျွန်တော်မသိပေ။ 'ကမ္ဘောဇနေဝင်ဘုရင်များ' နာမည်ဖြင့် စိတ်ကူးချိုချိုတိုက်မှ ဒုတိယအကြိမ် (၂၀၁၂) ထုတ်ကိုလည်း ဖတ်ဖူးသည်။ အကယ်စင်စစ် ခင်မောင်ကြီး ဘာသာပြန်စာအုပ်သည် ကျော်အောင်ဘာသာပြန်စာအုပ်ထက် ဦးစွာထုတ်ဝေခဲ့သော်လည်း ပြည့်စုံမှုမရှိ။ ခင်မောင်ကြီး သို့မဟုတ် ထုတ်ဝေသူသည် ခေတ်၊ စနစ်၊ အခြေအနေတို့ကိုငဲ့ကွက်လျက် အချို့စာပိုဒ်များနှင့် မိုးနဲဒေသအကြောင်းကို ချန်ရစ်ထားခဲ့ခြင်းလည်း ဖြစ်ပါလိမ့်မည်။

၂၀၁၂ ခုနှစ် ရွှေလီမြစ်လေ့လာရေးခရီးစဉ်ဖြင့် မိုးမိတ်မြို့ဟော်နန်းရှိရာသို့ လေ့လာခဲ့ရာ ကောလစ်၏ စာအုပ်ပါအခြေအနေအချို့ကိုမြင်ခွင့်ရခဲ့သည်။ ထင်ရှားတာတစ်ခု ကျန်ရစ်သည်။ ယင်းမှာ လွမ်းစေတီလေးဖြစ်ပါ၏။ ယခု ၂၀၁၆ ခုနှစ် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)၏ တာဝန်ဖြင့် သံလွင်မြစ်ကမ်းတစ်နေရာမှအပြန် မိုးနဲဟော်သို့ရောက်ခဲ့သည်။ မိုးနဲမြို့နှင့်ပတ်သက်၍ ကောလစ်၏စာအုပ်တွင်ပါသော ဟော်စော်ဘွားကြီး၏ မိတ်ဆွေ မစ္စတာဂါရီရာရုပ်ထုနှင့် ဂါရီရာတစ္ဆေ၊ ရွှေရိုးအမည်ခံ ဂျိမ်းစကော့၏ စေ့စပ်ညှိနိုင်းမှုဖြင့် ရှမ်းပြည်နယ်အား အင်္ဂလိပ်လက်အောက်သိမ်းသွင်းခံခဲ့ရသူ အထင်ကရစော်ဘွားကြီး၏ နာမည်ကိုသိလိုစိတ်၊ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမဖြစ်မီ(၁၈၂၄ ခုနှစ်) မြန်မာနှင့် ရှမ်းမဟာမိတ်စာချုပ်ပါ အချက်အလက်ရေးထိုးထားသည့် ခေါင်းလောင်း၊ ဗြိတိသျှယူနီယံ ဂျက်အလံကို မိုးနဲဟော်နန်းတွင်သာလွှင့်ခွင့်ရခဲ့မှု၊ ကောလစ်ကိုယ်တိုင်တွေ့ဆုံခဲ့သော မိုးနဲစော်ဘွားနှင့် မဟာဒေဝီတို့၏နာမည်တို့ကို စာအုပ်တွင်မဖော်ပြထားမှု၊ ကြေးနွားလားဥသဖရုပ်ထု စသည့်များအပြင် ဆရာမြသန်းတင့်၏ 'မြောက်ဘက်တောင်ကုန်းဒေသမှ အပြန်ခရီးသွားဆောင်းပါး' တို့သည် မိုးနဲမြို့သို့ ရောက်လိုသည့် စေ့ဆော်မှုများပင်ဖြစ်သည်။ ယနေ့တော့ ရာပြည့်တိုက်ထုတ် 'နေဝင်ဘုရင်များ' စာအုပ် ကို အိပ်ထဲတွင်ထည့်၊ ကင်မရာလွယ်ကာ ဥယျာဉ်ရပ်ကွက်တွင်ရှိသော စော်ဘွားဟော်ရှိခဲ့ရာသို့ ကျွန်တော်သွားခဲ့ပြီ။ လွမ်းမောဖွယ် မိုးနဲမြို့မှာ တစ်နေ့တာဟုဆိုရမည်ပင်။

မိုးနဲမြို့သည် မြန်မာနိုင်ငံရေးသမိုင်းတွင် အင်္ဂလိပ်တို့၏ နေမဝင်အင်ပါယာ၌ ရှမ်းစော်ဘွားတို့၏ အခန်းကဏ္ဍအလွန်ကြီးမားခဲ့ရန် အစပြုခဲ့သည့်နေရာဖြစ်ခဲ့သည်။ မိုးနဲမြို့သည် မြန်မာဘုရင်များယိုးဒယားသို့ စစ်ချီရာလမ်းကြောင်းတွင် တည်ရှိနေသည့်အလျှောက် မြန်မာ့စစ်သည်တော်များ တပ်စခန်းချရာမြို့ဖြစ်ကာ နာခံသော (စစ်ကဲကြီး)များ ရုံးဆိုက်ရာမြို့ဖြစ်သည်။ လက်ရှိမိုးနဲမြို့ကို မြန်မာသက္ကရာဇ်(၉၁၁) ခုနှစ်တွင် စော်ဘွားကြီး စဝ်ပိတ်ဟုန်ခွ တည်ထောင်ခဲ့သည်။ 'စော်ဘွားများခေတ်အဆက်ဆက် အုပ်ချုပ်လျက် စီးပွားရေး၊ ဘာသာရေး၊ယဉ်ကျေးမှု စသည့်ကိစ္စရပ်များတွင် မြန်မာ့နေပြည်တော်နှင့် စဉ်ဆက်မပြတ်ကူးလူးဆက်ဆံနေသဖြင့် ဘာသာရေးအပိုင်းတွင် ဒုတိယပုဂံ(ရှမ်းပုဂံ)ဟုလည်းကောင်း၊ ယဉ်ကျေးမှုအပိုင်းတွင်လည်း (မန်းကလွဲ မိုးနဲ)ဟု ခေါ်ရလောက်အောင်လည်းကောင်း ပြီးပြည့်စုံလျက်ရှိပေသည်'လို့ မိုးနဲမြို့ (နန္ဒာပူရ ဒက္ခိဏမောပြည်) သမိုင်းမှတ်တမ်း၊ ဦးဝင်းထွန်း(၁၉၉၇) တွင် ဖော်ပြထားသည်။

နေအလွန်ပူ၊ ခရီးပန်းထားသည့် ဒဏ်ကြောင့် ခြေလှမ်းများနှေးကွေးနေသည်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဆိုင်းဘုတ်ရှိရာ လမ်းအတိုင်းလျှောက်လာခဲ့သည်။ စုပေါင်းရုံးလမ်းသည် ဟော်နန်းရှိရာဝင်းအတွင်းသို့ဝင်သည့် အရှေ့ဘက်တံခါးပေါက်မှလမ်းဖြစ်သည်။ ပဒေသရာဇ်ရှမ်းစော်ဘွားခေတ်ဆိုလျှင် ယခုကဲ့သို့ အရှေ့ဘက်အပေါက်မှ ဝင်လာရန်မဖြစ်နိုင်ပေ။ ယင်းတံခါးပေါက်သည် မင်းခမ်းမင်းနားများ ကျင်းပသည့်အခါအသုံးပြုသည့် တံခါးဟု ကောလစ်စာအုပ်တွင်ဖော်ပြထားသည်။

အလယ်တံခါးမကြီး၏ ဘေးဘက်ဝဲ၊ယာ တစ်ဖက်တစ်ချက်တွင် တံခါးပေါက်တစ်ခုစီရှိသည်။ မလွယ်ပေါက်ဟုဆိုရမည်။ ဝင်သူတိုင်းခေါင်းငုံ့ဝင်ရန်နှင့် ထွက်သူတိုင်းခေါင်းငုံ့ထွက်ရန် ခပ်နိမ့်နိမ့်ဆောက်ထားသည်။ လက်ယာဘက်မလွယ်ပေါက်မှဝင်ကာ လက်ဝဲ ဘက်မလွယ်ပေါက်မှပြန်ထွက်ရသလားမသိ။ လက်ဝဲ၊လက်ယာအယူအဆတွေက အရှုပ်သား။ အမျိုးသမီးဆိုပါက လက်ဝဲဘက်တွင်ထားရတာမျိုး။ ပစ္စည်းပေးရင်လက်ယာဘက်လက်ဖြင့်ပေးရတာမျိုး၊ လက်ယာဘက် လက်နဲ့ လက်ခံရတာမျိုး စသည် စသည်။

ဝင်ပေါက်တံခါးမကြီးနှင့် မလွယ်ပေါက်တို့ကို ထုံးသုတ်ထားသည်။ လက်ဝဲဘက်မလွယ်ပေါက် နဖူးစီးနံရံတွင် မြန်မာစာ အင်္ဂတေဖောင်းကြွဖြင့်ရေးထားသော တားမြစ်ချက်ကို အထင်းသားတွေ့ရသည်။ ပဒေသရာဇ်ခေတ်က ယင်းတားမြစ်ချက်ကို အနီရောင်ဆေးခြယ်ထားလိမ့်မည်ထင်သည်။ 'မိန်းမ မဝင်ရ' ရှမ်း ဘာသာဖြင့် ရေးထားသည်မှာလည်း 'မိန်းမ မဝင်ရ' ပင်ဖြစ်လိမ့်မည်။ ဘာ့ကြောင့်ပါလိမ့်။ မိန်းမဖြစ်ခဲ့သော် မည်သည့်အပေါက်မှ ဝင်ရသလဲ။ အကယ်၍ မင်းခမ်းမင်းနားတက်လာသော အခြားပြည်နယ်စော်ဘွားများ၏ မဟာဒေဝီများကိုရော ဤအရှေ့ဘက်အပေါက်မှ ဝင်ခွင့်မပြုသလော။ အင်္ဂလိပ်အရာရှိနှင့် မင်းကတော်တို့ဆိုရင်ကော အရှေ့ဘက်အပေါက်က ဝင်ခွင့်မပြုမည်သည့်အပေါက်ကဝင်ခွင့်ပြုသလဲ။ စဉ်းစားစရာပင်။

လက်ရှိအခြေအနေတွင် မိုးနဲစော်ဘွားဟော်ပရဝဏ်အတွင်းမှာ ဆိုင်ခန်းတွေ၊ အိမ်တွေပြည့်နေသကဲ့သို့ ဟော်အနီးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ရုံးအချို့လည်းရှိနေပါသည်။ စုပေါင်းရုံး ဝင်ပေါက်တံခါးမကြီးနှင့်တည့်တည့် အနောက်ဖက်တွင် ခပ်နိမ့်နိမ့်တစ်ထပ်အဆောက်အအုံကိုတွေ့ရသည်။ ယင်းမှာဟိုတစ်ချိန်က တန်ခိုးထက်သော၊ ဓားသွားထက်သော မိုးနဲစော်ဘွားဟော်ပင်ဖြစ်တော့သည်။ မူလဟော်နန်းသည် ဒုတိယကမ္ဘာစစ် ဂျပန်အဝင် အင်္ဂလိပ်အပြေးတွင်မီးရှို့အဖျက်ခံခဲ့ရပြီး အင်္ဂလိပ်ပြန်ဝင်လာမှ အသစ်ဆောက်ခဲ့သော အဆောက်အအုံဖြစ်သည်။ စော်ဘွားများ အာဏာလက်လွှတ်ပြီး ၁၉၆၀ ပြည့်နှစ် နောက်ပိုင်း မည်ကဲ့သို့ ဆင့်ကဲအသွင်ပြောင်းခဲ့မှန်းမသိရသော်လည်း မျက်မြင်အခြေအနေမှာ မြို့နယ်သမဝါယမရုံးအဖြစ်သို့ ရွှေ့ပြောင်းသွားခဲ့ပြီ ဖြစ်သည်။ မှန်ကင်းတလှည့်၊ ထင်းတလှည့်ဆိုသော ဘဝသံသရာပင်။ 'နေဝင်ဘုရင်များ' စာအုပ်ကိုပြန်လှန်ကြည့်လိုက်သည်။

၁၈၈၅ တွင်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် အင်္ဂလိပ်ဘုရင်မင်းမြတ်၏ သစ္စာတော်ကိုခံသည့် ရှမ်းပြည်နယ်တို့တွင် မိုးနဲသည် ပထမဦးဆုံးစာရင်းထဲတွင်ပါသည်။ အခြားပြည်နယ်များ အင်္ဂလိပ်သစ္စာကိုခံရန် မိုးနဲစော်ဘွားက များစွာကူညီခဲ့သည်။ ထိုကျေးဇူးကိုသိသောအားဖြင့် မိုးနဲစော်ဘွားနှင့် သူ့ကို ဆက်ခံသူများအား ယူနီယံဂျက်အလံကို အမြဲလွှင့်တင်ခွင့်ပေးခဲ့သည်။ အခြားစော်ဘွားများ ထိုအခွင့်အရေးကိုမရခဲ့ပေ။ 'နေဝင်သည့်အခါ မောင်းထုသံ ကြားရသည်။ အစောင့်တစ်ယောက်က ယူနီယံဂျက်အလံကို အလံတိုင်မှ ချသည်။ ထို့နောက် အလံကို အသေအချာခေါက်သည်။ အမိန့်သံကြားလျှင် အလံခေါက်သူသည်ခေါင်းပေါ်တွင် ယူနီယံဂျက်အလံကို တင်ကာ ဟော်နန်းဆီသို့ချီတက်သည်။ ခေါင်းပေါ်က အလံမကျအောင် ကိုယ်ကိုဟန်ချက်ထိန်း၍ သွားသည်။ ယခုလိုဂုဏ်တင်သည့်အနေဖြင့် ခေါင်းပေါ်တွင်တစ်စုံတစ်ခုတင်ကာ လမ်းလျှောက်သွားသည့် မြင်ကွင်းမျိုးတွေ့ ရခဲ့သည်။ မနက်အာရုံတက်နှင့် ညနေ နေဝင်ချိန်တွင် ယူနီယံဂျက်အလံကိုခေါင်းပေါ်တရိုတသေတင်ကာ သယ်ဆောင်သွားသည်ကို ကမ္ဘာပေါ်တွင် မိုးနဲတစ်နေရာ၌သာ တွေ့ရလိမ့်မည်ထင်သည်။ ယနေ့ မြင်ကွင်းမှာ ရုံးဘေးရှိအလံတိုင်ထိပ်ဖျားတွင် အလယ်၌ ကြယ်တစ်လုံးပါသော ဝါ၊ စိမ်း၊ နီ ပြည်ထောင်စုမြန်မာနိုင်ငံအလံသည် လေနှင့် အတူတဖျတ်ဖျတ်ပျံ့လွင့်လျက် ရှိနေပါသည်။ ကောလစ်သည် သူ့စာအုပ်တွင် ရှမ်းပြည်နယ်မှသစ္စာတော်ခံမိုးနဲ စော်ဘွားကြီး၏အမည်ကို ဖော်ပြရန်ပျက်ကွက်နေသည်မှာ အလွန်အရုပ်ဆိုးသည်။ စော်ဘွားကြီး၏ အမျိုးနွယ်များက ရှင်းပြသဖြင့် မိုးနဲစော်ဘွားကြီး၏ အမည်မှာ 'စဝ်ရွှေကြည်' ဖြစ်ကြောင်း သိခဲ့ရပါသည်။

ကောလစ်ရဲ့စာအုပ်တွင်ပါသောညောင်ပင်အောက်က အုတ်ခုံလေးတော့ရှိမြဲ ရှိနေသော်လည်း အုတ်ခုံပေါ်တွင် နွားလားဥသဖကြေးရုပ်မရှိတော့။ အသစ်ပြုလုပ်ထားသော အုတ်ခုံအမြင့်တွင် စံမြန်းနေပါသည်။ နွားလားဥသဖ၏ နောက်ခံတစ်ဖက်တစ်ချက်တွင် ရှမ်းအိုးစည်တစ်လုံးစီကာရံထားသော ဝါ၊ စိမ်း၊ နီ ရှမ်းအလံပါဆိုင်းဘုတ်ရှိသည်။ အုတ်ခုံအသစ်တွင် ၁၉၇၇ ခုနှစ်ကို ရေးထိုးထားသည်။ မူလနေရာကနေပြီးအခုနေရာသို့ ၁၉၇၇ ခုနှစ်တွင် ပြောင်းလိုက်သည့်မှတ်တမ်းဖြစ်သည်။ ကြေးနီရောင် ပြောင်လက်နေပြီး မူလက မြောက်ဘက်သို့ မျက်နှာမူခဲ့ရာမှ ယခုတော့ အရှေ့အရပ်သို့ မျက်နှာမူလျက်တွေ့ရသည်။ နွားလားဥသဖ၏မူလဇာတိသည် အရှေ့ဘက်မှ ယိုးဒယားနိုင်ငံ(ထိုင်း)ဖြစ်သဖြင့် ယိုးဒယား(ထိုင်း)နိုင်ငံရှိရာသို့ မျက်နှာမူစေခြင်းဖြင့် အတိတ်ကောင်း၊ နိမိတ်ကောင်းများ ဖြစ်လာစေရန်အတွက် ရည်ရွယ်သည်ဟု သိရသည်။ မိုးညို့လာရင် နွားများချိတိုင်ကို လွမ်းတတ်ကြသည်ဟု မှတ်သားဖူးသဖြင့် ကြေးနွားလားဥသဖသည်လည်း ဇာတိကိုလွမ်းရှာပေလိမ့်မည်ဟုထင်ပါသည်။

ယခု ကျွန်တော်ရပ်နေသည့် နေရာလေးတွင် မိုးနဲစော်ဘွားနှင့် မဟာဒေဝီတို့ ပြုံးရွှင်စွာဖြင့် ဓာတ်ပုံအရိုက်ခံနေသည့် စာအုပ်ပါ ဓာတ်ပုံကိုလှန်ကြည့်လိုက်သည်။ ကောလစ်အနေဖြင့် သူကိုယ်တိုင်တွေ့ဆုံမေးမြန်း ဓာတ်ပုံရိုက်ခဲ့သောခဲ့သည့် ရှမ်းစော်ဘွားအချို့၏ နာမည်ကိုသူ့စာအုပ်တွင် ဖော်ပြရန် ပျက်ကွက်နေပြန်သည်။ သူ့စာအုပ်ကိုဖတ်ခဲ့မည့် ရှမ်းစော်ဘွားအချို့လည်း သူ့ကိုစိတ်ပျက်ကြပေလိမ့်မည်ထင်သည်။ သို့သော် မိုးမိတ်စော်ဘွား အသစ်စက်စက် 'စဝ်ခွန်ချို' ကတော့ ချွင်းချက်ဖြစ်လိမ့်မည်။ ဘာ့ကြောင့်လဲဆိုတော့ မိုးမိတ်အကြောင်းသူအတော်လေးခြယ်မှုန်းထားလို့ဖြစ်ပါသည်။ သူဓာတ်ပုံရိုက်ခဲ့သော မိုးနဲစော်ဘွား၏ အမည်မှာ 'စဝ်ကျော်ဟိုး' ဖြစ်၍ မဟာဒေဝီ၏ နာမည်မှာ 'စောစောရင်' ဖြစ်ကြောင်း သူတို့၏အဆက်အနွယ်များက ရှင်းပြသည်။ တစ်ဖန် ကောလစ်သည် ဟော်နန်းအတွင်းဘက်အခန်းတစ်ခုအတွင်းသို့ ဝင်ခဲ့သည်။ စော်ဘွားအရိုက်အရာခံမည့် သားနှင့်သူ့ဇနီးတို့နေထိုင်သည်။ မိုးနဲစော်ဘွား၏သားမှာ အားကစားသမားဖြစ်သည်ဟု ရေးထားသည်။ တကယ်တော့ သူတို့တွင်သားသမီးမထွန်းကားပေ။ သူ့ညီ၏ သားဖြစ်သူ၊ သူ၏တူကို မွေးစားခဲ့ခြင်းဖြစ်သည်။ မွေးစားသည့် တူ၊သားသည် နောက်ဆုံး မိုးနဲစော်ဘွားမျိုးဆက်ဖြစ်ခဲ့ပါသည်။ သူ၏အမည်မှာ 'စဝ်ပြည့်' ဖြစ်သည်။

ဟိုမှာ မာလိန်တိုင်ကြီးတွေပေါ့ဟု ကိုကျော်နိုင်ပြောလာသဖြင့် မြင့်မြင့်မားမားတည်ရှိနေသော တိုင်အိုကြီးနှစ်တိုင်ကို မော့ကြည့်လိုက်ပါသည်။ ဘုရားရင်ပြင်တို့တွင်တွေ့ရသော တံခွန်တိုင်များကို ပြေးကာမြင်ယောင်လိုက်မိသည်။ ရှေးမြန်မာမင်းများ အဆက်ဆက်က မင်္ဂလာအယူ အဆောင်အယောင်အခမ်းအနားတွင်မရှိမဖြစ် ကျက်သရေဆောင်တန်ဆာ တစ်ခုဟုသိရသည်။ စိတ်ဝင်စားစရာပင်။ မာလိန်တိုင်ကို ပထမဦးဆုံးမြင်ဖူးခြင်းဖြစ်ပါသည်။ ယင်းကို မိုးနဲစော်ဘွား စဝ်ကျော်ဟိုး တည်ဆောက်ခဲ့သည်။ သီတင်းကျွတ်လတွင် ယင်းတိုင်ထိပ်ဖျား၌ မီးပုံးရှစ်လုံးအားချိတ်ဆွဲ၍ နတ်ပြည်မှဆင်းလာမည့် မြတ်စွာဘုရားအား ပူဇော်သည့်တိုင်များလည်းဖြစ်ပါသည်။ ကျွန်တော်တွေးမိသည်မှာ ဘာ့ကြောင့် ကိုးလုံးချိတ်ဆွဲခြင်းမပြုသလဲ။ မြန်မာဘုရင်တွေဆိုသည်မှာကိုးဂဏန်း အစွဲရှိသူတွေမဟုတ်လား။ အတွေးပြတ်သွားစေဖို့ဖန်လာသည်။ ဆင်တောင်ကိုသွားကြရအောင်လို့ ကိုကျော်နိုင် သတိပေးလာပါသည်။

ခဏအကြာတွင် ကျွန်တော်တို့သည် ဥယျာဉ်ရပ်ကွက်၏အနောက်မြောက်ထောင့်တွင်ရှိသော ဆင်တောင်ခြေသို့ မော်တော်ဆိုင်ကယ်ဖြင့်ရောက်ခဲ့သည်။ ပေ ၁၀၀ ကျော်မည့် ဆင်တောင်ပေါ်သို့ တက်ခဲ့သည်။ တောင်ပေါ်အတက်ဘေးတွင် ရပ်တော်မူရဟန္တာရုပ်ထုများကိုတွေ့ရပြီး တောင်ထိပ်တွင် စေတီတစ်ဆူတည်ရှိပါသည်။ တောင်ထိပ်စေတီခြေရင်းမှနေ၍ တောင်အောက်ခြေရှိပတ်ဝန်းကျင်မြင်ကွင်းတွေက 'လှည်းဝန်ရိုးသံတည်ညံ ပုဂံဘုရားပေါင်း' တည်ရှိရာ အညာပုဂံကို ပြန်ပြောင်းသတိရစေလိုက်သည်။ ရှေးဟောင်းလက်ရာနဲ့ပြင်ဆင်ရန် လိုအပ်နေသည့် စေတီအိုတွေအများချည်း၊ ဂဝံနှင့်တည်ဆောက်ထားသော အဆောက်အအုံတွေကိုလည်း တွေ့နေရ၏။ သိပ်သိချင်လွန်းနေသည့် မစ္စတာဂရီယာရုပ်ထုရှိမည့် တံခွန်တောင်ကိုမေးရတော့သည်။ တံခွန်တောင်သည် အဝေးအခြားတစ်နေရာမှာရှိနေပါသည်။ ကိုကျော်နိုင်အား ကောလစ်၏ 'နေဝင်ဘုရင်များ' စာအုပ်ပါဖြစ်ရပ်မှန်ဂရီယာ၏ ဇာတ်လမ်းအကျဉ်းချုပ်ကိုရှင်းပြလိုက်ပါသည်။ ဇာတ်လမ်းမှာ . . . မစ္စတာ အာ၊ အက်၊ ဂရီယာသည် ICS, Indian Civil Service ဖြစ်ပြီး ၁၉၁၅ ခုနှစ်တွင် ကွယ်လွန်သည်။ သူသည် ဗုဒ္ဓဘာသာဝင်ဖြစ်ခဲ့ရာ မိုးနဲစော်ဘွားကြီး 'စဝ်ရွှေကြည်' သည် မစ္စတာဂရီယာ ကွယ်လွန်သည့်အခါ ပြည်နယ်ဈာပနအဖြစ် သင်္ဂြိုဟ်ခဲ့ပြီး ဗုဒ္ဓဘာသာထုံးစံအတိုင်း သူ့ပြာတွေကို တံခွန်တောင်ပေါ်မှာမြှုပ်ခဲ့သည်။ ပြာမြှုပ်ခဲ့သည့်နေရာတွင် အနောက်တိုင်းဝတ်စုံဖြင့်ရပ်နေသော သူ၏ရုပ်ထုကိုယွန်းထည်အဖြစ် သစ်စေး၊ ဝါးဖြင့် ဆောက်ပေးခဲ့သည်။ ရုပ်ထုမှာ မြို့ဘက်သို့မျက်နှာမူထားခဲ့ရာ ရုပ်ထုကြောင့် မြို့သူမြို့သားတွေ နာမကျန်းဖြစ်သည်ဆိုသဖြင့် ရုပ်ထုဖယ်ရှားရေး၊ မဖယ်ရှားရေးပြဿနာသည် စော်ဘွားနှင့် ပြည်သူတွေကြားတွင်အတော်ကြီးထွားခဲ့သည်။ စော်ဘွားကြီးသည် ခိုင်လုံသောအကြောင်းပြချက်များဖြင့် ဖယ်ရှားရန်ငြင်းဆန်သည်။ နောက်ဆုံးတွင်အများနှင့်တစ်ယောက်အကြားညှိနှိုင်းခြင်းအားဖြင့် မြို့ဘက်သို့ မျက်နှာမူနေသောရုပ်ထုအား အနောက်ဘက်သို့ မျက်နှာမူပြုပြင်ရန် စော်ဘွားကြီးက လိုက်လျောခဲ့ရတော့သည်။ ယခုဇာတ်လမ်းသည် ကိုကျော်နိုင်အတွက် အသစ်အဆန်းဖြစ်နေတော့သည်။ စစ်ဗိုလ်တောင်ဆိုသည်မှာ တံခွန်တောင်မှာရှိပြီး နိုင်ငံခြားသားရုပ်ထုမျိုးတော့ မကြားမိဟုသူကရှင်းပြသည်။ တကယ့်ဖြစ်ရပ်မှန်ဖြစ်ခဲ့သော်လည်း ကြာခဲ့ပြီဖြစ်၍ ပါးစပ်ရာဇဝင်လေးအဖြစ် ကျန်ရစ်နေဖို့များပါသည်။ လူပုဂ္ဂိုလ်တစ်ယောက်၏ ရုပ်ထုမျိုးမရှိသော်လည်း မိုးနဲမြို့မှကြည့်သော် လူတစ်ယောက်ရပ်နေသည့်ပုံဖြစ်နေသည့် လူရုပ်တောင်တော့ရှိသည်ဟု သိလိုက်ရသည်။

ဆင်တောင်ပေါ်မှအရှေ့ဘက်သို့ကြည့်လိုက်သောအခါ မိုးနဲမြို့ကို အပေါ်စီးမှ မြင်နေရသည်။ မိုးနဲမြို့သို့ လာလည်သူတစ်ဦးအနေဖြင့် မဖြစ်မနေလာရမည့်နေရာဖြစ်ပါသည်။ မြို့အရှေ့၊ မြောက်နှင့် တောင်ဘက်တွင် ရိုးပြတ်လယ်တောများနှင့် တောင်တန်းများကို တွေ့ရသည်။

စာမျက်နှာ ၁၉ သို့

## မိုးနဲမြို့မှာတစ်နေ့တာ စာမျက်နှာ ၁၈ မှ

စေတီများ၏ ရွှေရောင်ထီးတွေကို အိမ်ခေါင်မိုးတွေကြားမှာ မြင်နေရသည်။ ပုဂံကိုသတိရစေမည့် မြင်ကွင်းများပင်။ အထူးခြားဆုံးမြင်ကွင်းမှာ သစ်ပင်ကြီးတွေမရှိသဖြင့် အိမ်ခေါင်မှ အမိုးသွပ်ပြားများကို မြင်နေရခြင်းပင်ဖြစ်သည်။ တောင်ခြေဘုရားဝင်းမှ အင်တေရေကန်အတွင်းတွင် အမြီးက တရုတ်ပြည်ဘက်မှာရှိသည်ဆိုသော နဂါးခေါင်းရုပ်ထုကို လှမ်းတွေ့လိုက်ရသည်။ နှစ်ယောက်သား ဘုရားကုန်းပေါ်မှ အောက်သို့ မြောက်ဘက်စကြံ့အတိုင်းဆင်းခဲ့သည်။ မြင်ကွင်းတွေက စန္ဒယားလှထွတ်ရေးပြီးဝင်းဦးဆိုသည့် သီချင်းတေးသွားများအလိုအလျောက်ဝင်လာစေတော့သည်။ 'လာလေ့ညှော့သည်. . . ရှုလေ့ညှော့သည်. . . မြန်မာ့ရှုခင်း မြန်မာစိတ်ရင်း. . . တန်ဆောင်း. . . ပြာသာဒ်ကျောင်း ဇရပ်တွေနဲ့ . . . ။ မိုးနဲမြို့တစ်မြို့လုံးသို့ လှမ်းမြင်နိုင်သော နောက်ထပ်နေရာတစ်နေရာသို့ ကျွန်တော်တို့ ခရီးနှင်လိုက်သည်။ မိုးနဲမြို့အနောက်တောင်ဘက် လူရုပ်တောင်ဘေးမှ တောင်ထွတ်ပေါ်တွင်ရှိသော ဗုဒ္ဓဘုရားရုပ်ပွားတော်ကြီးဆီသို့ဖြစ်သည်။

ညနေစောင်းနေပြီ။ မိုးနဲမြို့မှကြည့်လိုက်လျှင် လူတစ်ယောက် ရပ်ကြည့်နေသည့်ပုံအသွင်ရှိနေသည့် နေရာဖြစ်သည်။ ကျောက်တောင်စွယ်၊ ပျံ့ကျဲနေသောကျောက်တုံးကျောက်ခဲများရှိသည့် ယာခင်းများရှိရာတောင်စောင်းများကို မောင်းတက်ခဲ့သည်။ တောင်ခြေမှ လူရုပ်တောင်ကို အနီးကပ်မော့ကြည့်ရသည်။ သစ်ပင်ကြီးကြီးမားမားမရှိ၊ သစ်ပင်များပေါက်နိုင်ရန်မလွယ်ကူ။ အဘယ့်ကြောင့်ဆိုသော် ကျောက်တောင်၊ ကျောက်စွယ်တွေဖြစ်၍ နေခြင်းပင်။ တောင်ခြေရောက်သောအခါ တရုတ်ဘုံကျောင်းပရဝဏ်အတွင်းသို့ရောက်သွားသကဲ့သို့ အောက်မေ့လိုက်ရသည်။ အဆောက်အအုံများမှာ တရုတ်ဗိသုကာလက်ရာတွေ။ ကော့ပျံနေသည့် အမိုးပါ ဘုံကျောင်းအဆောင်တွေ၊ တောက်ပသောဆေးအနီရောင်တွေ၊ နံရံပေါ်မှာ တရုတ်စာတွေ။ မဟာယနဗုဒ္ဓဘာသာ ပရဝဏ်အတွင်း ကျွန်တော်တို့ရောက်နေပဲ့လား။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ Botany Garden ထဲမှ ကျောက်စွယ်၊ ကျောက်တန်းများ Stone Forest သို့ လေ့လာရေးသွားရောက်ခဲ့သည်ကို ပြန်လည်သတိရမိသည်။

ကျောင်းဆောင်တစ်ဆောင်ရှေ့ မျက်နှာစာတွင် ထေရဝါဒဗုဒ္ဓရဟန်းတော်တစ်ပါးကို တွေ့လိုက်ရ ခြင်းကပို၍ စဉ်းစားရကျပ်ရပြန်သည်။ တောင်ခြေနံရံတွင် မြို့ဘက်သို့ မျက်နှာမူနေသော ကျား၊ ခြင်္သေ့ စသည့် တိရစ္ဆာန်အင်္ဂတေရုပ်ထုများကိုတွေ့ရသည်။ ဒီသတ္တဝါတွေကတော့ဖြင့် မိုးနဲမြို့ကိုဒုက္ခမပေးလောက်ပေ။ ဝိညာဉ်မနှုတ်လောက်တန်ရာ။ ကျောက်တောင်ပေါ်ရှိ ဗုဒ္ဓဘုရားရုပ်ပွားတော်ရှိရာသို့နှစ်ယောက်သား ဖြည်းဖြည်းချင်းတက်ခဲ့သည်။ တောင်ပေါ်တွင်အဆောင်များ တိုးချဲ့ဆောက်လုပ်ရန် ငြမ်းများဆင်ထားသဖြင့် ခေါင်းငုံ့တက်ခဲ့ရသည်။ တောင်ထွတ်အမြင့်ဆုံးနေရာတွင် တင်ပျဉ်ခွေထိုင်လျက် မိုးနဲမြို့သို့ ကရုဏာမျက်ဝန်းဖြင့်လှမ်းကြည့်နေသောဗုဒ္ဓရုပ်ပွားတော်ကြီးရှိနေပါသည်။ ဘုရားရင်ပြင်သည် ပြင်လက်စဖြစ်နေသဖြင့် ရင်ပြင်အောက်မှမော့ကာကြည်ညိုလိုက်ရတော့သည်။ ကိုကျော်နိုင်သည် ရင်ပြင်ပေါ်သို့ ခက်ခက်ခဲခဲတက်ကာ အနီးကပ်ဖူးမြော်ပြီး ကျွန်တော်အတွက်ရှုခင်းများကို ဓာတ်ပုံရိုက်ပေးသည်။ အပေါ်တွင်ရှိသော သူ့ကို တည်နေရာပြမှတ်တမ်းတင်ကိရိယာ GPS ပေးကာ မှတ်တမ်းတင်စေပါသည်။ N 20°30'05.1., E 097°51'07.6.,၊ အမြင့် ပေ ၃၅၄၉ တွင် ကျွန်တော်တို့ရှိနေသည်။

နေရောင်ခြည်သည်မိုးနဲတစ်မြို့သို့ တစောင်းကျနေသဖြင့် ရှင်းလင်းပြတ်သားစွာမြင်နေရသည်။ မြင်ကွင်းတွေသိပ်ကောင်း၊ သိပ်လှသည်။ မိုးနဲမြို့သို့ကြည့်နေသော ဗုဒ္ဓဘုရားရှင်ရှိရာ တောင်ထွတ်သည် အရှေ့ဘက် ရပ်ဝန်းမှ မိုးနဲမြို့သို့လှမ်းမျှော်ကြည့်ရာမျှော်စဉ်တစ်ခုပင်ဖြစ်နေတော့သည်။ တောင်ခြေအောက်တွင် မိုးရွာလျှင် စိုက်နိုင်ရန်ယာခင်းများကို အဆင်သင့်ထွန်ယက်ထားပြီးဖြစ်နေသည်။ မိုးချုပ်လျှင်အပြန်လမ်းတွင် အန္တရာယ်ရှိနိုင်သဖြင့် မနက်ဖြန်သွားမည့်နေရာများကိုမေးမြန်းရင်း တောင်ထွတ်ပေါ်မှဆင်းခဲ့တော့သည်။ လေ့လာချင်သည့်နေရာများမှာ ၁၈၂၄ ခုနှစ် ရှမ်း-မြန်မာ စာချုပ်အချက်အလက်များရေးထားသည့် ခေါင်းလောင်း၊ မြို့သူမြို့သားများ၏ လိပ်ပြာနှုတ်ယူခေါ်သည်ဆိုသော ဂရိယာရုပ်တုရှိခဲ့ရာ တံခွန်တောင်နှင့် ၁၂ ပါးဂူရှိရာ နေရာတို့ဖြစ်သည်။ ၁၂ ပါးမင်းသမီးဆိုသည်မှာ မိုးနဲမြို့စတင်ဖြစ်ပေါ်ရာ၊ မြို့သမိုင်းသရုပ်ဖော်မည့်နေရာ'မုံဖိုင်' ဖြစ်လိမ့်မည်။ 'ဘီလူးမြို့စတင်ခဲ့ရာနေရာများအနက်မှ တစ်နေရာရာသို့ မနက်ဖြန်ရောက်မည်ဖြစ်ရာ စာဖတ်သူများကို သုတ၊ ရသ မျှဝေပေးနိုင်လိမ့်ဦးမည်ဟု ထင်ပါသည်။

မိုးနဲ့မြို့မှ စောင့်မျှော်ရင်း. . . ။

# သိမ်ဇရပ်တွင် လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံများနှင့်တွေ့ဆုံ၍ လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များ တွေ့ဆုံရှင်းလင်း

**ကျိုက်ထို ဇူလိုင် ၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်တွင် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များ ရှင်းလင်းပွဲကို ဇူလိုင် ၂ ရက်က ကျင်းပခဲ့သည်။

ယင်းရှင်းလင်းပွဲကို နံနက်၉နာရီ၁၀မိနစ်တွင် နဝရတ်ရပ်ကွက် ဝန်ထမ်းဓမ္မာရုံ၌ ကျင်းပရာ ကျိုက်ထိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ဆောင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၊ မွန်ပြည်နယ် လွှတ်တော် ကျိုက်ထို မြို့နယ်အမှတ်(၁) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်၊ မွန်ပြည်နယ် အစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးဝဏ္ဏကျော်တို့ပါဝင်သောအဖွဲ့သည် ဒေသခံများနှင့်တွေ့ဆုံကာ လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့သည်။

လွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ အား မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၁ ခုတွင် လမ်း၊ တံတားလုပ်ငန်းများ၌ ဦးစားပေးခွဲဝေအသုံးပြုရန်နှင့် လုပ်ငန်းတစ်ခုလျှင် အများဆုံး ငွေကျပ်သိန်း ၅၀ သာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများ မေးမြန်းသော မေးခွန်းများအား လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့သည်။

**(ရဲခေါင်ဦး)**

## ပွင့်ဖြူမြို့နယ်တွင် ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းသည့် စေတနာ ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် လွှဲပြောင်း ပေးအပ်

**ပွင့်ဖြူ ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဂျပန်နိုင်ငံမှ ဆောက်လုပ်လှူဒါန်းသည့် စေတနာကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အဆိုပါကျောင်းဆောင်သစ်ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဂျပန်နိုင်ငံသံရုံးပထမအတွင်းဝန် မစ္စတာနာအိုယာကိရှိ၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းရွှေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဂျပန်နိုင်ငံသံရုံး ပထမအတွင်းဝန် မစ္စတာနာအိုယာကိရှိက ဂျပန်နိုင်ငံ (GGP Project)မှ လှူဒါန်းသော နှစ်ထပ်ကျောင်းဆောင်သစ် 'စေတနာကျောင်းဆောင်' ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များမှ စေတနာနှစ်ထပ်ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံသံရုံး ပထမအတွင်းဝန် မစ္စတာနာအိုယာကိရှိမှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဂျပန်နိုင်ငံ (GGP Project) အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဂျပန်နိုင်ငံသံရုံး ပထမအတွင်းဝန် မစ္စတာနာအိုယာကိရှိမှ မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းနောက် မြို့မိမြို့ဖများကိုယ်စား မြို့နယ်ပညာရေးမှူး(ငြိမ်း) ဆရာကြီး ဦးစိန်လွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မစ္စတာနာအိုယာကိရှိတို့က ကျောင်းစာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စေတနာနှစ်ထပ်ကျောင်းဆောင်သစ်သည် (၉၂×၃၀)ပေရှိ (RCC) သွပ်မိုး နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ဂျပန်နိုင်ငံ အသေးစားငွေကြေးထောက်ပံ့ရေးအစီအစဉ် (GGP.Project) အရ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက ပွင့်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ပရိဘောဂများအပါအဝင် အမေရိကန်ဒေါ်လာ ၁၀၂၇၉၆ တန်ဖိုးရှိ စာသင်ခန်းခြောက်ခန်းပါ နှစ်ထပ်ကျောင်းဆောင်အား ဆောက်လုပ်လှူဒါန်း ပေးခြင်းဖြစ်ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တိုးတက်လာသော ကျောင်းသား၊ ကျောင်းသူ ၂၀၀ အတွက် ပညာသင်ကြားရေးတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ဖန်းမောက်တွင် စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်လှစ်

**ဖန်းမောက် ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးနှင့် ဖန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း (မန္တလေးဗဟို)တို့ ပါဝင်ပူးပေါင်းဖွင့်လှစ်သည့် စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဖန်းမောက်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇူလိုင် ၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဌေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန မူးယစ်ဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဦးက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံစေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း(မန္တလေးဗဟို) အတွင်းရေးမှူး ဦးမြင့်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျန်းမာရေးဦးစီးဌာန၊ ဥပဒေရုံး၊ ဖန်းမောက်မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ကာ သင်တန်းသား ၃၀ တက်ရောက်ပြီး နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။

စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း(ဗဟို) အပါအဝင်စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများသည် မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးလုပ်ငန်းများနှင့် တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များ မူးယစ်ဆေးကြောင့် မပပျောက်ရလေအောင် ဆေးဖြတ်ထားပြီးလူငယ်များ၊ မူးယစ်ဆေးပြန်လည်မသုံးစွဲလာရေး လူငယ်များမူးယစ်ဆေးများ မသုံးစွဲကြရေးအတွက် စောင့်ကြည့်လေ့လာခြင်း၊ စောင့်ရှောက်ခြင်း၊ ပညာပေးခြင်းများ၊ ဟောပြောပွဲများ ပြုလုပ်ခြင်းများကို နိုင်ငံတစ်ဝန်းဆောင်ရွက်သွားမည်ဖြစ်ရာ မူးယစ်ဆေးဝါးဆိုင်ရာ ဟောပြောပွဲများ၊ သင်တန်းများပြုလုပ်လိုပါက စေတနာ့ဝန်ထမ်းမူးယစ်ကြီးကြပ်ရေးမှူးအသင်း(ဗဟို)ရုံး ၁၁ လမ်း ၁၂ လမ်းကြား ၇၃ လမ်း ဖုန်း ၀၉၄၀၂၅၉၂၈၃၅ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်းသိရသည်။ **ကျော်စိုးဦး(မန္တလေး)**

## ရက် ၁၀၀ စီမံချက်ဖြင့် အလုပ်ရုံအရောက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

**တွံတေး ဇူလိုင် ၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် တွံတေးမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံအလုပ်သမားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားကို ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၂ ရက်က ညောင်တံခါးရွာရှိ ဆံပင်အတုလုပ်ငန်းသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါသစ္စာစီမံချက်အကောင်ထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ဦးစီးမှူး ဦးအောင်မော်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂ ရက်က တွံတေးမြို့ ရှမ်းစုကျေးရွာအုပ်စု ညောင်တံခါးကျေးရွာအတွင်းရှိသော ဆံပင်တုလုပ်ငန်းရှိ အလုပ်သမားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိစေရန်အတွက် မြို့နယ်ဦးစီးမှူးက မိမိအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအား အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဆံပင်အတုလုပ်ငန်း အလုပ်ရုံရှိ အလုပ်သမားများအား အချက်အလက်ပြည့်စုံပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ဆံပင်တုလုပ်ငန်း အလုပ်ရုံတာဝန်ခံက 'အခု ကျွန်မတို့အလုပ်ရုံမှာ အမျိုးသမီးငယ် ၁၈၀ ကျော်ရှိပါတယ်။ ဒေသခံများပြီး အဆောင်နေက ၄၀ ဝန်းကျင်ပဲရှိတာပါ။ ကျွန်မတို့ ဒီမြို့မှာ အလုပ်ရုံဆောင်ရွက်ပေးခြင်းဖြင့် ဒေသရှိအမျိုးသမီးများ ပြင်ပထွက် လုပ်စရာမလိုဘဲ မိသားစုနှင့်အတူ အိုးမကွာအိမ်မကွာ အလုပ်လုပ်နိုင်အောင်ရည်ရွယ်ပြီး လုပ်ဆောင်ပေးတာပါ။ အခုလို ကျွန်မတို့အလုပ်ရုံမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား နေ့ချင်းပြီးလာရောက်ဆောင်ရွက်ပေးတဲ့ ဦးစီးမှူးနှင့် ဝန်ထမ်းများအားအထူး ကျေးဇူးတင်ပါတယ်" ဟုပြောသည်။

**မျိုးလှိုင်(တွံတေး)**





0ykbfaeY

# မဟာမုနိဘုရားကြီးတွင်လည်း အရုဏ်တက် မျက်နှာသစ်တော်ရေအမီ နရည်းဗုံတောင် တီးသံကြားသည်နှင့် ဂန္ဓကုဋီတိုက် တံခါးဝ၌ ကျိတ်ကျိတ်တိုးစည်ကားနေ၏။ လူရွယ်လူငယ် အားလုံးမှာ သေသပ်သောဆံပင်၊ မြန်မာဆန် ပြီးယဉ်ကျေးသော အဝတ်အစားများဖြင့် တစ်ဦးနှင့်တစ်ဦးလေးစားချစ်ကြည်စွာ ဘုရားသွားကျောင်းတက် . . .

**à ဆုးငှက်**

မန္တလေးသည် ပဥ္စမသင်္ဂါယနာတင်ခဲ့သော မင်းတရားကြီးတည်ထားခဲ့သည့် မြို့ဖြစ်၍ ဘာသာသာသနာထွန်းပ ရောင်လျှံထိန်ခဲ့သည်။ ၁၂၄၇ ခုနှစ်နောက်ပိုင်း ဘာသာသာသနာ ညှိုးနွမ်းပြီး မန္တလေး၏ ကြီးမားထင်ရှားလှသည့် ဘုန်းကြီးကျောင်းတိုက်ကြီးများမှ တိုက်နေ သံဃာတော်များပင် မန္တလေးကိုစွန့်ခွာကာ မြို့နယ်ကျေးလက်များဆီ တိမ်းရှောင်ကြရသည်။ ထိုအခြေအနေတွင် အမြော်အမြင်ကြီးမားသော မြို့မိမြို့ဖကြီးများကဦးဆောင်၍ ဘာသာရေး၊ သာသနာရေး အသင်းကြီးများ ဖွဲ့စည်းပြီး ပြန်လည်ခုခံကာကွယ်ကာ မူလအခြေမပျက်အောင် ကြိုးစားခဲ့ကြ၏။

ဤသို့ကြိုးပမ်းခဲ့ကြမှုကြောင့်လည်း ၁၂၆၀ ဝန်းကျင်တွင် မန္တလေးသည်ယခင်ရတနာပုံ နေပြည်တော်ခေတ်ကိုမမီစေကာမူ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ပတ်သက်၍ ကြွခိုင်တောင့်တင်းခဲ့သည့်အနေအထားသို့ ရောက်ရှိခဲ့သည်။ မန္တလေးတွင် ကြီးမားခံ့ထည်သော ဘုန်းကြီးကျောင်းတိုက်ကြီးများ၌ ရဟန်းတော်များပြန်လည်စိုပြည်လာသည်။ နံနက်အရုဏ်တက်သည်နှင့် မန္တလေး၏ ပြတိုင်းစေ့တွင် ဆွမ်းခံထိုင် ကိုယ်တော်များဖြင့် ဝါဝါထိန်ခဲ့သည်။ အိမ်များတွင် ဆွမ်းခံထိုင်ကိုယ်တော်များ၊ ရပ်ကိုယ်တော်များအပြင် ပြထိပ်ဝင်းထိပ်ထွက်ပြီး အိုးကြီး၊ အိုးငယ် အသွယ်သွယ်နှင့် ဆွမ်း၊ ဆွမ်းဟင်းလောင်းလှူကြသည်။ ရပ်ကွက်အတွင်း စုစည်း၍လည်း ဘုံဆွမ်းကို တစ်ပတ်တစ်ကြိမ် အနည်းဆုံး လောင်းလှူကြ၏။

ဥပုသ်နေ့ဆိုလျှင် မနက်မိုးမလင်းမီကတည်းက နိဗ္ဗာန်ဆော်၏နှိုးဆော်သံ၊ ပရိတ်ရွတ်သံ၊ ကြေးစည်သံများစည်ဝေခဲ့သည်။ ဝါတွင်း ဝါပတ်ဥပုသ်နေ့တိုင်းသည် မန္တလေး၏ အထင်ကရအလုပ်ပိတ်ရက်၊ ဆိုင်ပိတ်ရက်များဖြစ်၏။ ဥပုသ်နေ့၌ ဆိုင်ပိတ် လုပ်နားခြင်းကိစ္စမှာ မန္တလေး၌ ထုထည်အင်အားကြီးမားလှသဖြင့် အခြားဘာသာခြားများသည်ပင်လျှင် အပြန်အလှန် လေးစားကာ ဥပုသ်နေ့ကို အလုပ်ပိတ်ရက်အဖြစ် နားနေခဲ့ကြသည်။ ထိုစဉ်က ဘာသာခြားများ ကိုယ်နှိုက်ကလည်း အယူအဆအစွဲအလန်း မကြီးမားကြဘဲ လူမျိုးနှင့်တိုင်းပြည်၏ ရိုးရာဓလေ့များကို နှစ်နှစ်သက်သက် လိုက်နာစောင့်ထိန်းခဲ့ကြသည်။ ယခင် မန္တလေးဈေးချိုတော် အရှေ့ဘက်တိုက်တန်းကြီး ဆိုင်နံပါတ် ၂၈×၂၉×၃၀ ရှိ 'ဖွာဇူလာနန်ဂျီ' ပန်းကန်ဆိုင်မှ ပန်းကန်သည် ဒေါ်မြသည် ဘာသာခြားဖြစ်သော်လည်း ဘုန်းကြီး၊ ရဟန်းနှင့် ရိုးရာဓလေ့အပေါ် သိတတ်ရိုသေ လိုက်လျောတတ်လှသည်မှာ စံနမူနာပြလောက်သည်ဟု ဆို၏။

ထို့ကြောင့် မန္တလေးတွင် ထိုစဉ်ကတည်းက ဥပုသ်နေ့ဆိုလျှင် ဆိုင်ပိတ်ရက်၊ အလုပ်ပိတ်ရက်များအဖြစ် အစဉ်တစိုက် လေးစားခဲ့သည်။ အစိုးရနှင့်ဆိုင်သော အရောင်းဆိုင်များပင်လျှင် စနေ၊ တနင်္ဂနွေမပိတ်ကြဘဲ ဥပုသ်နေ့သာပိတ်သော အစဉ်အလာလည်းရှိခဲ့ဖူးသည်။ ၁၃၀၀ ပြည့်ကာလ နယ်ချဲ့ဆန့်ကျင်ရေး ဒီရေပြင်းထန်နေသောကာလတွင် မန္တလေးဈေးချိုတော်၌ ပုဒ်မ ၂၇ (၇) ထုတ်ပြန်လိုက်သဖြင့် ဈေးချိုကို သပိတ်မှောက်ကာ ဈေးချိုအနောက်ဘက်အိမ်တော်ရာ ဘုရားဝင်းအတွင်း ဈေးထွက်ကြသောအခါ ဈေးချိုတော်ရှိဘာသာခြားများကပင် အားတက်သရော လိုက်ပါဈေး ထွက်ကာ 'အိမ်တော်ရာဘုရားဈေး' အား ကြီးကြပ်ကွပ်ကဲသည့် ဘုန်းကြီး၊ ရဟန်းများ၏ အစီအမံနှင့်ပူးပေါင်းပါဝင်ခဲ့ကြ၏။

ဆိုလိုသည်မှာ မန္တလေးသည် ဥပုသ်နေ့ကို အားလပ်ရက်အဖြစ်သတ်မှတ်ကာ ဘာသာသာသနာနှင့်ဆက်စပ်ပတ်သက်သည့် ကုသိုလ်ရေးကိစ္စများကို ဆက်တိုက်ဆောင်ရွက်ခဲ့သည့်အစဉ်အလာသည် သံမဏိသား၊ ကျောက်သားကျောက်စိုင်ကြီးအလား ခိုင်ခံ့ဝင့်ထည်ခဲ့သည်။ ကဆုန်လပြည့်၊ သီတင်းကျွတ်လပြည့်၊ တန်ဆောင်မုန်း လပြည့်၊ တပို့တွဲလပြည့်၊ တပေါင်းလပြည့်ကဲ့သို့သော အခါကြီး၊ ရက်ကြီးများ ဆိုလျှင် တစ်မြို့လုံးရှိ ဆိုင်တံခါး၊ အလုပ်တံခါးအားလုံးပိတ်ကာ မန္တလေးတောင်၊ မဟာမုနိဘုရားကြီး၊ ရန်ကင်းတောင်၊ ရွှေကျီးမြင်၊ သကျသီဟ၊ အိမ်တော်ရာ၊ ရှင်ပင်ပက်လက် ရေစက်လက်စသောဘုရားများ၌ စည်ကားခဲ့သည်။ ကဆုန်လပြည့်နေ့၌ ရွှေကြက်ယက်၊ ရွှေကြက်ကျ၊ ဗောဓိကုန်းတို့ တိုးမပေါက်၊ စတုဒိသာများ၊ တီးဝိုင်းများ၊ ညောင်ရေသွန်းလှည့်လည်ပွဲများဖြင့် ယဉ်ကျေးသိမ်မွေ့လှသည်။ ဝါဆိုလပြည့်နေ့တွင် လူတိုင်းလက်မှာ ဝါဆိုပန်းစည်းလေးတွေကိုင်ကာ မန္တလေးတောင်ခြသေ့်ကြီးနှစ်ကောင်အတက်တွင် ပြည့်ကျပ်နေသည်။ မဟာမုနိဘုရားကြီးတွင်လည်း အရုဏ်တက်မျက်နှာသစ်တော်ရေအမီ နရည်းဗုံတောင်တီးသံကြားသည်နှင့် ဂန္ဓကုဋီတိုက်တံခါးဝ၌ ကျိတ်ကျိတ်တိုးစည်ကားနေ၏။ လူရွယ်လူငယ်အားလုံးမှာ သေသပ်သောဆံပင်၊ မြန်မာဆန်ပြီးယဉ်ကျေးသော အဝတ်အစားများဖြင့် တစ်ဦးနှင့်တစ်ဦးလေးစား ချစ်ကြည်စွာ ဘုရားသွားကျောင်းတက်ကြသည်။

[illegible]ာင်းကျွတ်လပြည့်နေ့ကား ကျောက်[illegible]ကြီးဘုရားပွဲဖြင့် ပျော်ပွဲရွှင်ပွဲပါဝင်သော်[illegible] စန္ဒမုနိဘုရား စိန်တောင်ဝန်းရံသည့် ရင်ပြင်တွင် နာနတ်ယို၊ စွန်ပလွန်ယို၊ ဆီးဖြူသီးငါးပိကြော်၊ ရေနွေးကြမ်းတို့ဖြင့် လုံမပျိုများက ဧည့်ခံ၊ လုလင်လေးများက ယဉ်ကျေးစွာ စားသောက်ရင်း လူငယ်ဘာသာဘာဝရင်ခုန်ကြည်နူးခဲ့ကြ၏။ ပြည့်ဝန်းသောလပြည့်၏အေးမြမြလရောင်သည် အမှတ်ရဖွယ်ညချမ်းအဖြစ် သိမ်မွေ့စွာ ကန့်လန့်ကာဖွင့်ပေးခဲ့သည်။

တန်ဆောင်မုန်း လပြည့်နေ့မှာကော မန္တလေး၏ ပြတိုင်းစေ့ ကထိန်တွေမှာ လှူကြတန်းကြ၊ တီးဝိုင်း၊ အငြိမ့်များကပြကြ၊ ကြည်နူးကြ။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့(အဖိတ်နေ့)တွင် နေ့လယ်စာ စောစောစားသောက်ပြီး စစ်ကိုင်းသို့ကူးကြသည်။ စစ်ကိုင်း-မန္တလေး ကားလမ်းမကြီးတွင် ကားတွေအားလုံး အနောက်ဘက်ကမ်းဆီဦးတည်ကြသည်။ တံတားအတက် ရွှေကြက်ယက် လမ်းခွဲကတည်းက များပြားလှသည့် ကထိန်ကားတွေက အတောင့်လိုက်ဖြစ်နေသည်။ တံတားပေါ်မှာလည်း ကားတန်းကြီး မဆုံးသေး၊ ထိုကားတန်းကြီးသည် တောင်ရိုးသရက်ပင်ဆိပ်ထိအဆက်မပြတ်တော့၊ အဖိတ်နေ့ညချမ်း စစ်ကိုင်းတောင်ပေါ်ကား လူသံ၊ တူရိယာသံ၊ အသံချဲ့စက်အသံတို့ဖြင့် စီစီညံလို့. . ။ အလင်းပေါက်တောင်ရိုးရှိ ချောင်တိုင်းကို လှည့်ပတ်သွားလာကြသည့် မိန်းမပျိုလေးတိုင်း မဲ့တစ်ပေါက်မစွန်းခဲ့၊ စောင့်ရှောက်ကြ၊ ကူညီကြသည်။

ပုညရှင်ရင်ပြင်၊ ဥမင်သုံးဆယ်ရင်ပြင်များတွင် ဝိုင်းဖွဲ့သီချင်းဆိုတီးမှုတ်ကခုန်ကြ၏။ လပြည့်နေ့ ကထိန်သင်္ကန်းကပ်၊ ရေစက်ချပြီးမှ မန္တလေးပြန်ကြသည်။ ထိုညမန္တလေးမှာ ပြတိုင်းစေ့မုန့်လုံးရေပေါ်ကျွေးကြသည်။ ပွဲသကူပစ်ကြသည်။ တစ်ပြဝင်တစ်ပြထွက် ခြေကျင်အုပ်လိုက် ပျော်ပျော်ပါးပါးမုန့်လုံးရေပေါ်စားကြ၊ ပွဲသကူရှာကြ၊ ကျီးမနိုးပွဲကို သိမ်မွေ့စွာ ကစားကြနှင့် လင်းသည်အထိ။

ယခုတလော မန္တလေး၏ အထင်ကရလပြည့်ညများသည် လမ်းလုံးပြည့် ဆိုင်ကယ်အုပ်စုများ၏အသံသာ မြို့လုံးညံသည်။ ဆိုင်ကယ်အိတ်ဇောသံများလွှမ်းအောင် အော်ဟစ်ဆူညံသံများက အလန့်တကြားရှိလှသည်။ ဘုရားကျောင်းကန်များ၌ စည်ကားမှုထက် ပြင်ဦးလွင်၊ တောင်သမန်၊ ကန်တော်ကြီးစသော အပန်းဖြေနေရာများတွင် ဆိုင်ကယ်အုပ်ကြီးတိုးဝှေ့နေကြသည်။ တိုးဝှေ့တော့ ထိခိုက်၊ ထိခိုက်တော့ နာကျင်၊ နာကျင်တော့ ရန်ပွား။ လပြည့်နေ့တိုင်းကြားရသည့် သတင်းတွေက စိတ်ညစ်ညူးစရာ။ ထိုအခါ လပြည့်နေ့တွေကို အများစုက ရှောင်ရှားလာကြ၏။

သည်ဘက်နှစ်ပိုင်းတွေမှာ မန္တလေး၌ ဥပုသ်နေ့ပိတ်သောဆိုင်တွေ၊ အလုပ်တွေ အလွန်နည်းပါးသွားသည်။ မြို့ခံတွေ လောက်သာသည်အစဉ်အလာကို မပျက်မယွင်း စောင့်ထိန်းကြ၏။ မြို့ခံတွေကလည်း ဆင်ခြေဖုံးမှာ၊ မြို့သစ်တွေမှာဆိုတော့ လူမြင်ကွင်းမြို့လယ်ခေါင်တွင် ဥပုသ်ပိတ်ဆိုင်မရှိသလောက်ရှားသွား၏။ ဝါတွင်းဝါပတ်မပြောပါနှင့် အခါကြီး၊ ရက်ကြီးလပြည့်လိုနေ့မျိုးပင်လျှင် ဆိုင်ဖွင့်ဈေးရောင်း သွားလာရောင်းဝယ်ကြကာ မသိလိုက်မသိဖာသာ ဖြတ်သန်းသွားကြသည်။ တစ်ခုတော့ရှိသည်။ တရုတ်နှစ်သစ်ကူးဆိုလျှင်တော့ ဘာမှဝယ်မရတော့. . .၊ ရောင်းမရတော့. . .၊ အားလုံးရပ်နား၊ တိတ်ဆိတ်ကာ လမ်းပေါ်ရှင်းလင်းနေသည်။



# နည်းပညာအခြေပြု အွန်လိုင်းသတင်းစာ

ခ မြင့်ကျော်(လွန်)

နည်းပညာလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုများသည် လူတို့၏ နေ့စဉ်သတင်းရယူမှု ပုံစံကိုများစွာ ပြောင်းလဲစေခဲ့သည်။ သတင်းအချက်အလက်များကို သုံးစွဲရယူမှု၊ ဖြန့်ဝေမှုနှင့် ကိုးကားမှုများသည်လည်း သမားရိုးကျပုံစံများမှ ခွဲထွက်ပြီး သတင်းအချက်အလက်များ မြန်ဆန်စွာရရှိရေးနှင့် လျင်မြန်စွာဖြန့်ဖြူးရေးတို့ကို အလေးထားဆောင်ရွက်လာကြသည်။

ပုံမှန်သတင်းဖြန့်ဖြူးသည့် ပုံစံများမှ နည်းပညာအခြေပြု သတင်းဖြန့်ဝေခြင်းပုံစံကို စတင်ခြေလှမ်းခဲ့သည်မှာ News Report အမည်ဖြင့် လွှင့်တင်ခဲ့သော အွန်လိုင်းသတင်းစာ (သို့မဟုတ်) မဂ္ဂဇင်းအား အမေရိကန် ပြည်ထောင်စုရှိ Illinois တက္ကသိုလ်တွင် PLATO System ဖြင့် ၁၉၇၄ ခုနှစ်တွင် Bruce Parrello က ဖန်တီး ထူထောင်ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၇ ခုနှစ်မှစပြီး ဘရာဇီးသတင်းစာ Jornaldodia သည် နိုင်ငံပိုင် Embratel network အမည်ဖြင့် ရပ်တည်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင် အင်တာနက်လောကသို့ ဝင်ရောက်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်နှောင်းပိုင်းတွင် အမေရိကန်သတင်းစာ ရာပေါင်းများစွာအား အွန်လိုင်းပုံစံဖြင့် ထုတ်ဝေခဲ့သော်လည်း လုပ်ငန်းတွင်ကျယ်ခြင်းမရှိဘဲ ၁၉၉၅ ခုနှစ်က ဗြိတိန်မှ Weekly City Press Review အွန်လိုင်းသတင်းစာသည်လည်း အစပိုင်းတွင် လူအများ၏ စိတ်ဝင်စားမှု မရရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

**အွန်လိုင်းသတင်းစာ**

အွန်လိုင်းသတင်းစာ ဆိုသည်မှာ တစ်ဦးတည်း သတင်းထုတ်ဝေ၊ ဖြန့်ချိသည့် ပုံစံဖြင့်သော်လည်းကောင်း၊ ပုံနှိပ်ထုတ်ဝေထားသည့် သတင်းစာအား အွန်လိုင်းပုံစံဖြင့်လည်းကောင်း စီစဉ်ဆောင်ရွက်ထားသည့် အွန်လိုင်းသတင်းစာ အမျိုးအစားဖြစ်သည်။ အွန်လိုင်းပုံစံဖြင့် အသုံးပြုခြင်းသည် သတင်းဦး၊ သတင်းထူးများကို အချိန်မှန်မှန် ထုတ်လွှင့်ပေးနိုင်သည့် အသံလွှင့်လုပ်ငန်းများနှင့် ယှဉ်ပြိုင်ရာတွင် သတင်းစာများအတွက် အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့သည်။ နိုင်ငံအများစုတွင် နာမည်ကောင်းရရှိထားသည့် သတင်းစာများသည် ကြော်ငြာရှင်များနှင့် များစွာ ရင်းနှီးကျွမ်းဝင်မှုရှိသည့်အတွက် ၎င်းတို့အနေဖြင့် သတင်းစာ လုပ်ငန်းတွင် ရပ်တည်နိုင်သည့် အခွင့်အရေးများ ပိုမိုရရှိ လာခဲ့သည်။ အလားတူ ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်စဉ်ကလည်း ဈေးနှုန်းများ လျော့ကျလာစေရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အွန်လိုင်းသတင်းစာများသည် သတင်းစာ hard-copy များကဲ့သို့ဖြစ်ပြီး အသရေဖျက်မှု၊ ကိုယ်ပိုင် လွတ်လပ်ခွင့်နှင့် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေများ စသည့် တူညီသော တရားဝင်မှုဘောင်သတ်မှတ်ချက် များစွာရှိသည့်အပြင် အခြားသော နိုင်ငံများတွင် (ဥပမာ- ဗြိတိန်) အွန်လိုင်းမှ ဖြန့်ချိသည့် ပုံစံမျိုးဖြင့် ရပ်တည်လျက်ရှိသည်။ ဗြိတိန်တွင် အွန်လိုင်းသတင်းစာများနှင့် သတင်းစာမျက်နှာများအတွက် သတင်း အချက်အလက် ကာကွယ်ခွင့် ဥပဒေ (Data Protection Act) နှင့် မူဝါဒနှင့် အခကြေးငွေပေးဆောင်မှုဆိုင်ရာ ထိန်းချုပ်မှု စည်းမျဉ်းများ (PCC rules) စသည်တို့ကို အသုံးပြုသည်။ ၂၀၀၇ ခုနှစ်ကမူ ဗြိတိန်တွင် သတင်းဖြန့်ချိမှုများနှင့် ပတ်သက်ပြီး ကွဲပြားစွာ သိရှိနိုင်ရန် အွန်လိုင်းသတင်းစာ၊ ရုပ်မြင်သံကြားသတင်း၊ ရုပ်သံဗွီဒီယို ဝက်ဘ်ဆိုဒ်များကို ယေဘုယျအားဖြင့် ထိန်းချုပ်သည့် ပြဋ္ဌာန်းချက်တစ်ခုအား ကျင့်သုံးခဲ့သည်။

သတင်းထောက်များသည် အင်တာနက်သတင်းစာမျက်နှာများအတွက် သတင်းဗီဒီယိုနှင့် စာသားများကို လိုရင်းတိုရှင်း ပုံစံများဖြင့် ရေးသား ရိုက်ကူးကြရသည်။ ၎င်းတို့အနေဖြင့် သတင်းများ၊ ဓာတ်ပုံနှင့် ဗီဒီယိုများကို အွန်လိုင်းတွင် မည်သည့်ပုံစံဖြင့် အလျင်အမြန်လွှင့်တင်ရမည်ကို လေ့လာကြရပြီး အင်တာနက်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် PCC rules က အထောက်အကူ ပြုပေးနိုင်ခဲ့သည်။ အချို့သော သတင်းစာများသည် သတင်းထောက်များ ရေးသားရိုက်ကူးထားသော သတင်း ဗီဒီယိုများ၊ သတင်းစာသားများအား အွန်လိုင်းတွင်သာမက ပုံနှိပ်မီဒီယာများတွင်ပါ အသုံးပြုနိုင်အောင် ပေါင်းစပ်ညှိနှိုင်းပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။




**ဖြတ်သန်းမှုပုံစံများ**

၂၀၀၆ ခုနှစ်တွင် သတင်းစာအနည်းစုသည် ဝက်ဘ်ဆိုဒ်များမှတစ်ဆင့် ငွေကြေးရှာဖွေနိုင်ရေး ကြိုးပမ်းလာခဲ့ကြသည်။ အကျိုးအမြတ် ပမာဏ ကျဆင်းလာခြင်းနှင့် နေ့စဉ်ထုတ် သတင်းစာစောင်ရေ ကျဆင်းလာခြင်းတို့ကြောင့် သတင်းရယူသုံးစွဲသူများအနေဖြင့် အခကြေးငွေ ပေးဆောင်ရန်မလိုဘဲ ဝက်ဘ်ဆိုဒ်များမှ အမြတ်ငွေရရှိရေး ဖန်တီးရန် တွန်းအားများ ဖြစ်ပေါ်စေခဲ့သည်။ Wall Street Journal နှင့် The Chronicle of Higher Education ကဲ့သို့သော ပရိသတ် အခိုင်အမာရှိထားပြီး သတင်းစာများကမူ သတင်းရယူသုံးစွဲသူများထံမှ အခကြေးငွေ ကောက်ခံရယူခြင်းပုံစံကို အောင်မြင်စွာ ထူထောင်ထားနိုင်ခဲ့သည်။ The Los Angeles Times, The Washington Post, USA Today, Mid Day ESifh The New York Times သတင်းစာများသည်လည်း အွန်လိုင်းမှ ထုတ်လွှင့်သည့် သတင်းစာပုံစံကို မဖြစ်မနေ လိုက်ပါဆောင်ရွက်ခဲ့ကြရသည်။ The Guardian သတင်းစာသည် ၂၀၀၅ ခုနှစ်မှ စတင်ပြီး အသံထုတ်လွှင့်မှုပုံစံဖြင့် သတင်းမီဒီယာကို စတင်စမ်းသပ် ဆောင်ရွက်ခဲ့သည်။ အခြားသော အွန်လိုင်းနေ့စဉ်သတင်းစာမှာ The Daily Telegraph ဖြစ်သည်။ ဩစတြေးလျတွင် ၎င်းတို့၏ ပရိသတ်များအား အွန်လိုင်းမှ သတင်းများ ဖတ်ရှုနိုင်ရန် The Australian, Sydney Morning Telegraph ကဲ့သို့သော အွန်လိုင်းဗားရှင်းအား ဖန်တီးပေးခဲ့သည်။

**အွန်လိုင်းတွင်သာ ရရှိနိုင်သည့် သတင်းစာများ**

အွန်လိုင်းတွင်သာ ရရှိနိုင်သည့် သတင်းစာဆိုသည်မှာ hard copy လုံးဝမရှိသော သတင်းစာမျိုးဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်က ဗြိတိန်တွင် စတင်ပေါ်ပေါက်လာခဲ့သော Southport Reporter အမည်ရှိ လွတ်လပ်သော web-only သတင်းစာ ဖြစ်သည်။ ၎င်းသတင်းစာသည် soft copy ဖြင့် လွှင့်တင်ဖော်ပြလေ့ရှိသည့် ဒေသတွင်း အပတ်စဉ် သတင်းစာဖြစ်သည်။ ဘလော့ဂ်နှင့် အခြားသော သတင်းဝက်ဘ်ဆိုဒ်များ ကွာခြားသည်မှာ ၎င်းသည် သတင်းစာ တစ်စောင်အဖြစ် ရပ်တည်ပြီး ဗြိတိန် အခြေစိုက် မီဒီယာအုပ်စုများ ဖြစ်ကြသော NUJ (National Union Journalists) (သို့မဟုတ်) IFJ (International Federation of Journalists) တို့၏ အသိအမှတ်ပြုခြင်းကို ခံရသည်။ အလားတူ ဗြိတိန်၏ PCC rules များတွင် အကျုံးဝင်သည်။ ၁၉၉၉ ခုနှစ်ကတည်းက အမေရိကန် ပြည်ထောင်စုတွင် ဖြန့်ချိခဲ့သည့် နယူးဂျာစီ အခြေစိုက် web-only သတင်းစာမှာ Atlantic Highlands Herald သတင်းစာဖြစ်သည်။ all Nova Scotia သည် Halifax, Nova Scotia, Scotia, Canada အခြေစိုက် အွန်လိုင်း သတင်းစာတစ်ခု ဖြစ်ပြီး တစ်ပတ် ၆ ရက်ဖြင့် စီးပွားရေးနှင့် နိုင်ငံရေး သတင်းများ ထည့်သွင်းဖော်ပြလေ့ရှိသည်။ အဆိုပါ ဝက်ဘ်ဆိုဒ်သည် Atalantic Canada တွင် ပထမဆုံး အွန်လိုင်းတွင်သာ ရရှိနိုင်သည့် သတင်းစာဖြစ်ပြီး ၂၀၀၁ ခုနှစ်က စတင်ခဲ့ခြင်း ဖြစ်သည်။

အွန်လိုင်းသတင်းစာများ၏ အကျိုးထိရောက်မှုများကြောင့် ပုံနှိပ်မီဒီယာများကပါ အွန်လိုင်းမှ ထုတ်လွှင့်ဖော်ပြသည့် ပုံစံသို့ ကူးပြောင်းလာကြသည်။ ၂၀၀၉ ခုနှစ်တွင် ပုံနှိပ်သတင်းစာများ၏ စီးပွားရေးစံနှုန်း ပြိုလဲလာခြင်းမှတစ်ဆင့် ဒေသတွင်း အွန်လိုင်း သတင်းစာများအဖြစ် ကူးပြောင်းခြင်းဆီသို့ ဦးတည်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုရှိ အစောပိုင်း ဥပမာ တစ်ခုမှာ ပုံနှိပ်သတင်းစာဖြင့် ရပ်တည်ခဲ့သော Seattle Post Intelligencer သည် ၂၀၀၉ ခုနှစ် မတ်လမှစတင်ပြီး နှစ်ပေါင်း ၁၄၉ နှစ်အကြာတွင် ပုံနှိပ်ခြင်းလုပ်ငန်းကိုရပ်ဆိုင်းခဲ့ကာ အွန်လိုင်းမီဒီယာဘက်သို့ ကူးပြောင်းခဲ့သည်။ ၂၀၁၀ ပြည့်နှစ်စကော့တလန်တွင် Caledonian Mercury သည် ပထမဆုံးသော အွန်လိုင်းသတင်းစာ ဖြစ်လာခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် CNET, TechCrunch နှင့် ZDNet ကဲ့သို့သော နည်းပညာ သတင်းဝက်ဘ်ဆိုဒ်များသည် web အခြေခံသည့် ထုတ်ဝေမှုပုံစံမျိုးဖြစ်လာပြီး သမားရိုးကျ သတင်းစာများနှင့် ယှဉ်ပြိုင်နိုင်စွမ်း ရှိလာခဲ့သည်။ အွန်လိုင်းမီဒီယာအား ကြည့်ရှုသူနှုန်း မြင့်တက်လာခြင်းကြောင့် U.S News & World Report ကဲ့သို့သော ဝါရင့်သတင်းစာများပင်လျှင် ပုံနှိပ်လုပ်ငန်းကို စွန့်လွှတ်ပြီး အွန်လိုင်းမီဒီယာကဏ္ဍကို ရွေးချယ်လုပ်ကိုင်လာခဲ့ကြသည်။

**အွန်လိုင်းသတင်းစာ အသုံးချမှု**

၂၀၁၃ ခုနှစ်တွင် The Reuters Institute သည် သတင်းစာသုံးမှုအပိုင်းနှင့် ပတ်သက်ပြီး တစ်နိုင်ငံလုံး ဆန်းစစ်လေ့လာခဲ့သည်။အွန်လိုင်းသတင်းစာ လုပ်ငန်းများနှင့် ဆက်နွှယ်သည့် သတင်းအချက်အလက်များကို စုဆောင်းခဲ့သည်။ လေ့လာသုံးသပ်ခဲ့သော နိုင်ငံများမှာ ပြင်သစ်၊ ဂျာမန်၊ ဒိန်းမတ်၊ စပိန်၊ အီတလီ၊ ဂျပန်၊ ဘရာဇီး၊ အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့ ဖြစ်သည်။ လူတို့တွင် သယ်ဆောင်ရ လွယ်ကူသည့် အီလက်ထရောနစ် ကိရိယာများ ဖြစ်သည့် tablets နှင့် စမတ်ဖုန်းတို့ ရှိလာသည့်အတွက် ဒီဂျစ်တယ် သတင်းများကို ဖတ်ရှုခွင့်ရရှိလာကြသည်။ အထူးသဖြင့် အသက် ၂၅ နှစ်မှ ၃၄ နှစ်အတွင်း အသက်အရွယ် ရှိသူများသည် ကမ္ဘာ့တစ်လွှားတွင် အသက်အရွယ်ကြီးရင့်သူများထက် ဒီဂျစ်တယ်သတင်းများကို ပိုမိုဖတ်ရှုရန် ဆန္ဒပြင်းပြလာကြသည်။ အင်တာနက်သည် အသက် ၅၀ အရွယ်များထက် ပိုမိုငယ်ရွယ်သူများအတွက် သတင်းအရင်းအမြစ် တစ်ခုဖြစ်လာကြောင်း အမေရိကန် ပြည်ထောင်စု Pew Research Centre က လေ့လာ သုံးသပ်ထားသည်။

**မျက်မှောက်ကာလ အွန်လိုင်းသတင်းစာများ**

ယနေ့ကမ္ဘာ့နိုင်ငံအများစုတွင် အွန်လိုင်းသတင်းစာများ တိုးတက်ထွန်းကားလျက်ရှိသည်။ အွန်လိုင်းသတင်းစာ အများဆုံးထုတ်လွှင့်နေသောနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး စုစုပေါင်း ၆၉၂၄ စောင်ရှိသည်။ ရုရှားနိုင်ငံတွင် အစောင် ၁၅၀၊ အိန္ဒိယတွင်၅၄၈ စောင်၊ ဘင်္ဂလားဒေ့ရှ်တွင် ၄၆၄ စောင်၊ ပါကစ္စတန်တွင် ၅၁၇ စောင်နှင့် တရုတ်တွင် ၅၈ စောင်ရှိကြောင်း http://www.onlinenewspapers.com ဝက်ဘ်ဆိုဒ်က ဖော်ပြထားသည်။ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဘရူနိုင်းတွင် ခြောက်စောင်၊ ကမ္ဘောဒီးယားတွင် ၁၁ စောင်၊ အင်ဒိုနီးရှားတွင် ၆၆ စောင်၊ လာအိုတွင် တစ်စောင်၊ မလေးရှားတွင် ၄၃ စောင်၊ မြန်မာတွင် ၁၀ စောင်၊ ဖိလစ်ပိုင်တွင် ၄၄ စောင်၊ စင်ကာပူတွင် ၁၈ စောင်၊ ထိုင်းတွင် ၄၂ စောင်၊ အရှေ့တီမောတွင် တစ်စောင်နှင့် ဗီယက်နမ်တွင် ၂၂ စောင် အွန်လိုင်းသတင်းစာထုတ်လွှင့်လျက်ရှိကြောင်း အဆိုပါ ဝက်ဘ်ဆိုဒ်က ဖော်ပြထားသည်။

**အွန်လိုင်းသတင်းစာများ၏ ကောင်းကျိုးဆိုးပြစ်များ**

အွန်လိုင်းသတင်းစာများ ပေါ်ထွန်းလာခြင်းကြောင့် ကောင်းကျိုးအနေဖြင့် သတင်းအချက်အလက်များ ကမ္ဘာတစ်ဝန်း အမြန်ဆုံးပျံ့နှံ့သွားနိုင်ခြင်း၊ ထုတ်လုပ်မှုနှင့် ဖြန့်ချိရေးကုန်ကျစရိတ် သက်သာလာခြင်း၊ သမားရိုးကျမီဒီယာများနှင့် နှိုင်းယှဉ်ပါကဈေးနှုန်းချိုသာခြင်း၊ မည်သည့်နေရာဒေသသို့မဆို သတင်းအချက်အလက်များ ရောက်ရှိနိုင်ခြင်းတို့ ဖြစ်သည်။ ဆိုးပြစ်များမှာ သတင်းစာတိုက်များအနေဖြင့် ၎င်းတို့၏ အွန်လိုင်း ထုတ်ဝေစာများကို ကြည့်ရှုရန် အခကြေးငွေကို ပေးဆောင်နေကြရခြင်း၊ သမားရိုးကျပုံနှိပ်မီဒီယာလုပ်ငန်းငယ်လေးများအနေဖြင့် မီဒီယာလောကမှ ထွက်ခွာသွားရခြင်း၊ သမားရိုးကျသတင်းစာများ ပျောက်ကွယ်သွားခြင်းတို့ဖြစ်သည်။

နည်းပညာများ လျင်မြန်စွာ တိုးတက်ထွန်းကားလာမှုနှင့် အင်တာနက်အခြေပြု လူမှုပုံစံများကြောင့် ကမ္ဘာ့နိုင်ငံအများစုသည် သတင်းအချက်အလက်များကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လာမှုများကြောင့် အွန်လိုင်းသတင်းစာများသည် ဆက်လက်တိုးပွားလာဖွယ်ရာရှိပါသည်။ ထို့အပြင် လွယ်ကူမှုနှင့် လျင်မြန်မှုကို ဦးစားပေးသော လူနေမှုပုံစံသစ်များကြောင့် အင်တာနက်မှ သတင်းအချက်အလက်ရယူသည့် ပုံစံများသည်လည်း နည်းလမ်းအဖုံဖုံ ပုံသဏ္ဌာန်မျိုးစုံဖြင့် ဆက်လက်ပေါ်ထွန်းလာနေဦးမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့ အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# GUSTO *International College*

UK မှ တိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့၊ ဒီပလိုမာ
**July Intake** အတွက်လျှောက်လွှာခေါ်ယူခြင်း

- တက္ကသိုလ်ဝင် စာမေးပွဲ (သို့) IGCSE အောင်မြင်ပြီးသူတိုင်း စတင်လျှောက်ထားနိုင်သည်။
- စာသင်ကာလ ၂နှစ်အတွင်း ဘာသာရပ် ၁၆ခုကို စာတွေ့လက်တွေ့ သင်ယူရမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ တက္ကသိုလ်များ ဆက်လက်တက်ရောက်ရာတွင် အဆင်သင့်ဖြစ်စေရန် English (4 skills) ကိုပါ သင်ယူရမည်ဖြစ်သည်။
- လက်တွေ့လုပ်ကိုင်တတ်စေရန် Assignment များတင်သွင်းရမည်ဖြစ်ပြီး အောင်မြင်ပါက UK ၏ အကြီးဆုံးပညာရေးအဖွဲ့အစည်းဖြစ်သော Edexcel မှ ချီးမြှင့်သည့် Level 5 အဆင့်ရှိ Higher National Diploma ကိုရရှိမည်ဖြစ်သည်။
- HND Diploma ရရှိပြီးပါက UK, USA, Australia, Singapore စသည့်နိုင်ငံများရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ၊ ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ နောက်ဆုံးနှစ် (၁)နှစ် တက်ရောက်ပြီး BSc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
  (နိုင်ငံတကာ တက္ကသိုလ်ကြီးများသို့ သွားရောက်သင်ယူသည့် GUSTO ကျောင်းသားတိုင်းအတွက် အထူးအခွင့်အရေး Scholarship များရရှိမည်ဖြစ်သည်။)
- ၂၀၁၆ ဇူလိုင်တန်းခွဲသစ် တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာနှင့်အတူ ဓါတ်ပုံ (၃)ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ မှတ်ပုံတင်မိတ္တူတို့နှင့်တကွ ယနေ့မှစ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

*နယ်မှ ကျောင်းသူ/ သားများအတွက် အဆောင်စီစဉ်ပေးသည်။*

(09) 862 8806, (09) 789 888 222, (01) 504632

အမှတ် (၂၈၉/အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။



YCTC
Business Institute



Earn A World Recognised
# MBA
From One of Malaysia's Top University in Myanmar

Management & Science University (MSU) Malaysia
မှတိုက်ရိုက်ပေးအပ်ချီးမြှင့်သော Program ဖြစ်သည်။

Specialisation in
- Global Marketing
- Organisational Leadership
- Health Care Management

Duration : 18 Months( Weekend Classes Only)

- August Intake
- Enroll Before 20th July to join study Tour to MSU Malaysia
- Flexible Installments

Coventry University (UK) မှ Dual MBA ရယူနိုင်ပါသည်။

အမှတ်(၂၄)၊ ယောမင်းကြီးလမ်း၊ (Park Royal Hotel)အနီး။
Tel : (09) 420 163 316, (09) 254 269 644, www.yctcinstitute.com



GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559



ဒေါ်တင်လှိုင် B.A (Eng) ဦးစီးသော
SUPER-A-ONE အင်္ဂလိပ်စကားပြော
Interview(၁)ခတ်၊ နိုင်ငံခြားသွား(၁)လအခြေခံစကားပြော(၁)လ
Tourism,Hotel,Company,Student Visa,Grammar
သဒ္ဒါအထူးသီးသန့် ☎ 511231
တိုက်(၁)အခန်း(၂၂)ပ-ထပ်၊လှည်းတန်းဈေးမီးပွိုင့်အနီး



# အတိုးနှုန်းမဲ့ ၆ လအရစ်ကျ
စုငွေလည်းတိုးအရစ်ကျလည်းဝယ်ယူနိုင်ပြီ...
SAMSUNG | KBZ BANK

0% Interest Rate

SAMSUNG Galaxy S7 edge

ဈေးနှုန်း ၈၇၅,၀၀၀ ကျပ်
လစဉ် ၁၄၅,၈၃၄ ကျပ် x ၆ ကြိမ်

SAMSUNG Galaxy S7

ဈေးနှုန်း ၇၆၅,၀၀၀ ကျပ်
လစဉ် ၁၂၇,၅၀၀ ကျပ် x ၆ ကြိမ်

SAMSUNG Galaxy Note5

ဈေးနှုန်း ၇၅၅,၀၀၀ ကျပ်
လစဉ် ၁၂၅,၈၃၃ ကျပ် x ၆ ကြိမ်

SAMSUNG Galaxy A9 Pro

ဈေးနှုန်း ၅၅၅,၀၀၀ ကျပ်
လစဉ် ၉၂,၅၀၀ ကျပ် x ၆ ကြိမ်

SAMSUNG Galaxy A7

ဈေးနှုန်း ၄၉၀,၀၀၀ ကျပ်
လစဉ် ၈၁,၆၆၇ ကျပ် x ၆ ကြိမ်

SAMSUNG Galaxy A5

ဈေးနှုန်း ၄၆၀,၀၀၀ ကျပ်
လစဉ် ၇၆,၆၆၇ ကျပ် x ၆ ကြိမ်

8.0 inch VE
SAMSUNG Galaxy Tab S2

ဈေးနှုန်း ၅၀၇,၀၀၀ ကျပ်
လစဉ် ၈၄,၅၀၀ ကျပ် x ၆ ကြိမ်

9.7 inch VE
SAMSUNG Galaxy Tab S2

ဈေးနှုန်း ၅၉၀,၀၀၀ ကျပ်
လစဉ် ၉၈,၃၃၃ ကျပ် x ၆ ကြိမ်

*ဈေးနှုန်းအပြောင်းအလဲရှိလျှင် ကြိုတင်အသိပေးသွားပါမည်။ နီးစပ်ရာဘဏ်ခွဲနှင့် Samsung Brand Shop များတွင် မေးမြန်းနိုင်သည်။ ဘဏ်မှသတ်မှတ်ထားသည့်အတိုင်း Current Account အတွက် အတိုးနှုန်းခံစားခွင့်အကျုံးဝင်ပါ။
**Terms and conditions apply
Installment ဝယ်ယူနိုင်မည့် ကမ္ဘာ့ဘဏ်တည်ရှိရာမြို့များ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ မော်လမြိုင်၊ တောင်ကြီး၊ ပုသိမ်၊ ပဲခူး၊ သရက်၊ သုံးဆယ်၊ တောင်ငူ၊ ဟသ်ာတ၊ မြောင်းမြ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ မိုးကုတ်၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ ကလော၊ လွိုင်ကော်၊ မုံရွာ၊ မြင်းခြံ၊ မကွေး၊ မင်းဘူး၊ ညောင်ဦး၊ ပြည်၊ ပခုက္ကူ၊ သထုံ၊ ဘားအံ၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ မြဝတီ၊ ထားဝယ်၊ မြိတ်၊ ရမည်းသင်း၊ အောင်လံ၊ ဘိုကလေး၊ ကလေး၊ ကျောက်ပန်းတောင်း၊ မအူပင်၊ မုံ၊ မြစ်ကြီးနား၊ သံဖြူဇရပ်၊ ဖျာပုံ။

samsungmobilemyanmar | samsungmyanmar | samsungmyanmar | samsung e commerce
Hotline 09455788301 to 09
Call Center 01 2399 888 (Mon-Sun) 8AM to 6PM

# နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးအောင်သန်းဦး + ဒေါ်အေးမြင့် (ပင်လယ်ကိုးသွယ်ကုမ္ပဏီ)တို့၏
တစ်ဦးတည်းသောသား
ဒေါက်တာမျိုးခန့်ကိုကို
M.B.,B.S(Ygn)
နှင့်
လှည်းကူးမြို့နေ
ဦးကြည်ဝင်း + ဒေါ်ခင်စန်းဝင်း တို့၏
သမီး
ဒေါက်တာစုမြတ်မောင်မောင်
M.B.,B.S(Ygn)
First Year, M.Med.Sc (Radiology)
ဆေးတက္ကသိုလ်(၂)ရန်ကုန်
တို့သည်
၁၃၇၈–ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂)ရက်
၂.၇.၂၀၁၆ စနေနေ့ တွင်
ရန်ကုန်မြို့ Sule Shangri-La Hotel ၌ နှစ်ဖက်သောမိဘများနှင့်
ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် နေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာမျိုးခန့်ကိုကို + ဒေါက်တာစုမြတ်မောင်မောင်

**ကိုရီးယားနံ့ပါတ် 1, CJ Foods Myanmar မှ**
**မော်လမြိုင် အရောင်းကိုယ်စားလှယ်ရှာဖွေခြင်း**

ဖြန့်ချိမည့်ပစ္စည်း-ပဲပိစပ်ဆီ၊ ဟင်းသီးဟင်းရွက်ဆီ

လက်ရှိ မော်လမြိုင်၌ စားသောက်ကုန်ဖြန့်ဖြူးနေသော လက်ကားဆိုင်များအား ဦးစားပေးမည်။

စိတ်ဝင်စားပါက ဖုန်း ၀၉-၇၉၃၁၇၅၇၄၆သို့ ဆက်သွယ်နိုင်ပါသည်။






















| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တန် | ဖိုး | ရှိ | လှ | လူ | ငယ် | ဘ | ဝ | မှုး | ယစ် | ကင်း | စင် | ကျန်း | မာ | မှ |

# 5TH MYANMAR PLAS PRINT PACK

မြန်မာနိုင်ငံ၏ ပလပ်စတစ်၊ပုံနှိပ်၊ကုန်ထုတ်ပိုးမှုစိုက်ပျိုးရေးနှင့်စားသောက်ကုန် အစရှိသည့်စက်မှုလုပ်ငန်းပြပွဲကြီး

ကုန်စည်ပြပွဲကိုလာရောက်ပါက ဒိုင်နှင့် တိုက်ရိုက်ဆွေးနွေးမေးမြန်းညှိနှိုင်းနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ၊
၁၅ရက်နေ့ မှ ၁၈ ရက်နေ့ထိ

MEP Myanmar Event Park
Shin Saw Pu Rd, Yangon, Myanmar

• ၁၅ ရက်နေ့ မှ ၁၇ ရက်နေ့ ၊ နံနက် ၁၀နာရီ မှ ညနေ ၄း၃၀ ထိ ။ • ၁၈ ရက်နေ့ ။ နံနက် ၁၀နာရီ မှ ၂ နာရီ ထိ။

www.myanmar-expo.com/plasprintpack myokyiphyutun25@gmail.com 01-9010753 / 01-9010754

Organizer Yorkers Trade & Marketing Service Co., Ltd
Co-Organizer Myanmar Plastics Industry Association (MPIA)
Official Supporter Republic of the Union of Myanmar Federation of Chambers of Commerce & Industry (U.M.F.C.C.I.)
MPPA Myanmar Printers & Publishers Association (MPPA)
Myanmar Food Processors and Exporters Association (MFPEA)
Event Management Chan Chao International Co., Ltd

Panasonic

လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ



- မီးခလုတ်
- ဘရေကာ
- အလှဆင်မီး
- ပလပ်ပေါက်
- လျှပ်စစ်မီးကြိုး
- မီးအားမြှင့်စက်
- Stainless Steel Conduit Pipe (EMT)
- ISOLATOR



YANDAYAR TRADING CO.,LTD
အမှတ်- ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊
၀၁-၅၀၂၃၃၃၊ ၅၀၃၂၂၆၊ ၅၁၂၆၃၁

SIES TOURISM & LANGUAGE SCHOOL
HLEDAN, KAMAYUT YANGON 09 5406533
ဒွက်အမှတ်- ၅၁ ဝင်ခွင့်လျှောက်နိုင်ပြီ
ဧည့်လမ်းညွှန်
Sec A: Sat+Sun - 2:00 to 4:00 နေရာပြည့်ပြီ
Sec B: Sat+Sun - 6:00 to 7:30pm နေရာပြည့်တော့မည်
Sec C: Wed+Thu+Fri - 4:00 to 5:30pm (22June)သင်မည်
Sec D: Mon+Tue+Wed - 6:45 to 8:15am (4July)သင်မည်
SIES Tourguide Training School

ဗိုလ်လောင်းဝင်ခွင့်သင်တန်း
ဆရာဦးကို ကိုကြီး
အမှတ် (၈၂)၊ ဘူမှာ (၅) လမ်း၊
ရှ/ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။
09-2005565, 09-30204797,
09-261728063

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING







TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

BOSS အဆင့်မြင့် ပါကေးအရောင်းစန်းမ

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။
အရောင်းခန်းမ(၁)-အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
Ph : 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381
အရောင်းခန်းမ(၂)-တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာအနီး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဥညာဒလလမ်း။
Ph : 09-5425251, 09-73225484
အရောင်းခန်းမ(၃)၊ အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရွှေဆောင်ဘဏ်အနီး၊ တာမွေမြို့နယ်၊ ရန်ကုန်။
Ph : 09-5076661, 09-5076662, 09-5076663

100% သံချေးမတက်သည့် Stainless Steel ဘလိတ်စားသွားဆူးကြိုးများကို
စော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ ဈေးနှုန်းချိုသာစွာ
ဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။
အရောင်းခန်းမ(၁) - အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်း (နှင်းဆီကုန်းကြီးကွာဆိုင်သာရေး) ဗဟန်းမြို့နယ်။
Ph : 01-545531, 01-8603141, 09-5008161
အရောင်းခန်းမ(၂) - အမှတ်(၃၆/A)၊ ပြည်လမ်း (၉)မိုင်၊ မရမ်းကုန်း။
Ph : 01-656521, 09-421024731, 09-421024741
အရောင်းခန်းမ(၃) - အမှတ် (5-6) ... (ILBC) ...
Ph: 09 5653323, 09-5103323
အရောင်းခန်းမ(၄) - ...
Ph:01-642748, 09-5069101, 09-73152381


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး

ပညာချွန်
၊ ၈ ၊ တန်း
အဌမတန်း
သင်ရိုးကုန်ဘာသာစုံ
မြန်မာ



ပညာဗိမာန်(ပညာချွန်) စာအုပ်တိုက်
အမှတ် (၂၂၈)၊ မြေညီ၊ (၃၉) လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph: 01 253 143, 09 730 29336

ဂုဏ်ထူးဦးအောင်ခိုင် သင်ကြားရေးထောက်ကူပြုစာအုပ်များ







ဖတ်ရှု၊ လေ့လာ၊ ကျက်မှတ်၊ လေ့ကျင့် ခဲ့ကြလို့ ကျွန်တော် ကျွန်မတို့
၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ ဂုဏ်ထူးရှင်များ ဖြစ်လာကြပါပြီ။
အင်္ဂလိပ်စာ ဂုဏ်ထူး ရည်မှန်းထားတဲ့ ညီငယ် ညီမငယ်များကိုလည်း
ဆရာ ဂုဏ်ထူးဦးအောင်ခိုင်ရဲ့ စာအုပ်တွေကို ဝယ်ယူ ဖတ်ရှု လေ့ကျင့်ကြဖို့
စေတနာကောင်းနဲ့ အကြံပြု တိုက်တွန်းရပါတယ်။

၂၇၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 4550 17955

imark graphic Earth
Quality Offset & Digital Printing
ဆက်သွယ်ရန် 09 2541 33695 09 450 222 100
*email : imarkgraphicearth@gmail.com
*White Card *Gold Card *Silver Card
PVC Card နေ့ချင်းပြီး အမြန်
တို့ဖြင့် *Member Card *Gift/VIP *ID Card များကို
COLOUR PRINT လိပ်စာကဒ် (၁၀၀)
အမှတ်(၁၅၆/၁၅၈) ၃၄လမ်း(အပေါ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

WIN Japanese Language School

| | | |
|---|---|---|
| Intermediate | 20-8-2016 | Sat,Sun |
| Basic | 10-9-2016 | Sat,Sun |
| Basic | 13-9-2016 | Tue~Fri |
| "ဂျပန်သံရုံး"စာမေးပွဲ အတွက်သီးသန့်သင်တန်းများ | | |
| N5 Practice | 6-9-2016 | Tue~Fri |
| N4 Practice | 7-9-2016 | Wed~Fri |
| N3 Practice | 7-9-2016 | Wed~Fri |
| N2 Practice | 7-9-2016 | Wed~Fri |
| N1 Practice | 7-9-2016 | Wed~Fri |

Tel: 294613,299493,09-780390093(နိုင်ငံခြားတိုင်း)



မဂ်ဂီစန္ဒာ
အမျိုးသမီးအပ်ချုပ်သင်တန်း
ဘာသာစုံ စနစ်တကျ တစ်ဦးချင်းစီ အထူးသင်ပေးသည်။
၁။ (က) ဘလောက်စနစ်ဖြင့် ၂၀၀+ကျော်ပုံဆန်းအမျိုးမျိုး (ခ) မြန်မာအင်္ကျီခွဲတို (ဂ) ကလေးဝတ်စုံ (ဃ) ရှပ်+ကျောင်း+ဂျိုင်း (င) ဖောက်အမျိုးမျိုး (စ) ဘောင်းဘီအမျိုးမျိုး
၂။ အိမ်အရောက်သင်တန်း ၊ ညနေသင်တန်း ၊ တနင်္ဂနွေသင်တန်း
၃။ ... Handmade၊ ...
၄။ ... ဝယ်ယူနိုင်ပါသည်။
၅။ ... စီစဉ်ပေးသည်။
- ဆိုင်အမှတ် ၁။ ... ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
- ဆိုင်အမှတ် ၂။ အမှတ်(၁၀၄/၁၁၂)၊ ... ရန်ကုန်မြို့။
- ဆိုင်အမှတ် ၃။ ...
ဖုန်း-...

# မြန်မာနေရှင်နယ်တယ်လီကွန်း ဟိုးလ်ဒင်းစ်ပတ်ဘလစ်လီမိတက်

# (Myanmar National Telecom Holdings Public Limited)

## ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူများသို့တင်ပြခြင်း

မြန်မာနေရှင်နယ်တယ်လီကွန်း ဟိုးလ်ဒင်းစ်ပတ်ဘလစ်လီမိတက် (Myanmar National Telecom Holdings Public Limited) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၂၁၀၂/၂၀၁၅-၂၀၁၆ (ရက) (၂၇-၁၀-၂၀၁၅)ဖြင့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာနေရှင်နယ်တယ်လီကွန်း ဟိုးလ်ဒင်းစ်ပတ်ဘလစ်လီမိတက်သည် နိုင်ငံတော်နှင့်နိုင်ငံသားအားလုံးအတွက် အကျိုးပြုရန်ရည်ရွယ်ချက်ဖြင့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်သွားမည်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာများကို ဆက်လက်အသိပေး ကြော်ငြာသွားမည်ဖြစ်ပါသည်။

ကုမ္ပဏီ၏ ရုံးခန်းမှာ အခန်း(၄)၊ အဆောင်(၄)၊ မြန်မာအိုင်စီတီပတ်ခ်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနေရှင်နယ်တယ်လီကွန်း ဟိုးလ်ဒင်းစ်ပတ်ဘလစ်လီမိတက်

လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု (ပထမ) အဆင့်
"မိဘမေတ္တာ"လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ
အမှတ် ၅၇၅, ဒါးပိန်လမ်း၊ ဝိုက်ကြီးဲခရွာ၊ လှည်းကူးမြို့နယ်ရှိ ... 
လှူဒါန်းနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။
Ph: 0943098659, 09799396131, 0931035940

(ကောင်းမြန်မာ)
တောင်ပိုင်း၊ ဆိပ်ကမ်း မြေကွက်ဝယ်လိုသည်။
ဖုန်း-၀၉-၄၃၁၇၃၉၇၂

အမည်ပြောင်း
အ. ထ. က(၃) ဒဂုံတောင်မြို့နယ်၊ နဝမတန်း(H)တွင်ပညာသင်ကြား နေသောဦးကျော်မင်းလွင် (၁၂/မဘန(နိုင်)၀၄၇၀၁၈)၏ သမီး မသီရိစာနှာကျော်အား မယုယမင်းလွင် ဟုပြောင်းလဲခေါ်ပါရန်။
မယုယမင်းလွင်

Scaffolding & Pipe Support
ငြမ်း၊ T တိုင် - ငှားရန်ရှိသည်
Eagle-ဆက်သွယ်ရန်ဖုန်းနံပါတ် ၀၉- ၇၈၃၈၆၆၈၆၃
၀၉-၇၉၅၅၆၆၇၃၈

## ကြော်ငြာ

**ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး**

**ဒေါ်တင်တင်အုန်း(၇၇)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၂၉-အေ)၊ ထူပါရုံ (၆)လမ်း၊ (၁)ရပ်ကွက်၊ သာကေတနေ (ဦးငွေ-ဒေါ်သဲညွန့်)တို့၏သမီးကြီး၊ (ဦးအေးမောင်)၏ ဇနီး၊ (ဦးမျိုးဆွေအောင်)-ဒေါ်တင်တင်မြင့်၊ (ဦးမောင်မောင်)-ဒေါ်လှလှ၊ (ဦးသန်းမြင့်)၊ ဒေါ်ခင်ခင်သန်းတို့၏ အစ်မကြီး၊ ဦးတင်မောင်အေး (ရေယာဉ်မှူး-ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)-ဒေါ်သန်းသန်းဆွေ၊ ဦးတင်မောင်လတ် (ရေယာဉ်မှူး-ငြိမ်း၊ မြန်မာ့ရေလုပ်ငန်း)-ဒေါ်အိအိခိုင်၊ ဦးတင်မောင်ချို၊ ဦးမြတ်လင်းသင်း(ခ)ကိုစိုင်း (Ko SAI GUITAR LIBRARY)-ဒေါ်တင်မိမိအေး (အထက-၁၊ ကမာရွတ်)၊ ဒေါ်တင်စန္ဒာအေး (NATRAY Co., Ltd.)၊ ဒေါ်တင်သီတာအေး (DIRECTOR AYAR MYANMAR Co., Ltd.)၊ ကိုရွှေပြည်စိုး (Htoo trading)၊ ကိုလှဝင်း-မခင်သူဇာဆွေတို့၏မိခင်၊ မပေမာန်ဦးမွန် (NIEC)၊ မောင်အောင်ခိုင်မင်း၊ မောင်ထက်အောင်၊ မပြည့်ဖြိုးခိုင်၊ မဆုလတ်သွယ် (ESCORT)၊ မေမီထက်ခိုင် (KBZ ဗိုလ်တထောင်)တို့၏ ဘွားဘွားကြီးသည် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၂း၁၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးတင်ဌေး(ကျောင်းဆရာ-ငြိမ်း) (၇၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ ပြည်တော်သာရပ်၊ ထီးတော်လှုပ်ဘုရားလမ်းနေ ဒေါ်အေးသန့် (ကျောင်းဆရာမ၊ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းလွင်-ဒေါ်သီတာဌေး (ပထမပုဂ္ဂလိကဘဏ်)၊ ဗိုလ်ကြီးဇော်သန်းဌေး(ငြိမ်း) အလုပ်သင်(၂၃)-ဒေါ်ကြွယ်ကြွယ်မြင့်တို့၏မွေးသဖခင် ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးတင်ဌေးသည် ၂-၇-၂၀၁၆ ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ ဦးလေးဌေး ကောင်းရာသုဂတိလားပါစေ။

**ဗိုလ်ကြီးအောင်ဆန်းထွန်း(ငြိမ်း)-ဒေါ်စောယုထွေး**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးသောင်းငွေ A.G.T.I (Civil)**

**အသက် (၅၉)နှစ်**

**သစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (၈)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ် (၁၈၁/က)နေ အသင်းဝင် ဒေါ်သန္တာအုန်း၏ ခင်ပွန်းသည် ၂၉-၆-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)**

---

**ဝမ်းနည်းကြေကွဲခြင်း**

ပဲခူးမြို့၊ သုခစံဆေးတိုက်နှင့် ကောင်းမြတ်စံရွှေဆိုင်မှ ဦးကောင်းမြတ်စံ အသက် (၅၃)နှစ်သည် ၁-၇-၂၀၁၆ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ဒေါ်မိမိငယ် (တာဝန်ခံ- Shwe F.M & Sky Net ပဲခူးရုံးခွဲနှင့် ဝန်ထမ်းများ)**

---

**လုပ်ငန်းအမှတ်တံဆိပ်အား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်**

အမှတ် (၁/၁၁)ပေဒုမ္မာကွင်း (အရှေ့ဖက်ခြမ်း)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုံးစိုက်တည်ရှိသော **S&P Foodservice Distribution ( Myanmar ) Co., Ltd.** သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ရှင်အနေဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

S & P

foodservice distribution

**မှတ်ပုံတင်အမှတ်- ၄/၄၅၂၂/၂၀၁၆**

အထက်ဖေါ်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို **အပြည်ပြည်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးအစား-၃၅** တွင်ပါဝင်သော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် လုပ်ငန်းစီမံခန့်ခွဲခြင်း၊ လုပ်ငန်းတိုးမြှင့်ဆောင်ရွက်ခြင်း၊ လုပ်ငန်းအုပ်ချုပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ရုံးလုပ်ငန်းဖွဲ့စည်းခြင်း၊ လက်လီ/လက်ကားအရောင်းဆိုင်များဖွင့်လှစ်ရောင်းချခြင်း၊ အရောင်းအဝယ်စာချုပ်များချုပ်ဆို၍ ကုန်ပစ္စည်းများကို ရောင်းဝယ်သည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဈေးကွက်သုတေသနပြုခြင်း၊ စားသုံးသူများအားလက်လီအရောင်းဆိုင်ခွဲများမှ ကုန်ပစ္စည်းများအား အလွယ်တကူ ကြည့်ရှုနိုင်ပြီး ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ ကုန်ပစ္စည်းများရွေးချယ်ခြင်း၊ ခင်းကျင်းပြသခြင်းနှင့် အရောင်းမြှင့်တင်ခြင်းများအပေါ် သတင်းအချက်အလက်နှင့် အကြံဉာဏ်များပေးခြင်း၊ ကုန်ပစ္စည်းများ၏ အကျိုးအာနိသင်များကို ရှင်းလင်းပြသပေးခြင်း၊ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊ စားသုံးသူနှင့် လက်လီအရောင်းဆိုင်များအကြား အဆင်ပြေ စေရေးအတွက် ကျွမ်းကျင်ဝန်ထမ်းများခန့်အပ်ခြင်း၊ စားသုံးသူများ အတွက်အကြံဉာဏ်များပေးခြင်း၊ ကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ လက်လီစတိုးဆိုင်များအား စီမံခန့်ခွဲခြင်းလုပ်ငန်းများ စသည့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားအား **S&P Foodservice Distribution ( Myanmar ) Co., Ltd.** ၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာ မရှိပါဘဲ အခြားမည်သူ တစ်ဦးတစ်ယောက်ကမှ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပသုံးစွဲခြင်းများကိုမပြုလုပ် ကြရန် အသိပေးကြေညာအပ်ပါသည်။

အကယ်၍ ထိုကဲ့သို့ ပြုလုပ်သုံးစွဲနေသည်များကိုတွေ့မြင်သိရှိရပါက၊ တရားမ ကြောင်းအရ သော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်းသတိပေးကြေညာအပ်ပါသည်။

**S&P Foodservice Distribution ( Myanmar ) Co., Ltd.** ၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးချစ်ဆွေ B.A (Law)., LL.B., D.B.L., D.M.L., D.I.L**

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၈)

**U Nyunt Tin Associates, Intellectual Property Law Firm**

Tel: (+959) 450059247, Email: info@untlaw.com

---

**မွေးမေသို့တမ်းတခြင်း(သို့)ပြန်လည်ဆုံဆည်းကြပါစို့**

အမေ-သမီးတို့နဲ့ခွဲခွာသွားတာ ဒီနေ့ဆို(၃)နှစ်ပြည့်ပြီနော်၊ အမေ့ကို တမ်းတလွမ်းမောဆဲပါ။ ဒီနှစ်တော့သတိရဆုံးပေါ့။ အမေ့မြေးကို အမေမြင်ချင်တဲ့အတိုင်း မင်္ဂလာဆောင်ပေးပြီးပါပြီ။ အမေဝမ်းမြောက်ဝမ်းသာရှိပါ။ အမေ့အတွက် အမြဲတမ်းကုသိုလ်တွေလည်း လုပ်ပေးနေပါတယ်။ သာဓုခေါ်ပြီးမြင့်မြတ်တဲ့ဘုံဘဝမှာအေးချမ်းစွာစံမြန်းပါ။ အမေဂုဏ်ယူရတဲ့ သမီးအဖြစ်တစ်သက်လုံးနေထိုင်သွားမှာပါ။ နောင်သံသရာရှိခဲ့လျှင် အမေနဲ့ပြန်လည်ဆုံဆည်းနိုင်ပါစေလို့ဆန္ဒပြုရင်း. .။

**ချစ်သမီး**

---

**ဝမ်းနည်းကြေကွဲကြောင်း**

**ဒေါ်တင်တင်အုန်း**

**အသက်(၇၇)နှစ်**

ဒေါ်တင်သီတာအေး Director Ayar Myanmar Co.,Ltd ၏ မိခင်ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**MD၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

**Ayar Myanmar Co., Ltd**

---

**ဝမ်းနည်းကြေကွဲကြောင်း**

**ဒေါ်တင်တင်အုန်း**

**အသက်(၇၇)နှစ်**

ဒေါ်တင်သီတာအေး Director Ayar Myanmar Co., Ltd ၏မိခင် ကွယ်လွန်သွားကြောင်း သိရှိရ၍ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**MD၊ ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

**Cherry Snow Co., Ltd မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်သီသီ Angeline**

**အသက်(၇၄)နှစ်**

သူငယ်ချင်း Leo Pedroni (Zoology) ၏ အစ်မကြီး၊ ဒေါ်ခင်သီသီ Angeline အသက်(၇၄)နှစ်သည် ၃၀-၆-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၀-၁၉၇၄ တောင်ကြီးကောလိပ်ကျောင်းသူ /သားများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးသောင်းငွေ**

**(သစ္စာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)**

**အသက်(၅၉)နှစ်**

သူငယ်ချင်း ဒေါ်သန္တာအုန်း(ညောင်လေးပင်)၏ ခင်ပွန်းသည် ၂၉-၆-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငယ်သူငယ်ချင်းများ**

**ရီရီစံ၊ မွန်မွန်စိုး၊ တင်မာဝေ၊ ဘိကျင်း၊ ချိုချိုလွင်၊ မာလာဆင့်**

---

**ဝမ်းနည်းကြေကွဲခြင်း**

**မပိုးစန္ဒာခင်**

**အသက်(၂၄)နှစ်**

Miss Myanmar World 2016 Top 5 ပြိုင်ပွဲဝင် တစ်ဦးဖြစ်သည့် မပိုးစန္ဒာခင်သည် ဇူလိုင်လ ၂ ရက်နေ့ နံနက် ၁၀း၀၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် စိတ်ထားကောင်းပြီး အမြဲပျော်ပျော်ရွှင်ရွှင် နေတတ်သော ညီမလေး ကောင်းရာသုဂတိလားပါစေလို့ Miss Myanmar World Organization မိသားစုနှင့် ပြိုင်ပွဲဝင် ညီအစ်မများမှ ဆုတောင်းပေးလိုက်သည်။

**Miss Myanmar World Organization**

**Forever Bec-Tero**

---

**အများသိစေရန်ကြေညာချက်**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၁၂၄)နေ ဦးသန်းဇော်[၁၄/ဓနဖ(နိုင်)၀၀၅၅၆၄]နှင့်အများ သိစေရန် ကြေညာချက်။

အထက်ပါပုဂ္ဂိုလ်သည် မိမိထံတွင် ၎င်းပိုင်ဆိုင်သည်ဟုဆိုသော အမှတ်(၁၂၄)၊ ဦးအောင်ဇေယျလမ်း၊ ဦးပိုင်အမှတ် ခ/၆၀၊ (ဝ. ၁၀၂)ဧကနှင့် ဏ/၆၀(ဝ. ၁၉၅)ဧက မြေကွက်နှစ်ကွက်အား လာရောက်ရောင်းချထားပါသည်။ အဆိုပါ မြေကွက်တို့၏အရောင်းအဝယ်မှာ ယနေ့ထက်တိုင်ပြီးပြတ်ခြင်းမရှိသေးပါသဖြင့် ထပ်မံရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ပါကတည်ဆဲဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ဦးအောင်မျိုးမြင့်**

**၄၂၊ ကံ့ကော်မြိုင်လမ်း၊ (၂၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**

**ဖုန်း-၀၉-၉၇၂၂၂၄၉၉၄**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အုန်းကြည် (၉၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၆၄၇)၊ အခန်း(၄/အေ)၊ (၅)မိုင်ခွဲ၊ ပြည်လမ်း၊ အင်းယားဗျူးကွန်ဒိုနေ (ဦးဘိုးမြစ်-ဒေါ်လေး)တို့၏သမီး၊ (ဦးဖေသိန်း)၏ဇနီး၊ ဦးအုံးကျော်-ဒေါ်ကြည်ကြည်သိန်း၊ ဦးတင်ဦးသိန်း-ဒေါ်တင်တင်လှိုင်(နွယ်နီ)၊ ဒေါ်ချိုချိုသိန်း၊ ဒေါက်တာကျော်လတ်-ဒေါ်မေလှသိန်း(ပြုံးပြုံး)တို့၏ မိခင်၊ ကိုဖြိုးဝေကျော် (INTERNATIONAL ORGANIZATION FOR MIGRATION)-မမြဒါလီ၊ ကိုနိုင်လင်းကျော်လတ်-မဆုမွန်၊ Krystte ခိုင်ဇင်ဦး ၊ ကိုမင်းထင်ကျော်လတ်တို့၏အဘွား၊ မယ်ထက်မြတ်သူကျော်၏ဘွားဘွားကြီးသည် ၃-၇-၂၀၁၆ ရက် နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အင်းယားဗျူးကွန်ဒို နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်အုန်းကြည် (၉၅)နှစ်**

ရန်ကုန်မြို့၊ အမှတ် (၆၄၇)၊ အခန်း(၄/အေ)၊ (၅)မိုင်ခွဲ၊ ပြည်လမ်း အင်းယားဗျူးကွန်ဒိုနေ (ဦးဘိုးမြစ်-ဒေါ်လေး)တို့၏သမီး၊ (ဦးဖေသိန်း)၏ဇနီး၊ စမ်းချောင်းမြို့နယ်၊ မဟာမြိုင်လမ်းနေ ဒေါ်ရီရီတင်(ခ)ဒေါ်ရီ၏ အစ်မ၊ ဦးမင်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်-ဒေါ်သဥ္စာဝင်းစိန်တို့၏ကြီးဒေါ်၊ မောင်ထက်ညီမ်းအောင်၊ မောင်မင်းသုတတို့၏ဘွားဘွားကြီးသည် ၃-၇-၂၀၁၆ ရက် နံနက် ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အင်းယားဗျူးကွန်ဒို နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးချစ်လှိုင်(ပဲခူး) (၈၅)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၇၅)၊ လောပိတလမ်း၊ (၃၄)ရပ်ကွက်နေ ဒေါ်ဝင်းအိ၏ ခင်ပွန်း၊ ဦးစိုးအောင်-ဒေါ်နန်းလုံ၊ ဦးအောင်မြင့်-ဒေါ်စန်းနွဲ့၊ ဦးမြင့်အောင် (ဒါရိုက်တာ၊ အာကာမြင့်မိုရ်ကုမ္ပဏီ)-ဒေါ်ကြည်မြင့်၊ ဦးအေးသိန်း (MD၊ အာကာမြင့်မိုရ်ကုမ္ပဏီ၊ အမရပူရဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်တင်နှောင်းထွေး၊ ဦးသိန်းဝင်း-ဒေါ်အုန်းနွဲ့(ပဲခူး)၊ ဦးကြည်တိုး (ဒါရိုက်တာ၊ မြန်မာရွှေသရဖူကုမ္ပဏီ)-ဒေါ်အုန်းရီ၊ ဦးကျော်မင်း-ဒေါ်ဝင်းနွဲ့တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၂၂ယောက်တို့၏အဘိုး၊ မြစ် ၁၃ယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၇-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၃း၃၀နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါက်တာဟုတ်စိန်(၇၇)နှစ်**

**စိန်ဆေးကုခန်း (တိုက်ကြီးမြို့)**

ရန်ကုန်မြို့နေ (ဦးမောင်ခင်-ဒေါ် ကျင်လှိုင်)တို့၏သားကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နေ (ဦးရွှေယုံ-ဒေါ်လှကျင်)တို့၏သားသမက်၊ ဒေါ်ယဉ်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မစမ်းစမ်းမော်၏ အစ်ကို၊ မသင်းသင်း၊ မောင်ကျော်ဆန်းလင်း(ကိုစိုင်း)-မခင် ဝါဝါကျော်၊ မောင်အောင်ချိုလင်း-မနေခြည်မြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မသန့်မွန်မွန်လင်း၊ မောင်မြတ်သူရကျော်၊ မရွှန်းလဲ့ရွှေရည်တို့၏ ချစ်လှစွာ သော အဘိုးသည် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေမိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ရဟန်း၊ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်လှ (၇၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၅၁)လမ်း၊ အမှတ် (၁၆၂)၊ မြေညီထပ်နေ (ဦးအောင်ညွန့်)၏ဇနီး၊ ဦးဝဏ္ဏ-ဒေါ်နီလာဝင်း၊ ဒေါ်စောပပညွန့်-ဦးလှဌေး (ပြောင်းဖူးပုဆိုးဆိုင်-သိမ်ကြီးဈေး)၊ ဒေါ်စောသူဇာဝင်း-ဦးနေလင်းအောင်၊ ဒေါ်စောခိုင်မာဝင်း (ထ-၂၊ ပုဇွန်တောင်)-ဦးအောင်အောင်၊ ဒေါ်စောဥမ္မာဝင်း-ဦးသန့်ဇင်တို့၏ မွေးသမိခင်၊ မဖြိုးသဒ္ဒါ၊ မောင်ထူးအောင်ခန့်၊ မောင်ထက်လျှံဌေး၊ မောင်ကျော်ဇင်ခန့်၊ မောင်ညီဇေမင်း၊ မထက်လျှံနှင်း၊ မောင်ဝန်းရံခတို့၏ အဘွား ဒေါ်ခင်လှသည် ၂-၇-၂၀၁၆ (စနေနေ့) ည ၉း၃၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကျင်လှိုင်(လှည်းကူး)**

**အသက် (၉၄)နှစ်**

လှည်းကူးမြို့၊ သင်္ဂဟလမ်း၊ အမှတ် (၁၀၆)နေ (ဦးမောင်အေး)၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ကြည်-(ဒေါ်ခင်စန်းလွင်)၊ (ဦးသိန်းမြင့်)-ဒေါ်တင်တင်ဌေး (သိန်းကမ္ဘာမုန့်ဆိုင်)၊ ဦးရှပ်ဟုတ်-ဒေါ်ခင်သန်း (ဂျက်ပဲလှော်)၊ ဦးလှစိန်-[ဒေါ်မြင့်မြင့်ရီ(စိန်မိသားစု)]၊ ဦးမောင်မောင်-ဒေါ်ခင်သန်းရီ (Star ကားပစ္စည်း)၊ ဦးဌေးမြိုင်-ဒေါ်စန်းစန်းအေး (KA7)၊ ဦးစိုးနိုင်-ဒေါ်မြစန်းလွင်၊ ဦးကံလှ-ဒေါ်ဝါဝါမြင့်တို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၃ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွား ဒေါ်ကျင်လှိုင်သည် ၃-၇-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် လှည်းကူး သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**အများသိစေရန်**

ရွှေပြည်သာမြို့နယ်၊ (၂၉/၂)ရပ်ကွက်၊ မင်းလမ်းသွယ်၊ အမှတ်(၂၆၆) ဟုခေါ်တွင်သော မြေနှင့်နေအိမ်အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကြူ[၁၂/ဥကတ(နိုင်)၀၆၈၄၀၉]က လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်မာလာထွန်းထံမှ ရောင်းချသည့်တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသဖြင့် အထက်ပါမြေနှင့် နေအိမ်အဆောက်အအုံကို အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ အခြားနည်းလွှဲပြောင်းခြင်း တစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကြူ၏လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ခင်စိုး** | **ဒေါ်အိမြတ်မွန်** |
| **B.A(Law), LL.B** | **LL.B, D.I.L** |
| **(စဉ်-၃၄၅၅)** | **(စဉ်-၈၉၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၈

## နေပြည်တော်ကောင်စီဝင် ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၈

## ဝနကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၈



မြန်မာ(ခ)အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ( ၂၁ ရာစုပင်လုံ )အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ(၂၁ ရာစုပင်လုံ) အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့က အမှာစကားများပြောကြားကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပသည့် ဖွဲ့စည်းပုံတစ်ခုလုံး၏အားသာချက်၊ အားနည်းချက်များနှင့် ညှိနှိုင်းဆွေးနွေးမည့်ပုံစံ၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများအပါအဝင် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကျင်းပသည့်ပုံစံ၏ အားသာချက်၊ အားနည်းချက်များ၊ လူမျိုးအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ ဒေသအလိုက်ကျင်းပသော အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ၊ နိုင်ငံသားအများစုနှင့်ဆိုင်သော အကြောင်းအရာ အခြေခံကိစ္စရပ်များ၊ CSO ဖိုရမ်ဆိုင်ရာကိစ္စရပ်များနှင့် ဆွေးနွေးမည့်ခေါင်းစဉ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပတ်သက်သောလုပ်ငန်းလမ်းညွှန်မှုကိစ္စရပ်များအား ဆွေးနွေးကြသည်။

ယခုဆွေးနွေးပွဲကို ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင်လည်း ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

# အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယနေ့ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များကို ယနေ့ မွန်းတည့် ၁၂ နာရီမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ မြန်မာ(က)အသင်း အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ်တက်ရောက်နိုင်ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

# ယူရိုငွေ ၅၃ ဒသမ ၀၉ သန်းတန်ဖိုးရှိ ကျောက်စိမ်းအတွဲပေါင်း ၂၁ တွဲရောင်းချ



**နေပြည်တော် ဇူလိုင် ၄**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့အထိ ဆက်လက်ကျင်းပရာ ယူရိုငွေ ၅၃ ဒသမ ၀၉ သန်းတန်ဖိုးရှိ ကျောက်စိမ်း အတွဲပေါင်း ၂၁ တွဲကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ကြောင်း ပြပွဲကျင်းပရေးကော်မတီမှ သိရသည်။

ယခင်နေ့များက ပုလဲအတွဲပေါင်း ၃၁၂ တွဲကို ယူရို ၃ ဒသမ ၁၂ သန်း၊ ကျောက်မျက်အတွဲပေါင်း ၆၃ တွဲကို ယူရို ၃ ဒသမ ၂၉ သန်း၊ ကျောက်စိမ်းအတွဲ ၃၉၀၁ တွဲကို ယူရို ၄၈၀ ဒသမ ၂၀ သန်းရောင်းချခဲ့ပြီးဖြစ်၍ စုစုပေါင်းရောင်းချရငွေမှာ ယူရို ၄၈၆ ဒသမ ၆၁ သန်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၅ ရက်တွင် ကျောက်စိမ်းအတွဲ ၆၀ နှင့် ဇူလိုင် ၆ ရက်တွင် ကျောက်စိမ်းအတွဲ ၄၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

